ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ သောကြာနေ့ (6-6-2014) (၇၈၆၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွီဒင်နိုင်ငံ ဘောဆဋ္ဌမမြောက်ဘုရင်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ်တို့ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၆

၂၀၁၄ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံ ဘောဆဋ္ဌမမြောက်ဘုရင် ကားလ်ဂပ်စ်တပ်ဖ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖရက်ဒရစ်ရိန်းဖဲ့လ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုအပါအဝင် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရန် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရမည်

လူသားအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို ထိခိုက်မှုမရှိစေရအောင် တစ်ဦးချင်း၏ အမူအကျင့်များကို အခြေခံကျကျပြောင်းလဲ

နေပြည်တော် ဇွန် ၅

“ပင်လယ်မျက်နှာပြင် မြင့်တက်လာမှုတားဆီးဖို့ လှုပ်ရှားမှုအသံတွေ မြှင့်တင်ကြစို့” ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား (World Environment Day, 2014) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရေးရာကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကို တားဆီးနိုင်ရန်အတွက် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကမ္ဘာမြေပူနွေးမှုလျှော့ချရေးဆိုင်ရာ လှုပ်ရှားမှုအသံများ တိုးမြှင့်ကြရန် ဆော်ဩထားသော အလွန်အဓိပ္ပာယ်လေးနက်သည့် Raise Your Voice,Not the Sea Level ခေါင်းစဉ်ပင်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ပထမပိုင်းတွင် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ခေါင်းစဉ်အကြောင်းကို ဆွေးနွေးပြီး ဒုတိယပိုင်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူမှုစီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းတိုင်း၌ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်းနှင့် တတိယပိုင်းတွင် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုအကျဉ်းကို ဖော်ပြပြီး နိဂုံးပိုင်းတွင် ကမ္ဘာမြေပူနွေးခြင်းကိုလျှော့ချမှု တစ်နည်းအားဖြင့် ပင်လယ်ရေမျက်နှာပြင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC-2)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းပြောကြားစဉ်(*အပေါ်ပုံ*)နှင့် အခမ်းအနားသို့ တက်ရောက်သူများအား တွေ့ရစဉ်။ (*အောက်ပုံ*) (သတင်းစဉ်)

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်မည်

အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ်လအတွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းမှာ ဇွန် ၉ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းကို ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂျပန်လူမျိုးနည်းပြ ကူမာဒါကပင် ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။ မြန်မာအသင်းမှာ လက်ရှိ စီနီယာကစားသမားများအပြင် လူသစ်ကစားသမားအချို့ကိုလည်း ရွေးချယ်သွားမည်ဖြစ်ပြီး အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် နှစ်လဝန်းကျင် အချိန်ယူပြင်ဆင်သွားမည်ဖြစ်သည်။

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းမှာ အောင်မြင်မှုအစဉ်အလာကြီးမားသည့် အသင်းဖြစ်ပြီး ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ချန်ပီယံဆု ရယူနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲ တတိယနေရာလုပွဲတွင် ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့ရသည်။

(ရှိုင်းထက်ဇော်)

ကြေးမုံစာတည်းရှုထောင့် ၆-၆-၂၀၁၄၊ သောကြာနေ့

ပင်လယ်ရေကို တားဆီးဖို့

ငယ်စဉ်ကဝိုင်းဖွဲ့ကစားခဲ့သော "ရွှေစွန်ညို" နှင့် မထွေးလေးကို အမိဖမ်းဖို့ ကြိုးစားရင်းသီဆိုခဲ့ကြသည့် လင်္ကာလေးတစ်ပိုင်းတစ်စ။ "ပင်လယ်ရေဘယ်မခန်း" ဟူသည့် နိမိတ်ပုံစကားကဲ့သို့ မျက်မှောက်ကာလတွင် ပင်လယ်ရေသည် နဂိုရှိရင်းထက်မြင့်တက်လျက်ရှိပါသည်။ ဇွန် ၅ ရက်တွင်ကျရောက်သည့် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့"တွင် "ပင်လယ်မျက်နှာပြင်မြင့်တက်လာမှု တားဆီးဖို့ လှုပ်ရှားမှုအသံတွေမြှင့်တင်ကြစို့" ဟူ၍ ကမ္ဘာ့ပြည်သူများ ဝိုင်းဝန်းဆွေးနွေးဖို့ နှိုးဆော်တိုက်တွန်းနေကြပါပြီ။

ပင်လယ်ပြင်မြင့်တက်လာရခြင်းမှာ ရေခဲပြင်၊ ရေခဲမြစ်များ အရည်ပျော်လာ၍ ဖြစ်သည်။ ပင်လယ်ပြင်အတွင်းသို့ တန်ချိန်သန်းထောင်ချီသော ရေများဝင်ရောက်လာခဲ့၍ ဖြစ်သည်။ ဤသို့ ဖြစ်ရခြင်း၏ အဓိက "လက်သည်"မှာ မြေကမ္ဘာတွင် ကာဗွန်ဓာတ်လွန်ကဲလာနေ၍ဖြစ်သည်။ အရင်းစစ်အမြစ် မြေမှာဆိုသကဲ့သို့ စက်မှုဖွံ့ဖြိုးမှု၏အကျိုးဆက် ရုပ်ကြွင်းလောင်စာများကို အလွန်အကျွံသုံးစွဲလာကြရာမှ ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် မြေကမ္ဘာကို ဖန်လုံအိမ်ပမာဖြစ်စေပြီး အပူလွန်ကဲဆိုးကျိုးဖြစ်ထွန်းလာစေခဲ့သည်။ တစ်ဖက်တွင် ထိုထိုသော ကာဗွန်များကိုဖမ်းယူစားသုံးကာ လူသားကမ္ဘာအတွက် အောက်ဆီဂျင်ထုတ်လွှတ်ပေးနေသော မိုးသစ်တောများ ပြုန်းတီးလာနေမှုကလည်းမြေကမ္ဘာအတွက် "ဘူးလေးရာဖရုံဆင့်" ဆိုသလို တစ်ပူပေါ်နှစ်ပူဆင့်အဖြစ်မျိုးနှင့် ကြုံလာရသည်။

ကာဗွန်လွန်ကဲမှုကြောင့် ကမ္ဘာ့အိုဇုန်းလွှာဟောင်းလောင်းဖြစ်လာသည်။ နေမှ ခရမ်းလွန်ရောင်ခြည်များ တိုက်ရိုက်ဝင်လာကာ ရေခဲကန္တာရအား အရည်ပျော်စေခဲ့သည်။ အကျိုးဆက်မှာ ပင်လယ်ရေမျက်နှာပြင်များ တဖြည်းဖြည်းနှင့်မြင့်တက်လာနေခြင်း။ လက်ရှိနှုန်းအတိုင်းသာ မြင့်တက်နေမည်ဆိုပါက ၂၀၈၀-၂၁၀၀ ကာလရောက်လျှင် ပင်လယ်ရေမျက်နှာပြင်သည် ၄၅ မှ ၈၂ စင်တီမီတာထိမြင့်တက်လာမည်ဟု ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဖွဲ့ကြီး (IPCC) က မှတ်ချက်ပြုသတိပေးထားသည်။

ရာသီဥတုပြောင်းလဲလာမှုကြောင့်ဖြစ်ပေါ်လာသော ပင်လယ်ရေပြင်မြင့်တက်လာမှုကို ထိထိရောက်ရောက် ကာကွယ်တားဆီးမှုမပြုလုပ်နိုင်ပါက လာမည့် ၂၀၅၀ အရောက်တွင် အရှေ့အာရှနေ ပြည်သူတစ်သန်းခန့်နေရာရွှေ့ပြောင်းရခြင်းများ ကြုံတွေ့ရဖွယ်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က သတင်းထုတ်ပြန်ပေးထားသည်။ အထူးသဖြင့် ဂျပန်ကမ်းရိုးတန်းနေပြည်သူများသည် ၂၀၅၀ ပြည့်တွင် ကုန်းတွင်းပိုင်းသို့မဖြစ်မနေပြောင်းရွှေ့ရဖွယ်ရှိသည်ဟု ဆိုထားသည်။ ပင်လယ်ရေပြင်မြင့်တက်လာနေမှုကြောင့် ကျွန်းနိုင်ငံများ၏ အနာဂတ် ရင်လေးစရာဖြစ်လာနေရပြီ။

လာမည့် ၂၁၀၀ အရောက်တွင် ဘော်စတွန်၊ နယူးယောက်၊ မီယာမီ စသောမြို့ကြီးများအပါအဝင် အမေရိကန်မြို့ကြီး ၁၇၀၀ ခန့် ပင်လယ်ရေအောက်သို့ တစ်စိတ်တစ်ဒေသရောက်သွားနိုင်ကြောင်း၊ အဆိုပါ မြို့ကြီးများအနက်မြို့ကြီး ၈၀ ခန့်မှာ လာမည့် ၁၀ နှစ်အတွင်း ပင်လယ်ရေအောက်နစ်မြုပ်သွားဖွယ်ရှိကြောင်း ရာသီဥတုဆိုင်ရာ အစီရင်ခံစာတစ်ရပ်တွင် ကိန်းဂဏန်းများဖြင့် တိတိကျကျဖော်ပြထားသည်။

လူသားတို့ဖန်တီးသော ကာဗွန်လွန်ကဲမှုဒဏ်ကို လူသားများအားလုံး မျှဝေခံစားနေကြရသည်။ မည်သူမပြုမိမိမှုဟု ဆိုရမည်လား။ အမေရိကန်ပြည်ထောင်စုသည် ၂၀၀၆ ခုနှစ်ထိ ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်အများဆုံး ထုတ်လွှတ်ခဲ့သည်။ ၂၀၀၆ နောက်ပိုင်းမှစ၍ တရုတ်နိုင်ငံက အမေရိကန်ကိုကျော်တက်ကာ ကာဗွန်ထုတ်လွှတ်မှုစံချိန်တင်ခဲ့သည်။

ကမ္ဘာကြီးပူနွေးလာနေမှုကို အဓိကဖြစ်စေသည့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ဖို့ အမျိုးမျိုးကြိုးစားနေကြသော်လည်း ထိရောက်မှုမရှိဖြစ်နေရကြောင်းကို လက်ရှိအပူလွန်ကဲမှု၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်နေမှုနှင့် ကမောက်ကမရာသီဥတုဖြစ်စဉ်ဖြစ်ရပ်များက သက်သေပြနေသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) ကလည်း မည်သို့မျှညှိနှိုင်းအဖြေရှာ၍မရနိုင်၍ အားမတန်မာန်လျှော့ကာ ကမ္ဘာသားများအားလုံးသို့ "ပင်လယ်မျက်နှာပြင်မြင့်တက်လာမှု တားဆီးဖို့ လှုပ်ရှားအသံတွေမြှင့်တင်ကြစို့"ဟူ၍ ဖော်ပြစစ်ကူတောင်းနေရသည်။

ကမ္ဘာ့လေထုထဲ ကာဗွန်ပါဝင်မှုသည် သတ်မှတ်အဆင့်သစ်ကိုကျော်လွန်သွားပြီဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)က ထုတ်ပြန်သတိပေးခဲ့သည်။ မြောက်ကမ္ဘာခြမ်းတစ်ခုလုံးတွင် လေထုထဲ လစဉ်ကာဗွန်ဓာတ်ငွေ့ပါဝင်မှုသည် ပထမဦးဆုံးအနေဖြင့် အပုံတစ်သန်းတွင် ၄၀၀ ပုံထိရှိလာခဲ့သည်။ "နောက်မျိုးဆက်သစ်တို့အတွက် ကမ္ဘာဂြိုဟ်ကို စောင့်ရှောက်လိုပါက အပူများကိုပိတ်မိစေသည့် ဓာတ်ငွေ့ထုတ်လွှတ်မှုကို အရေးပေါ်လျှော့ချရမည်ဖြစ်ကြောင်း" WMO ဥက္ကဋ္ဌက ပြောကြားထားသည်။ သို့သော် လက်တွေ့မှာဖြစ်မလာနိုင်သေးပါ။

သို့သော် သာမန်ကမ္ဘာသားအားလုံး ကာဗွန်ဓာတ်လျှော့ချဖို့လုပ်နိုင်သည့်အရာတစ်ခုရှိပါသည်။ ယင်းမှာ လူတိုင်းသစ်ပင်စိုက်ပျိုးကြပြီး သစ်တောသစ်ပင်များကို တိုးပွားလာစေခြင်းဖြစ်ပါသည်။ မိမိတို့နေသောအဝန်းအဝိုင်းကို သစ်ပင်များဖြင့်အကာအကွယ်ပြုလျက် ကာဗွန်လွန်ကဲမှုကို တားဆီးကာကွယ်ပြု၍ရနိုင်ပါသည်။ သို့ဆိုလျှင် လွန်ကဲကာဗွန်ကို သဘာဝတရားနှင့် ထိန်းချုပ်လာနိုင်ပြီး ပင်လယ်ရေမြင့်တက်လာနေမှုအရှိန်ကို ရပ်တန့်သွားစေနိုင်ပေရာ လူတိုင်းသစ်ပင်စိုက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

စိန်ပန်းခိုင်ကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်၊ စက်ရေတွင်းနှင့် သောက်သုံးရေကန်ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဇွန် ၅

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) မှကြီးမှူးဆောင်ရွက်သည့် တပ်ကုန်းမြို့နယ် စိန်ပန်းခိုင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ်၊ စက်ရေတွင်းတစ်တွင်းနှင့် သောက်သုံးရေကန်နှစ်ကန် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက် ၉ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပရာ အခမ်းအနားများသို့ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သူဇာဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျောင်းသားကျောင်းသူများထံ စာရေးကိရိယာများနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများကိုပေးအပ်သည်။

ယင်းနောက် စက်ရေတွင်းတစ်တွင်းနှင့် သောက်သုံးရေကန် နှစ်ကန်တို့ကိုလည်း အခမ်းအနားဖြင့် ဆက်လက်ဖွင့်လှစ်ပေးကြသည်။

ယနေ့ ဖွင့်လှစ်ပေးလိုက်သည့် ကျောင်းဆောင်သစ်သည် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ဦးဆောင်၍ စုစုပေါင်းငွေကျပ် ၆၆၇၂၅၈၀ အကုန်ကျခံပြီး ဖောင်ဒေးရှင်းပြုလုပ်ခြင်း၊ နံရံအချော တက်ခြင်း၊ သမံတလင်းခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ ယနေ့ဖွင့်လှစ်ပေးလိုက်သည့် စက်ရေတွင်းသည် သုံးလက်မစက်ရေတွင်းဖြစ်ပြီး အနက်ပေ ၄၆၀ ရှိ၍ တစ်နာရီ ရေဂါလန် ၇၀၀ ထွက်ရှိကာ စုစုပေါင်းငွေကျပ် ၉၄၅၇၀၀၀ ကုန်ကျခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် အခမ်းအနားများတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ရေကန်နှစ်ကန်၊ စက်တဲနှင့် စာသင်ကျောင်းဆောင်အတွက် စုစုပေါင်းငွေကျပ် ၉၁၈၃၄၇၇ အကုန်ကျခံပြီး ဆောင်ရွက်ခဲ့သည်။

စိန်ပန်းခိုင်ကျေးရွာသည် ယခင်က သောက်သုံးရေအတွက် ခပ်ချိုချောင်းမှလာသည့် မသန့်ရှင်းသောရေများ၊ ရေငန်များကိုသာ သောက်သုံးနေရပြီး ထိုသို့ ရေရှားပါးမှုကြောင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ယခုကဲ့သို့ လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၇၀ ခန့်မှာလည်း မြေကြီးပေါ်တွင်သာ ပညာသင်ကြားနေရသည့်အပြင် စာသင်ကျောင်းမှာပျက်စီးနေသည်ကိုတွေ့ရှိသဖြင့် ကျောင်းပိတ်ချိန်အပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းနှင့် အလှူရှင်များက အကောင်အထည်ဖော်ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၅

ရန်ကုန်	ရွှေဈေး	၆၄၆၃၀၀	-	၆၄၆၈၀၀
မန္တလေး	ရွှေဈေး	၆၄၆၃၀၀	-	၆၄၆၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၆၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၁၄. ၀
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၄. ၅၅
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉. ၅၄၆
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၈. ၇၉
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၃၂၀
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၁. ၂၀
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၄. ၂၉၀
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၈၉၆. ၁၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၆၈. ၃၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

အမေရိကန်ကုန်သွယ်ရေးဌာနအနေဖြင့် ရန်ကုန်မြို့၌ မကြာမီ နိုင်ငံခြားကုန်သွယ်မှု ဝန်ဆောင်မှုရုံးခွဲ ဖွင့်လှစ်မည်

ရန်ကုန်　　ဇွန်　　၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Penny Pritzker ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ အမေရိကန်ကုမ္ပဏီများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများ၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အမေရိကန်ကုန်သွယ်ရေးဌာနအနေဖြင့် ရန်ကုန်မြို့၌ မကြာမီ နိုင်ငံခြားကုန်သွယ်မှု ဝန်ဆောင်မှုရုံးခွဲ ဖွင့်လှစ်မည့်အခြေအနေ၊ စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ကုမ္ပဏီများ အကျိုးတူပူးပေါင်းဆောင်ရွက်လိုမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဆောင်သော အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Yun Byung-se အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် ကိုရီးယားနိုင်ငံက နည်းပညာနှင့် ငွေကြေးများ ကူညီပေးနေ

နေပြည်တော်　　ဇွန်　　၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Yun Byung-se ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် ကိုရီးယားနိုင်ငံက နည်းပညာနှင့် ငွေကြေးများ ကူညီပေးနေမှု၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ကူညီဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Mr. Lee Baek-Soon လည်း တက်ရောက်သည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၆-၂၀၁၄ (သောကြာနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် "နွေ၏အလွန်" (ကျော်သူ၊ မေသန်းနု၊ ခင်ဇာခြည်ကျော်)(ဒါရိုက်တာ-စင်ရော်မောင်မောင်)
၄း၁၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၃၅	ပြည်သူတို့ရဲ့စကားသံများ
၉း၀၀	ပြည်တွင်းသတင်း -ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ -Hyper Sports "အိပ်မက်ထဲကအတိုင်း" (မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်နိုင်ရေး ပညာပေးဇာတ်လမ်း) (မင်းသူ၊ ပွင့်ရတနာကျော်)

ဇွန် ၄ရက်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး လှုပ်ရှားသူများက ဂျီ-၇ ခေါင်းဆောင်များကို ကန့်ကွက်ဆန္ဒပြကြစဉ်။

ယူကရိန်းအရေး ရုရှားကို ထပ်မံအရေးယူရန်

ဂျီ-၇ ခေါင်းဆောင်များ ပြင်ဆင်ထားဟုဆို

ဘရပ်ဆဲလ် ဇွန် ၅

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဆွေးနွေးပွဲကျင်းပလျက်ရှိသည့် ထိပ်သီးစက်မှုခုနစ်နိုင်ငံ (ဂျီ-၇) ခေါင်းဆောင်များက ယူကရိန်းနိုင်ငံအရေးတွင် ရုရှားနိုင်ငံ၏ ပါဝင်ပတ်သက်မှုများနှင့် ပတ်သက်၍ ၎င်းအပေါ် ထပ်မံအရေးယူမှုများ ပြုလုပ်ရန် ပြင်ဆင်ထားကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ပူးတွဲကြေညာချက် ထုတ်ပြန်ရာတွင် မော်စကိုက ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဆက်လက်ချိုးဖောက်လျက်ရှိသဖြင့်ရှုတ်ချကြောင်းဖော်ပြထားသည်။

ခရိုင်းမီးယားဒေသကို ၎င်း၏နိုင်ငံအတွင်းသို့ သွတ်သွင်းယူခဲ့သည့်အတွက် မတ်လတွင် ရုရှားနိုင်ငံ၏ ဂျီ-၇ မှ ထုတ်ပယ်ပြီးခဲ့သည့်နောက် ပထမဆုံးအကြိမ်ကျင်းပသော ထိပ်သီးဆွေးနွေးပွဲ ဖြစ်သည်။

စောစောပိုင်းက ပိုလန်နိုင်ငံ၌ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ယူကရိန်းအရေးနှင့် ပတ်သက်၍ ရုရှားနိုင်ငံကို သတိပေးခဲ့သည်။

အိုဘားမား၏ ဥရောပသုံးနိုင်ငံခရီးစဉ်မှာ "ဒီဒေး" အကြိမ် ၇၀ မြောက်နှစ်ပတ်လည်နေ့ (သောကြာနေ့)တွင် ပြင်သစ်နိုင်ငံ၌ အဆုံးသတ်မည်ဖြစ်သည်။ ယင်းနှစ်ပတ်လည်အခမ်းအနားသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်လည်း တက်ရောက်မည်ဖြစ်သည်။

ပူတင်သည် ဘရပ်ဆဲလ်ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခြင်းမရှိသော်လည်း ပြင်သစ်နိုင်ငံ ပါရီမြို့၌ အိုဘားမားမပါဝင်သော ဂျီ-၇ ခေါင်းဆောင်အချို့နှင့် မျက်နှာချင်းဆိုင်ဆွေးနွေးမည်ဖြစ်သည်။ **ဘီဘီစီ။**

ရုရှားရင်းနှီးမြှုပ်နှံသူများအား မြောက်ကိုရီးယား မက်လုံးပေး

မော်စကို ဇွန် ၅

မြောက်ကိုရီးယားနိုင်ငံသည် ရုရှားရင်းနှီးမြှုပ်နှံသူများအတွက် ခရီးသွား လာခြင်းဆိုင်ရာ ကန့်သတ်ချက်များကို လျှော့ချပေးမည်ဖြစ်သည့်အပြင် ၎င်းတို့ တည်းခိုနေထိုင်ချိန်ကာလအတွင်း အင်တာနက်အသုံးပြုမှုကိုလည်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း ရုရှားအရှေ့ဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး အလက်ဇန္ဒာဂါလူရှကိုက ဇွန် ၅ ရက်တွင် ပြောကြားသည်။

ရုရှား ရင်းနှီးမြှုပ်နှံသူများအတွက် ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်ချက်များအား လျှော့ချပေးမည့် ဆုံးဖြတ်ချက်ကို မြောက်ကိုရီးယားနိုင်ငံက မိမိတို့အား အကြောင်းကြားခဲ့ကြောင်း ဂါလူရှကိုက ပြောကြားသည်။ ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ မြောက်ကိုရီးယားနိုင်ငံရှိ ရုရှားကုမ္ပဏီရုံးခွဲများ၌ အလုပ်လုပ်ကိုင်နေကြသူများသည် မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ အကြိမ်ကြိမ်ဝင်ရောက်နိုင်သော ဗီဇာများ လျှောက်ထားခွင့်ရှိတော့မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရောင်းဝယ်ရာတွင် ရုရှားနိုင်ငံသုံး ရူဘယ်လ်ငွေအား အသုံးပြုနိုင်မည့် သဘောတူညီချက် တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း ရုရှားသတင်းဌာနများက အစောပိုင်းတွင် ဖော်ပြခဲ့သည်။ **ပီတီအိုင်။**

မြောက်ကိုရီးယားရှိ ရှူးဖိနပ်စက်ရုံလုပ်ငန်းခွင်။

နယ်စပ်ဖြတ်ကျော်တိုက်ခိုက် ပါကစ္စတန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

ပက်ရှ်ဝါ ဇွန် ၅

အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ရှိ စစ်ဘက်ဆိုင်ရာ ကင်းစခန်းများကို တာလီဘန်စစ်သွေးကြွများက နယ်စပ်ဖြတ်ကျော် ဝင်ရောက်တိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ရာ ပါကစ္စတန်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ဇွန် ၅ရက် သတင်းတွင် ဖော်ပြသည်။

တာလီဘန်စစ်သွေးကြွများက ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း တာဂျော် မျိုးနွယ်စုများ နေထိုင်ရာဒေသနှင့် အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်နယ်စပ်ရှိ ကင်းစခန်းများကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်သည်။

လက်နက်ကိုင်စစ်သွေးကြွများစွာက ဇွန် ၄ ရက်နံနက်တွင် အာဖဂန်နစ္စတန် အရှေ့မြောက်ဘက်မှ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး မာနိုကန်ဂယ်လ်ဒေသရှိ ကင်းစခန်းကို ဝင်ရောက်တိုက်ခိုက်ကြောင်း အိပ်စပရက်စ်ထရီဗြူန်းသတင်းစာက ရေးသားဖော်ပြသည်။

မွန်းလွဲပိုင်းတွင် စစ်သွေးကြွများက ထပ်မံ၍ အာဖဂန်နစ္စတန်ဘက်မှ နယ်မြေကျော်ပြီး ထိုးဖောက်ဝင်ရောက်ကာ မိုခါးတော့ပ်ကင်းစခန်းကို ဝင်ရောက်တိုက်ခိုက်ရာမှ တစ်နေလုံး ကြိုကြားကြိုကြား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ **ဆင်ဟွာ။**

ဆိုမာလီနိုင်ငံ၌ သံအမတ်ထားရှိရန် အမေရိကန်စီစဉ်

ဝါရှင်တန် ဇွန် ၅

ဆိုမာလီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးတစ်ဦးကို မကြာမီခန့်အပ်မည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်ကြေညာလိုက်ရာ နှစ် ၂၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် သံတမန်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာမှု၏ ပြယုဂ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၅ရက်တွင် သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံ ဆက်ဆံရေးတွင် ယုံကြည်မှုပြည့်ဝလာသည့် ဆောင်ရွက်ချက်အဖြစ် ဆိုမာလီနိုင်ငံသို့ သံအမတ်ကြီးတစ်ဦးကို မကြာမီ စေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန လက်ထောက်ဝန်ကြီး ဝင်ဒီရှားမင်းက ဇွန် ၄ ရက်တွင် ပြောကြားသည်။

၂၀၁၂ ခုနှစ်တွင် လူ့အခွင့်အရေးလှုပ်ရှားသူ ဟက်ဆန်ရှိတ်မိုဟာမက် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် ဆိုမာလီနိုင်ငံအကြား ဆက်ဆံရေး ပြန်လည်နွေးထွေးလာခဲ့သည်။

ဆိုမာလီနိုင်ငံ၌ ပြည်တွင်းစစ်အဆုံးသတ်နိုင်ရေးအတွက် ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ရန် သမ္မတသစ်က ကြိုးပမ်းခဲ့သည်။

ဆက်ဆံရေးပြန်လည်ကောင်းမွန်လာမှုနှင့်အတူ အိမ်နီးချင်း ကင်ညာနိုင်ငံမှတစ်ဆင့် ဆိုမာလီနိုင်ငံသို့ အမေရိကန်သံတမန်များ လွန်းပြန်ခရီးများ သွားရောက်လျက်ရှိကြသည်။ **ပီတီအိုင်။**

နိုင်ငံတကာတရားရုံး တောင်းဆိုချက် တရုတ်ငြင်းပယ်

ပေကျင်း ဇွန် ၅

တရုတ်နိုင်ငံနှင့် ပင်လယ်ပြင်ပိုင်နက်အငြင်းပွားမှုကို သမာဓိခုံရုံးဖြင့် စီရင်ဆုံးဖြတ်ပေးပါရန် ယမန်နှစ်က ဖိလစ်ပိုင်နိုင်ငံ၏ တိုင်ကြားလာခြင်းအပေါ် ပေကျင်း၏ ရပ်တည်ချက်အား သိရှိနိုင်ရန် သည်ဟိတ်မြို့ရှိ နိုင်ငံတကာတရားရုံးမှ တောင်းဆိုခြင်းကို တရုတ်နိုင်ငံက ခြွင်းချက်မရှိ ငြင်းပယ်လိုက်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ စာမျက်နှာ ၄၀၀၀ ပါ တင်ပြချက်ကို ဒီဇင်ဘာလ ၁၅ ရက်မတိုင်မီ တုံ့ပြန်ရန် နိုင်ငံတကာ အငြင်းပွားမှုများကို ကြားနာဖျန်ဖြေပေးသည့် အမြဲတမ်းသမာဓိခုံရုံးက ပေကျင်းကို ညွှန်ကြားခဲ့သည်။

အဆိုပါကိစ္စရပ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်းလိုင်က ဗုဒ္ဓဟူးနေ့ သတင်းစာရှင်းလင်းပွဲတွင် အတည်ပြုခဲ့ပြီး တရားရုံး၏ တောင်းဆိုချက်ကို တုံ့ပြန်ရန် ပေကျင်းက ရည်ရွယ်ချက်မရှိပါဟု ပြောကြားခဲ့သည်။ ဤကဲ့သို့ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းကို တရုတ်နိုင်ငံ လက်ခံမည်မဟုတ်သည့်အပြင် ပါဝင်ဖြေရှင်းမည်မဟုတ်ကြောင်း မစ္စတာဟောင်က အတိအလင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံလုံးက တရားဝင်အသိအမှတ်ပြုထားသည့် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(ယူအင်စီအိုအက်စ်) အရ ဖိလစ်ပိုင်နိုင်ငံက တရုတ်နိုင်ငံကို တိုင်ကြားခြင်းဖြစ်သည်ဟု ဆိုသည်။ **ဝေါလ်စထရိဂျာနယ်။**

ကမ္ဘာ့ဖလားဘောလုံးပွဲကျင်းပရန် နီးကပ်လာချိန် မြေအောက်ရထားလုပ်သားများ ဆန္ဒပြမည်

ဆော်ပေါ်လို ဇွန် ၅

ဘရာဇီးနိုင်ငံ၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရန် ရက်သတ္တတစ်ပတ်မျှသာလိုတော့သည့်အချိန်တွင် မြေအောက်ရထားလုပ်သားများက ဆန္ဒပြရန် ထုတ်ပြန်ကြေညာလိုက်ကြရာ ဒေသဆိုင်ရာအာဏာပိုင်များမှာ အကျပ်အတည်းသစ်နှင့် တွေ့ကြုံကြရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့မှ မြေအောက်ရထားလုပ်သားများသည် လုပ်ခလစာတိုးပေးရေးကိစ္စနှင့် ပတ်သက်၍ သပိတ်တိုက်ပွဲဆင်နွှဲမည်ဟု ဇွန် ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြသည်။

ပြည်နယ်အစိုးရအဖွဲ့က လုပ်ခလစာ တိုးပေးရေး ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး အစိုးရဘက်မှ နောက်ဆုံး ကမ်းလှမ်းချက်ကို မြေအောက်ရထား အလုပ်သမားများက ပယ်ချခဲ့ကြသည်။ ဇွန် ၅ ရက် ညသန်းခေါင်ယံမှ စတင်၍ စတင်ဆန္ဒပြမည်ဖြစ်ပြီး ဆန္ဒပြမှုများကို အကန့်အသတ်ဖြင့် ပြုလုပ်မည်မဟုတ်ကြောင်း အလုပ်သမား ခေါင်းဆောင်များက ပြောကြားကြသည်။

လူဦးရေ သန်း ၂၀ နေထိုင်ရာ ဆော်ပိုပေါ်လိုမြို့၌ ဘတ်စကားလုပ်သားများက နှစ်ရက်ကြာမျှ ဆန္ဒပြခဲ့ကြပြီး ဆယ်လ်ဗာဒိုနှင့် ရီယိုဒီဂျနေးရိုးမြို့ကြီးများတွင် အလားတူ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

ဘရာဇီးနိုင်ငံ၌ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပခြင်းကို ကန့်ကွက်သည့် ဆန္ဒပြပွဲများလည်း ဖြစ်ပွားခဲ့သည်။ အစိုးရတာဝန်ရှိသူများက အဂတိလိုက်စားမှုရှိနေပြီး ပြည်သူများ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ကိုင်ပေးခြင်းမရှိဟု နိုင်ငံရေး လှုပ်ရှားသူများက ပြောကြားကြသည်။ **ရိုက်တာ။**

ဘရာဇီးနိုင်ငံ၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပခြင်းကို ကန့်ကွက်ဆန္ဒပြကြစဉ်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စပန်နီပရက်စ်ကာ ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သောင်း၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရှိလာရန် လိုအပ်၍ ယင်းကိစ္စအတွက် အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Yun Byung-se ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးခင်မောင်စိုး၊ ဦးညီထွန်းနှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Baek Soon တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၆

၂၀၁၄ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကားလ်ဘော့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ယူနန်ပြည်နယ်အစိုးရအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဇွန် ၄ရက် ညနေ ၅နာရီတွင် ကူမင်းမြို့ Intercontinental Hotel Chambord ခန်းမ၌ ယူနန်ပြည်နယ်အစိုးရအုပ်ချုပ်ရေးမှူး Mr. Li Ji heng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ တရားမဝင်ကုန်သွယ်မှုများ ပပျောက်ပြီး တရားဝင်လမ်းကြောင်းမှ ကုန်သွယ်မှုပိုမိုမြင့်တင်နိုင်ရေး၊ စိုက်ပျိုးရေးအခြေခံသော ကုန်သွယ်စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး ထွက်ကုန်များ တင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့်ပြုရေး၊ AQSIQ ကိစ္စရပ်အား နှစ်ဖက်အပြန်အလှန် အကောင်အထည်ဖော်နိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

the 2nd education & career 2014
ဒုတိယအကြိမ်ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၄
Tone Plus
တပ်မတော်ခန်းမ
ဇွန်လ ၂၀မှ ၂၂ရက်၊ ၂၀၁၄ခုနှစ်

တကယ်ဖြစ်ချင်ရင် တကယ်လုပ်ကြပါ

နန္ဒာမောင်

ပညာရေးဝန်ထမ်းတစ်ဦးဖြစ်ခဲ့သူ စာရေးသူအနေဖြင့် ယခု နိုင်ငံတော်အစိုးရလက်ထက်တွင် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ပညာရေးဝန်ကြီးဌာနသာမက အခြားဆက်စပ်အဖွဲ့အစည်းအသီးသီး၊ ဝါရင့်ပညာရေးဆိုင်ရာကျွမ်းကျင်သူများ၊ Stakeholders ဟုပြောကြသော ပညာရေးကဏ္ဍတွင် ပါဝင်ပတ်သက်နေသူများ အားတက်သရော အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းမှုများ နေရာအသီးသီး၊ အလွှာအသီးသီးတွင် ကျင်းပနေမှုများအပေါ်၊ တက်ကြွစွာဆောင်ရွက်နေမှုများအပေါ် ဝမ်းသာစွာကြိုဆိုမိပါသည်။

ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်အစိုးရက ပွင့်လင်းမြင်သာစွာ တစ်ဆင့်ပြီးတစ်ဆင့် ကဏ္ဍနယ်ပယ်အသီးသီးတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြိုးစား အကောင်အထည်ဖော်ဆောင်နေခြင်းအပေါ် ပြည်သူတစ်ဦးအနေဖြင့်လည်း လေးစားစွာဂုဏ်ယူမိပါသည်။

Reform ဟု ဆိုကတည်းက ရှိနှင့်ပြီး ကျင့်သုံးနေဆဲ၊ သမားရိုးကျလုပ်ကိုင်နေမှုများမှ ဖောက်ထွက်ကာ အားနည်းချက်များကို သုံးသပ်ပြီး အကျင့်၊ အလေ့အထတို့ကိုပါ ပြုပြင်ပြောင်းလဲရန်ဟူ၍ နားလည်သဘောပေါက်ပါသည်။

နိုင်ငံတကာပညာရေးစနစ်ကို လေ့လာကြည့်ပါက ယခင်လက်ခံထားကြသော သင်ကြားရေးစနစ်ပုံစံသည် သမားရိုးကျ ဘယ်သူလဲ၊ ဘာကြောင့်လဲ၊ ဘယ်အရာလဲ၊ ဘယ်နေရာမှာလဲ၊ ဘယ်အချိန်ကလဲ စသည့် မေးခွန်းများကို ဖြေကြားသည့် နည်းစနစ်သာဖြစ်ပြီး စနစ်တကျသီအိုရီကို လေ့လာကာ ကျိုးကြောင်းပြမေးမြန်းသော **အဘယ့်ကြောင့်နည်းနှင့် မည်သည့်အရာနည်း** တို့ကို ဖြေကြားနိုင်စွမ်းမရှိကြောင်း ပညာရှင်တို့က သုံးသပ်ကြသည်။

ပညာရေးသည် ယေဘုယျအားဖြင့် **မျိုးဆက်တစ်ခု တစ်ခုသို့ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ သုတေသနပြုခြင်းတို့မှသည် ဗဟုသုတအတွက်၊ ကျွမ်းကျင်မှုအတွက်၊ အလေ့အထအတွက် သင်ယူခြင်းပုံစံမျိုး** ဖြစ်ပေရာ နိုင်ငံများ၌ ပြုပြင်ပြောင်းလဲမှုပြုလုပ်ကြရာတွင် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ပို၍ဦးစားပေးလုပ်ဆောင်လေ့ရှိသည်ကို နိုင်ငံတကာ မှတ်တမ်းများအရတွေ့ရှိရပေသည်။

ယခုအခါ ခေတ်မီဖွံ့ဖြိုးသောနိုင်ငံများတွင် ပညာရေးကို accountability - responsibility ဟူသော စံပေတံများနှင့် တိုင်းတာလာကြသည်။ ထို့အပြင် Education Management Information System စနစ်ကိုလည်း နိုင်ငံအတော်များများက ကျင့်သုံးနေကြသည်။ ကျောင်းသားများ၏ အောင်မြင်ဖြစ်ထွန်းမှုနှင့်အတူ ကမ္ဘာတစ်လွှားရှိ ပညာရေးစနစ် ပုံစံတို့ကို ချိန်ထိုးယှဉ်ကြည့်လာနေကြပြီ ဖြစ်သည်။ သတင်းအချက်အလက်များ လုံလောက်စွာ ဖြန့်ဖြူးပေးကာ ရွေးချယ်နိုင်မှု၊ ပါဝင်ဆောင်ရွက်နိုင်မှု၊ ထုတ်ဖော်ဖွင့်ဟမှုတို့သည် ၂၁ ရာစုနှစ်၏ accountability ဟူသော တာဝန်ခံမှုကို ပြသနိုင်သော၊ ပညာရေးဆိုင်ရာဆောင်ရွက်ပေးနေကြသော လမ်းကြောင်းများပင်တည်း။

ပညာရေး စနစ်မြှင့်တင်ပေးရန်ဟုဆိုရာတွင် အရေအတွက်ပညာရေးမျိုး (ဥပမာ- ကျောင်းနေကာလတိုးမြှင့်ခြင်းမျိုး၊ ကျောင်းအပ်နှံမှုမြင့်မားတိုးတက်လာမှုမျိုးမဆိုလိုပါ) မဟုတ်ဘဲ **စာတတ်မှုနှုန်း၊ ကိန်းဂဏန်းဆိုင်ရာနှင့် အခြားသိမြင်တတ်စွမ်းသောစွမ်းရည် မြင့်မားလာမှုများ မြင့်မားလာရန်ကို ဆိုလိုပါသည်။**

မိမိနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသော ပညာရေးစနစ်နှင့်ပတ်သက်၍ သုတေသီများစွာက နိုင်ငံများစွာတွင် အချက်အလက်များကိုနမူနာကောက်ခံကာ စံပြုနိုင်သောစစ်ဆေးမှုများ benchmark tests နှင့်စစ်ဆေး၍ကျောင်းသားပျမ်းမျှ ကျောင်းတက်ရောက်မှုအဆင့်နှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အကြား အပြန်အလှန်ဆက်စပ်မှုရှိ၊ မရှိကို သုတေသနပြုခဲ့ကြသည်။ တွေ့ရှိချက်များအရ ကွဲပြားသော သိမြင်တတ်စွမ်းသောစွမ်းရည်များ(Cognitive Skills) ပျမ်းမျှသည် တစ်ဦးချင်း ဝင်ငွေတိုးတက်မှု(per capita income growth) နှင့် အမြဲတမ်း အပြန်အလှန်ဆက်စပ်မှုမြင့်မားစွာရှိနေသည်ကို တွေ့ရှိကြကြောင်း ဖော်ပြကြပါသည်။

အလယ်အလတ်နှင့် ဝင်ငွေရနည်းပါးသောနိုင်ငံများတွင် အနှစ် ၂၀ ခန့် သုတေသနပြုစုချက်မှရရှိသော အသုံးများပြီး တာဝန်ခံမှုကို ပြသနိုင် သည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းဗျူဟာများအနက် အသုံးများသော အောက်ပါ နည်းဗျူဟာ(၃)ခုကို ကောက်နုတ်ဖော်ပြလိုပါသည်-

(က) တာဝန်ခံမှုကို ပြသနိုင်သည့်သတင်းအချက်အလက်
(Information for accountability)

(ခ) ကျောင်းကိုအခြေခံပြုသော စီမံခန့်ခွဲမှု
(School –based Management)

(ဂ) ဆရာများအတွက် မက်လုံးများ
(Teacher Incentives)

အဆိုပါ အချက်များအနက် ဆရာများအတွက် မက်လုံးများနှင့်ပတ်သက်၍ တွေ့ရှိချက်ကို အထူးဖော်ပြလိုပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပညာရေးအခြေအနေကျရှုံးရခြင်းကို ဆန်းစစ်လေ့လာပါက ဆရာများ စာသင်ခန်းတွင်း ထိရောက်သော စာသင်ကြားမှုမရှိခြင်း၏အကြောင်းရင်းသည် ဆရာများအတွက် လုံလောက်သော မက်လုံးမပေးနိုင်ခြင်းဟူသောအချက်က အခိုင်အမာ ထောက်ပြနေပါသည်။ ပညာရေးစနစ်ပုံစံများစွာထဲတွင် စာသင်ကြားမှုကောင်းစွာဆောင်ရွက်ပေးခြင်းနှင့် ဆုချီးမြှင့်ခြင်းတို့ကို ဆရာများအတွက် ဆောင်ရွက်ရာတွင် **ဆရာများ၏ ထူးခြားစွာ ကြိုးပမ်းအားထုတ်မှု၊ တီထွင်ကြံဆမှုနှင့် ကောင်းသောရလဒ်များရရှိမှုတို့ကိုမူ ဆုချီးမြှင့်မှုမရှိခြင်းနှင့် ရလဒ်မကောင်းခြင်းများအတွက် အပြစ်ပေးခြင်းမျိုးလည်း မတွေ့ရပေ။**

ထို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းတို့က ဆရာများနှင့်ဆိုင်သော ပြုပြင်ပြောင်းလဲရေးမူ (၂)ချက်ကို စမ်းသပ်ကာ သင်ကြားရေးမြှင့်တင်ဆောင်ရွက်ရန် ကြိုးပမ်းနေကြကြောင်း ဖတ်ရှုရပါသည်။ အဆိုပါ ဆရာများ၏ စာသင်ကြားရေးဆောင်ရွက်ရာတွင် တာဝန်ခံမှုတိုးတက်ခိုင်မာလာစေရန် အောက်ပါ ပြုပြင်ပြောင်းလဲရေးမူများကို ဖော်ပြထားပါသည်-

(၁) သဘောတူ စာချုပ်ငှားရမ်းစနစ်

(၂) စွမ်းဆောင်မှုအတွက် ချီးမြှင့်သည့်စနစ်

အဆိုပါ ပြုပြင်ပြောင်းလဲရေးမူတို့ကို စီမံခန့်ခွဲမှုကျစ်လျစ်စွာဖြင့် ပညာရေးပေါ်လစီချမှတ်သူများနှင့် ပံ့ပိုးသူများအကြား တိကျသော မျှော်မှန်းရလဒ်များ ချမှတ်ကာ ပြတ်သားသော ချီးမြှင့်မှုများနှင့် အရေးယူမှုများကိုပါ ပြုလုပ်နိုင်ပေသည်။

ကျောင်းသားများ သင်ယူမှုရလဒ်များ ပိုမိုကောင်းမွန် တိုးတက်လာရေးအတွက်ဆိုပါက မည်သည့်အရပ်ဒေသတွင်ရှိသည့် မည်သည့်စာသင်ကျောင်းများတွင်မဆို နည်းဗျူဟာမျိုးစုံကိုသုံးကာ ဆောင်ရွက်ကြရန်လိုပေသည်။ ထိုအထဲမှ တချို့ကို ထုတ်နုတ်ပြရသော် ဆရာများကို လေ့ကျင့်သင်တန်းပေးခြင်း၊ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲခြင်း၊ ပြဋ္ဌာန်းစာအုပ်များ၊ ဖတ်စာအုပ်များ ထုတ်ပေးခြင်း၊ ကျောင်းများတွင် နေ့လယ်စာ စီစဉ်ပေးခြင်း၊ စာကြည့်တိုက်များနှင့် လိုအပ်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း စသည်တို့ပါဝင်ပေသည်။

အရည်အသွေးပြည့်ဝ၍ တက်ကြွပြီး ထိရောက်စွာ သင်ကြားနိုင်သည့် ဆရာများတွင် အသိအမှတ်ပြုခြင်းနှင့် သိက္ခာရှိမှု၊ အပိုဆုကြေးရရှိမှု၊ လစာခြားနားမှုများရရှိမှု၊ အလုပ်အကိုင်တည်မြဲမှု၊ ပင်စင်နှင့်အကျိုးအမြတ် ခံစားရမှု၊ ပညာရှင်ဘဝဖြင့်ရှင်သန်မှု၊ လုံလောက်သောအခြေခံအဆောက်အအုံနှင့် သင်ကြားမှုအထောက်အကူများပံ့ပိုးရရှိမှု၊ ထူးချွန်ပိုင်နိုင်စွာ တတ်ကျွမ်းမှု၊ လုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်ရသူများကို တုံ့ပြန်နိုင်မှု၊ စိတ်ဓာတ်ကောင်းစွာဖြင့် တက်ကြွစွာဆောင်ရွက်တတ်မှု စသည်တို့ လိုအပ်ကြောင်းကို သုတေသီတို့က ဖော်ထုတ်လာကြသည်။

မည်သို့ပင် ဆိုစေကာမူ လူတို့၏သဘောသဘာဝအရ မိဘတိုင်းသည် မိမိတို့၏သားသမီးများကို အကောင်းဆုံးစာသင်ကျောင်း၊ အကောင်းဆုံးဆိုသော ဆရာများနှင့်သာသင်ယူစေလို၊ တတ်စေလိုကြသည်။ လိုသည်ထက်ပို၍ လုပ်နိုင်တတ်နိုင်သူများက ပို၍ပို၍လုပ်ကြသည်။ လူကိုလူချင်းပင် ဖျက်ဆီးကြခြင်းပင်ဖြစ်သည်။ ပုံမှန်ထက်ပို၍ လုပ်ကြခြင်းဖြင့် မူမမှန်များဖြစ်လာကြသည်။ မူမမှန်မှုများ၍ လူမမှန်မှုများလာကြရသည်။ ဆရာများလောကတွင် စေတနာကောင်းသောဆရာပင် မကျန်လောက်အောင် ကျူရှင်ဝါးလုံးရှည်ဖြင့် ရမ်းကြသည်။ မူလတန်းမှသည် တက္ကသိုလ်တိုင်အောင် ပြေးမလွတ်နိုင်အောင် ဖန်တီးသူများ ဖြစ်လာကြသည်။ အခကြေးငွေယူ၍ သင်သောဆရာများကို မလေးမခန့်ဖြစ်ကုန်ကြသည်။ မကောင်းသူများလာ၍ အကျင့်ကောင်းသော၊ စာသင်ကောင်းသော၊ စေတနာကောင်းသောဆရာတို့သည်ပင်လျှင် အသပြာဆရာ၊ ကျူရှင်ဆရာဟူသော အမည်နာမအောက်သို့ သက်ဆင်းကုန်ကြသည်။ မြို့ကြီးများတွင်လား၊ မဟုတ်ပါ။ မြို့လတ်၊ မြို့ငယ်လေးများသို့ပါ တောမီးပမာပျံ့နှံ့ခဲ့ကြသည်။ ဆရာအတော်များများတွင် ကိုယ်ပိုင်စာသင်ဝိုင်း၊ ကိုယ်ပိုင်ဘော်ဒါများ တည်ထောင်လာကြသည်။ ကျောင်းအုပ်ကြီးတွေကလည်း မသိကျိုးကျွံပြု၊ တီအီးအိုတွေကလည်း မမြင်ချင်ယောင်ဆောင်၊ နယ်လှည့်စစ်ဆေးသူတွေကလည်း မကြား၊ ကျောင်းစာသင်ခန်းများက တိတ်ဆိတ်၍ ကျူရှင်ဝိုင်းများက စည်ညံနေတော့သည်။ (အလုပ်ကထွက်၍ သီးသန့်စာသင်ဝိုင်း သင်ကြားနေသူများ၊ မူလကတည်းက ပြင်ပကျောင်း ထူထောင်နေကြသူများကို မဆိုလိုပါ)

ဆရာဟူသော အလုပ်သည် အူမ မတောင့်လည်း သီလစောင့်အပ်ပါသည် ဟု ရှေးဆရာကြီးများ ပြောလေ့ရှိကြပါသည်။ ပညာခေတ်ဟု ဆိုကြသော ယခုအချိန်အခါတွင် ကျောင်းများတွင် အတတ်ပညာသာမက အတွေးအခေါ် အလေ့အကျင့်များပါ သင်ကြားပေးဖို့နေနေသာသာ သင်ခန်းစာများ ကောင်းမွန်စွာမသင်ခြင်း၊ တတ်မြောက်အောင်လေ့ကျင့်မပေးခြင်း၊ မြန်မာစာကို မြတ်နိုးစေရန် မသင်ပေးခြင်း၊ မိမိတို့ နိုင်ငံသမိုင်းကို သိရှိနားလည်စေရန် မသင်ကြားခြင်းတို့ကို ရင်နင့်ဖွယ်တွေ့ရှိရပေသည်။ စနစ်ကိုအပြစ်ချ၊ အုပ်ချုပ်သူများကို ရှုတ်ချ၊ ပညာရေးမူဝါဒအကောင်းမမြင်တို့ကိုသာ တွင်တွင်ပြောကြပါသည်။ တက္ကသိုလ်များတွင် ဘာသာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် မဆွေးနွေးနိုင်သူ ဆရာများသည် ပို့ချချက်စာရွက်များထုတ်ဝေခြင်း၊ Lecture Notes မျဉ်းသား၍ မှတ်စေခြင်း၊ ဘာသာပြန်ပေး၍ သင်ကြားကာ သဘောတရားကိုမူ ကောင်းစွာမရှင်းလင်းခြင်း၊ ကောက်နုတ်ရွေးချယ်ကျက်မှတ်စေခြင်းတို့ကိုသာ တွင်တွင်ဆောင်ရွက်ကာ spot ပေးသောဆရာအဖြစ်သာ ခံယူလာကြပြီး ကျောင်းသားအများစုကလည်း အလွယ်ကြိုက်ဖြတ်လမ်းလိုက်ရသည်ကို အကြိုက်ပိုတွေ့လာကြသည်။ တက္ကသိုလ်စာကြည့်တိုက်များသည်ဘွဲ့ရရှိကြကုန်သော ကျောင်းသားအဆက်ဆက်တို့ လာရောက်ခြင်း၊ လေ့လာဆည်းပူးခြင်းမပြုအပ်သောနေရာအလား အထီးကျန်စွာ ရှိကြသော အဆောက်အအုံတစ်ခုပင်ဖြစ်နေတော့သည်။

စာသင်ကျောင်းများ၊ တက္ကသိုလ်များတွင် သင်ကြားရေးကို တာဝန်ယူနေကြသူများ အမှန်တကယ်တတ်မြောက်ခြင်းရှိ၊ မရှိ၊ မိမိလုပ်ငန်းအပေါ် စိတ်ဝင်စားမှုရှိ၊ မရှိတို့ကို ဆန်းစစ်အဖြေရှာကြဖို့လိုပါပြီ။ **ကျောင်းသားများကို တကယ်တတ်အောင် သင်ကြားပေးနိုင်ဖို့ လိုအပ်ပါပြီ။**

အရည်အချင်းမီသော ဆရာများကိုသာ ခန့်ထားခြင်း၊ သင်ကြားရေးဆိုင်ရာ အထောက်အကူပြု မွမ်းမံသင်တန်းများ စနစ်တကျ သင်ကြားပေးဖို့လိုပါပြီ။ ဆရာများ တတ်မြောက်မှုကျွမ်းကျင်မှုရှိရန် လိုအပ်လှပါသည်။ မိမိတို့ နိုင်ငံဖြတ်သန်းလာခဲ့ရသော ခေတ်အဆက်ဆက်တွင် နိုင်ငံခြားပြန်မဟုတ်သော ဆရာကြီး၊ ဆရာမကြီးများသည် သူတို့၏ ရင်နှင့်အမျှ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ အနစ်နာတို့ဖြင့် သင်ကြားပေးခဲ့ကြ၍ မည်သည့်ကျူရှင်၊ မည်သည့်ဝိုင်းမျှမလိုဘဲ၊ မိမိတို့၏ ဘိုးဘွား၊ မိဘများ စာကောင်းစွာတတ်မြောက်ခဲ့ကြပါသည်။ အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့သော အချိန်တွင်ပင် မြန်မာစာအဆင့်အတန်းနိမ့်ကျခြင်း မရှိခဲ့ပါ။ ဆရာများက ကောင်းမွန်စွာ သင်ကြားပေးနိုင်ခဲ့ကြ၍ မိမိတို့လူတစ်လုံးသူတစ်လုံးဖြစ်ခဲ့ကြပါသည်။

ဤသည်တို့ကို ထောက်ထား၍ အပြစ်ပုံချနေကြမည့်အစား စာတကယ်တတ်အောင် သင်နိုင်သူများများ လေ့ကျင့်မွေးထုတ်ရေးမှာ **တကယ်လုပ်ရင် တကယ်ဖြစ်မှာပါ**ဟု တိုက်တွန်းလိုက်ရပါသည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

အလုပ်ခွင်သို့ ဝင်ရောက်ခွင့်မရှိသေးသည့် ဘွဲ့ရဆရာဝန်များ လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရန် စီစဉ်လျက်ရှိ

နေပြည်တော် ဇွန် ၅

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ယနေ့ ကျင်းပသည့် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့၌ တင်သွင်းရာ လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ဥပဒေကြမ်းအပေါ် လေ့လာတွေ့ရှိချက်များကို ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်က ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၅၂ခုနှစ် အက်ဥပဒေအမှတ်(၃၅)ဖြင့် ပြဋ္ဌာန်းခဲ့သည့် "ပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ"ကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိသဖြင့် ၎င်းဥပဒေကို ရုပ်သိမ်း၍ Corporatization အသွင်ပြောင်းလဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး "ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်း"ကို လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်က ဖာပွန်မြို့ရှိ အန္တရာယ်ရှိသော အားကစားရုံကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ **သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း**က ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဖာပွန်မြို့နယ် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးအားကစားကွင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ဘတ်ဂျက်ငွေကျပ်သန်း ၉၀ ဖြင့် လည်းကောင်း၊ အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ဘတ်ဂျက်ငွေကျပ်သန်း ၃၀၀ ဖြင့် လည်းကောင်း လျာထားဆောင်ရွက်ထားပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ဆရာဝန်ဘွဲ့ရ ကျောင်းသား ကျောင်းသူများကို အရည်အချင်းစစ် စာမေးပွဲဖြင့် ရွေးချယ်ခန့်အပ်ခြင်းမပြုဘဲ ဘွဲ့ရအမှတ်စဉ်အလိုက် အလုပ်ခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ လွန်ခဲ့သော (၁၀)နှစ်မှ နှစ်အလိုက် ဆေးပညာဘွဲ့ရဦးရေနှင့် အလုပ်ခန့်နိုင်မှုဦးရေ၊ ယခုအချိန်တွင် အလုပ်ခွင်သို့ဝင်ရောက်ခွင့်မရသေးသည့်ဦးရေနှင့် နောင်တွင်ဘွဲ့ရလာမည့် ဆရာဝန်များလုပ်ငန်းခွင်သို့ အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်နိုင်ရေးအတွက် မည်သို့စီမံချက်များချမှတ်ထားသည်ကို သိရှိလိုကြောင်းမေးမြန်းရာ **ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသန်းအောင်**က ဆေးသိပ္ပံဦးစီးဌာနအနေဖြင့် ဆရာဝန်ဘွဲ့ရ ကျောင်းသား/ ကျောင်းသူများကို အရည်အချင်းစစ်စာမေးပွဲဖြင့် ရွေးချယ်ခန့်အပ်ခြင်းမပြုဘဲ ဘွဲ့ရနံပါတ်စဉ် (စီးရီး)အလိုက် အလုပ်ခန့်အပ်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇(က)အရ

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်။

ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်သည့် စတင်ခန့်ရာထူးအဆင့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသည့် ဝန်ထမ်းများကို ခန့်ထားရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဦးစီးဌာန၏ လက်ထောက်ဆရာဝန်ရာထူးအင်အားတွင် ခွင့်ပြု ၇၉၀၈ ဦး၌ ခန့်ထား ၅၄၀၂ ဦးဖြစ်ပြီး လစ်လပ်အင်အားမှာ ၂၅၀၆ ဦးဖြစ်ပါကြောင်း၊ ၂၀၁၄ခုနှစ် ဇွန်လ နောက်ဆုံးအပတ်တွင် သစ်လွင်လက်ထောက်ဆရာဝန် ၁၁၆၄ ဦး ခန့်အပ်မည်ဖြစ်ပြီး သွားဘက်ဆိုင်ရာဆရာဝန်များကိုလည်း ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လစ်လပ်လျက်ရှိသည့် လက်ထောက်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန် ရာထူးနေရာများအပြင် ပြန့်တီးအင်အား (အငြိမ်းစား၊ နုတ်ထွက်၊ ကွယ်လွန်)နေရာများအတွက်လည်း နှစ်စဉ်ဖြည့်ဆည်းခန့်ထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အလုပ်ခွင်သို့ ဝင်ရောက်ခွင့်မရှိသေးသည့် ဘွဲ့ရဆရာဝန်များ လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရန် ဆေးသိပ္ပံပညာဦးစီးဌာနအနေဖြင့် တိုးချဲ့ဖွဲ့စည်းပုံအသစ်အရ ဖြည့်တင်းနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်က ADSL အင်တာနက်သုံးစွဲသူများအတွက် လစဉ် ကျသင့်ငွေများကို တယ်လီဖုန်းခေါ်ဆိုခများကဲ့သို့ပြောင်းလဲကောက်ခံရန်၊ ငွေတောင်းခံလွှာများကို သုံးစွဲသူများထံ အချိန်မီစာတိုက်မှဖြစ်စေ၊ Online မှ ဖြစ်စေတောင်းခံရန်နှင့် ADSL အင်တာနက် ချွတ်ယွင်းမှုရှိပါက တာဝန်ခံဖြေရှင်းပေးမည့် Service ဌာနတစ်ခုဖွဲ့စည်းတာဝန်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့သည်။

ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၌ ADSL Serviceကို (512)kbps မှ (2.5)Mbps အထိ Service Plan (၅)မျိုးခွဲထားပြီး နှုန်းထား(၅)မျိုးဖြင့် ကောက်ခံ လျက်ရှိပါကြောင်း၊ ADSL အင်တာနက်သုံးစွဲသူများအတွက် လစဉ် ကျသင့်ငွေများကို သုံးစွဲမှုအလိုက်ပြောင်းလဲကောက်ခံရန်အတွက် လက်ရှိ ADSL စနစ်၌ Billing နှင့် သက်ဆိုင်သည့်စက်ပစ္စည်းအချို့ကို ထပ်မံတပ်ဆင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

တပ်ဆင်မည့်စက်ပစ္စည်းများအတွက် ခန့်မှန်းကုန်ကျငွေ တွက်ချက်မှုများဆောင်ရွက်ကာ ရန်ပုံငွေရရှိရန် တောင်းခံသွားပြီး ရန်ပုံငွေရရှိပါက စက်တပ်ဆင်မှုလုပ်ငန်းများဆောင်ရွက်၍ ယခုအသုံးပြုလျက်ရှိသည့် ပုံသေနှုန်းကောက်ခံလျက်ရှိသည့်စနစ်မှ သုံးစွဲမှုအလိုက်သော်လည်းကောင်း၊ သုံးစွဲသည့် အချိန်အလိုက်သော်လည်းကောင်း နှစ်သက်ရာစနစ်ကို သုံးစွဲသူများက ရွေးချယ်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြောင်းလဲကောက်ခံရာတွင်လည်း အများပြည်သူ သိရှိနိုင်ရန် ကြိုတင်အသိပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ADSL Internet ချွတ်ယွင်းမှုရှိပါက သက်ဆိုင်ရာမြို့နယ်အိတ်ချိန်းတာဝန်ခံများနှင့် ၁၀၂ (သို့မဟုတ်) ၁၀၆ Complaint Phone များသို့ ဆက်သွယ်အသိပေးအကြောင်းကြားနိုင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက "တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် အနိမ့်ဆုံး ခုတင်(၅၀)ဆံ့၊ ခရိုင်မြို့ကြီးများတွင် (၂၅)ခုတင်ဆံ့နှင့် မြို့နယ်များတွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံများနှင့် ကျေးရွာအုပ်စုများတွင် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုကိုတင်သွင်းရာ ယင်းအဆိုနှင့်စပ်လျဉ်း၍ **ဒုတိယဝန်ကြီးဒေါက်တာသန်းအောင်**က တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာရှင်များ အခက်အခဲ၊တိုင်းရင်းဆေးရုံ/ဆေးခန်းဖွဲ့စည်းပုံမရှိခြင်းတို့ကြောင့် တဖြည်းဖြည်းချင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာပိုလီတက်ကနစ်တက္ကသိုလ်ကို တည်ထောင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခွင့်ပြုပြီးဖြစ်

နေပြည်တော် ဇွန် ၅

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်လေးဦး၏ လျှပ်စစ်ကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် နည်းပညာကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ရှင်းလင်းဖြေကြားကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၏ **"နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အိမ်တိုင်းအရောက် သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက မိုင်းစိတ်ကျေးရွာအတွင်း (၁၁)ကေဗွီဓာတ်အားလိုင်း၊၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားတောင်းခံ၍ ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဖြေကြားရာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဟာရိုန်းဘွေ၏ **"မင်းတပ်မြို့နယ်အတွင်းရှိ ရိုရွာကြီးမှ လုံခါးရွာကို ဖြတ်၍ တွိတိန်ရွာသို့ (၁၂)မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန်နှင့် လုပ်ရှဲရွာမှ ခွဲလုံရွာနှင့် ဒိုင်းရုံးရွာကိုဖြတ်၍ယောချောင်းသို့ ယင်းမှကျောင်းနူးရွာကိုဖြတ်၍ ကားလမ်းမကြီးပေါ်ရှိ သရက်ကုန်းရွာသို့ (၁၆)မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါလမ်းများသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထားတင်ပြထားခြင်း မရှိ ပါကြောင်း၊ အဆိုပါကျေးရွာချင်းဆက်လမ်းလုပ်ငန်းများအား ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဦးစားပေး အစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးတင်ဝင်း၏ **"မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့-ပြလို့မြင့်-အင်းရွာကြီး ကျေးရွာချင်းဆက် လမ်းမကြီး၏ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါလမ်းသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားခြင်းမရှိပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများအား တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ပထမဦးစားပေးအနေဖြင့် (၁၈)ပေအကျယ်မြေသားလမ်း (၈)မိုင် (၇)ဖာလုံ၊ ကျောက်ချောလမ်း (၃)မိုင်၊ Box Culvert (၆)စင်းနှင့် ကွန်ကရစ်တံတားတစ်စင်းတို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ဦးစားပေးအစီအစဉ်အတိုင်း တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးတင်ဝင်း။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးညဏ်လင်း၏ **"တောင်ကိုရီးယားနှင့် မြန်မာ ပူးပေါင်း၍ ပိုလီနည်းပညာတက္ကသိုလ် ဖွင့်လှစ်သွားမည့် အစီအစဉ်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က နိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ရာတွင် အရေးပါသည့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ဒေသတွင်းအာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကိုရီးယားသမ္မတနိုင်ငံနှင့်ပူးပေါင်း၍ မြန်မာပိုလီတက်ကနစ်တက္ကသိုလ် တည်ထောင်နိုင်ရေးအတွက် Feasibility Study ပြုလုပ်ရန် သဘောတူညီမှုရရှိခဲ့ပြီး အကြိမ်ကြိမ် ဆွေးနွေးမှုများပြုလုပ်ကာ Feasibility Study နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့ကြပါကြောင်း၊ ကိုရီးယားပိုလီတက်ကနစ်တက္ကသိုလ်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ မြန်မာပိုလီတက်ကနစ်တက္ကသိုလ်ကို တည်ထောင်နိုင်ရန် နားလည်မှု စာချွန်လွှာ (မူကြမ်း)အား လက်မှတ်ရေးထိုးရန် ပြည်ထောင်စု အစိုးရအဖွဲ့က သဘောတူခွင့်ပြုပြီးဖြစ်ပါကြောင်း၊ Feasibility Study ဆောင်ရွက်ပြီးပါက သင်ကြားမည့်ဘာသာရပ်၊ သင်ကြားမည့်အစီအစဉ်များနှင့်နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရမည့်အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ကလည်းကောင်း၊ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းကလည်းကောင်း တင်သွင်းကြရာ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် **မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး တပ်မတော်သားကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးရာ ယင်းဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့ပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

မြင့်တက်မလာစေရန်အတွက် လူတစ်ဦးချင်းစီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို မိမိတို့ တတ်နိုင်သမျှ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ပြောကြားသွားမည်ဖြစ်ပါကြောင်း။

ယနေ့ ကျရောက်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် ၁၉၇၂ ခုနှစ် ဇွန် ၅ ရက်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များ ပထမဆုံးစတင်ဆွေးနွေးခဲ့ကြသည့် ၄၂ နှစ်ပြည့်မြောက်သည့်နှစ် ဖြစ်ပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ ကမ္ဘာမြေပူနွေးလာမှုနှင့် ယင်းအကျိုးဆက်ကြောင့် ဖွံ့ဖြိုးဆဲကျွန်းစုနိုင်ငံလေးများ ထိခိုက်လွယ်မှုကို ဖော်ညွှန်းနေသော ခေါင်းစဉ်ဖြစ်သည်ကို တွေ့ရပါကြောင်း။

ရာသီဥတုပြောင်းလဲမှုသည် အခြားနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များတွင် ပြင်းထန်သော စိန်ခေါ်မှုအမျိုးမျိုးကို ခံစားရလျက်ရှိပါကြောင်း၊ လက်ရှိအတိုင်း နှစ်စဉ်ကာဗွန်ထုတ်လွှတ်မှုနှုန်းကို မလျှော့ချနိုင်ပါက ကာရေဘီယံကျွန်းစုနိုင်ငံများအနေဖြင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် စီးပွားရေးအရဆုံးရှုံးနိုင်မှု ပမာဏသည် ၂၀၈၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၇ ဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားပါကြောင်း။

ရာသီဥတုပြောင်းလဲမှုပြဿနာကို ကောင်းမွန်ကျနစွာ မကိုင်တွယ်မဖြေရှင်းနိုင်ပါက ယင်း၏ဆိုးကျိုးများကြောင့် ပိုမိုရှုပ်ထွေးလာပြီး ၂၀၁၅ ခုနှစ်တွင် ရာသီဥတုဆိုင်ရာ ညီလာခံတစ်ရပ်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည်ဖြစ်ပါကြောင်း၊ အဆိုပါ အစည်းအဝေးမတိုင်မီအထိ မိမိတို့အားလုံးသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက် [illegible]

တိုးတက်ရေးတို့အတွက် အရေးအကြီးဆုံးလုပ်ငန်းများ အနက်မှ တစ်ခုပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များဖြစ်သော ကာဗွန်ထုတ်လွှတ်မှုနှင့် လေထုညစ်ညမ်းမှုလျှော့ချရေး၊ စွမ်းအင်နှင့်သယံဇာတများ ထိရောက်စွာ အသုံးချနိုင်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဆုံးရှုံးမှုအား တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ရန်အတွက် စဉ်ဆက်မပြတ် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းသည် အလွန်အရေးကြီးပါကြောင်း၊ သဘာဝသယံဇာတများသည် မိမိတို့သာမကဘဲ အနာဂတ်မျိုးဆက်သစ်များအတွက်ဖြစ်ပါကြောင်း၊ သယံဇာတများကို မဆင်မခြင်သုံးစွဲမှုများသည် စဉ်ဆက်မပြတ် ထုတ်လုပ်မှုကို ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ လူသားများအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို ထိခိုက်မှု မရှိစေရအောင် တစ်ဦးချင်း၏အမူအကျင့်များကို အခြေခံကျကျ ပြောင်းလဲသွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရမည်။ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည့် အစိမ်းရောင်စီးပွားရေးမူဝါဒများကို ခိုင်မာစွာ ချမှတ်ထားပြီးလည်းဖြစ်ပါကြောင်း၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် [illegible]

ဒုတိယသမ္မတ ဦးညာဏ်ထွန်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

[illegible]

(သတင်းစဉ်)

စီးပွားရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစွာ တိုးတက်လုပ်ကိုင်နိုင်ရေး အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းများ ပြေလျော့ရေးဆွေးနွေး

နေပြည်တော် ဇွန် ၅

[illegible]

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစွာ တိုးတက်လုပ်ကိုင်နိုင်ရေး အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းများ ပြေလျော့ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

[illegible]

(သတင်းစဉ်)

❒ကျောဖုံးမှ

လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မှုအပေါ် မူတည်ကာ ကုသမှုအရည်အသွေး အဆင့်ပေါ်လာမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးတွင် တက်ရောက်သူများ၏အကြံပြုချက်များအပေါ် ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အချက်(၇)ချက် ထည့်သွင်းဆွေးနွေးသွားမည်ဟု သိရှိရပါကြောင်း၊ ယင်းအချက်များမှာ ကျန်းမာရေးဝန်ထမ်းများကို လိုအပ်ချက်နှင့်အညီ ထပ်မံဖြည့်ဆည်းခန့်ထားရန်၊ ပြည်သူများအား ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဝန်ဆောင်မှုပိုမိုကောင်းမွန်လာစေရေးအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများအား စံကိုက် ဖွဲ့စည်းပုံအတိုင်းခန့်ထား၍ စနစ်တကျစီမံခန့်ခွဲမှုများပြုလုပ်ရန်၊ ကျန်းမာရေးဝန်ထမ်းများက စံကုထုံးကုနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးမူချမှတ်ရန်၊ နိုင်ငံတကာအဆင့်မီဆေးရုံများ ပေါ်ပေါက်လာရေးအတွက် Private Sector မှဖြစ်စေ၊ Public Sector မှဖြစ်စေ၊ Public Private Partnership (PPP)ဖြင့်ဖြစ်စေ မြန်မြန်ဆန်ဆန်ပေါ်လာနိုင်ရေးဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှု အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကဆေးရုံများတွင် အထူးကုဆရာဝန်များ သီးခြားခန့်ထားခြင်း၊ စံကုထုံးကုနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း စသည်တို့အတွက် မူဝါဒများချမှတ်ပေးရန်၊ ပြည်သူလူထုဘက်က သွားလာစရိတ်၊ ကုန်ကျစရိတ်လျှော့ချနိုင်ရန်အတွက် လူနာညွှန်းပို့စနစ်ကို စနစ်တကျဆောင်ရွက်ရန်၊ တိုးမြှင့်ရရှိသော ကျန်းမာရေးအသုံးစရိတ်နှင့်အညီ ကျန်းမာရေးဝန်ဆောင်မှုအရည်အသွေးများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ပြည်သူလူထု၏စိတ်ကျေနပ်မှု ပိုမိုရရှိရေးဆောင်ရွက်ရန်တို့ဖြစ်ကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် ဝန်ထမ်းလိုအပ်ချက်ထပ်မံဖြည့်ဆည်းခန့်ထားပေးရန်အတွက် သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာဝန်ထမ်းနှင့် အရေအတွက်လိုအပ်ချက်ကိုစွဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများစံကိုက်ဖွဲ့စည်းပုံအတိုင်း ခန့်ထားရန်အတွက် အရေအတွက်မပြည့်စုံခဲ့ခြင်းအပေါ် မခန့်အပ်နိုင်ခဲ့သည့်ကိစ္စများ ဖြေရှင်းပေးခြင်း၊ စံညွှန်းကုထုံးကုနည်းလိုက်နာရန် မူချမှတ်ရန်ကိစ္စတွင် လူနာတစ်ဦး မကုသခင်တွင် ရောဂါ၏ ရာဇဝင်မေးမြန်းခြင်း၊ ခန္ဓာကိုယ်စမ်းသပ်ခြင်း၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်းဖြင့်စစ်ဆေးခြင်း၊ ရောဂါအမည်တပ်ခြင်းနှင့် ကုသမှုပေးခြင်း စသည့်အစီအစဉ်ဖြင့် ယခင်ကလည်း ဆောင်ရွက်လာခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ ဆေးရုံပေါ်ပေါက်လာရေးကိစ္စရပ်တွင် အစိုးရ(သို့) ပုဂ္ဂလိက(သို့) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းမှုဖြင့် ဆောင်ရွက်မည့်ကိစ္စမှာ နိုင်ငံ့ဂုဏ်သိက္ခာ၊ ကျန်းမာရေးလောက ဂုဏ်သိက္ခာ၊ ကျန်းမာရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သော လုပ်ငန်းရှင်များ၏ ဂုဏ်သိက္ခာနှင့် ဆက်စပ်နေသည့်အတွက် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားသင့်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍက ဆေးရုံဆေးခန်းများ၏ အရည်အသွေးမြှင့်ပေးသည့် သင်တန်းများဖွင့်လှစ်သည့်ကိစ္စတွင် CME, Seminar တွင်ဆွေးနွေးစေခြင်း၊ ဘွဲ့လွန်သင်တန်းတက်ရောက်နိုင်ရန် နည်းလမ်းရှာဖွေပေးခြင်း၊ ပုဂ္ဂလိကဆေးရုံတွင် အထူးကုဆရာဝန်များ သီးသန့်ခန့်ထားနိုင်စေရန်နှင့်စံညွှန်းကုထုံးကုနည်းနှင့်အညီ လိုက်နာဆောင်ရွက်စေမည့် မူဝါဒချပေးရန်ကိစ္စတွင် အသေးစိတ်ဆွေးနွေးသင့်ပါကြောင်း၊ ပြည်သူဘက်က သွားလာစရိတ်၊ ကုန်ကျစရိတ် သက်သာစေရန် Telemedicine, Video Conferencing ကဲ့သို့မျိုး လူနာညွှန်းပို့စနစ် စနစ်တကျဆောင်ရွက်သင့်ပါကြောင်း၊ တိုးမြှင့်ရလာသည့် ဘဏ္ဍာရေးအသုံးစရိတ်နှင့်အညီ ဝန်ဆောင်မှုအရည်အသွေး တိုးစေရန်နှင့်ပြည်သူများ စိတ်ကျေနပ်မှုရရှိရေးဆောင်ရွက်ရန်မှာ လူနာများအပေါ် ဝန်ထမ်းများ၏ဆက်ဆံရေးပျူငှာရန်လိုအပ်သလို အဝေးမှလာသော လူနာစောင့်များအတွက် အဆင်ပြေစွာစောင့်ရှောက်နိုင်စေရန် သင့်တင့်သည့် နေရာများရှိစေရန် စီမံပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ဆောင်ကုသမှုပေးရာတွင် မြင်နိုင်တွေ့နိုင် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အပိုင်းဖြစ်သော ကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ၊ ကျန်းမာရေးဆိုင်ရာစက်ပစ္စည်း၊ အရေအတွက်၊ အရည်အသွေးပြည့်စုံစွာ ထောက်ပံ့ပေးနိုင်မှု၊ မပေးနိုင်မှုအပေါ် မူတည်သည့် အပြင် မတွေ့နိုင်မမြင်နိုင်သည့် အရည်အသွေးဖြစ်သည့် ဝန်ထမ်းများ၏ လူနာအပေါ် နွေးထွေးပျူငှာမှု၊ စေတနာမေတ္တာထားရှိမှု စသည့်အချက်များအပေါ် တွင်လည်း မူတည်မည်ဖြစ်ပါကြောင်း။

လက်ရှိ ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးရာတွင် နိုင်ငံတကာအဆင့်ကဲ့သို့ ကုသမှုအရည်အသွေးမျိုး မမျှော်လင့်ကြသေးပါကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံနှင့် လိုက်ဖက်သည့်အဆင့်၊ လိုက်ဖက်သည့် အရည်အသွေး ကုသမှုမျိုးကိုဖြင့် မျှော်လင့်ကြမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲက ကျေနပ်လောက်သည့် ရလဒ်များ ရနိုင်ပါစေဟုဆန္ဒပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာခင်ဝင်းသက်က ဆွေးနွေးပွဲလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာသီတာလှနှင့် ဒေါက်တာမိုးခိုင်တို့က ကုသမှုအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများကို စံကိုက်ဖွဲ့စည်းပုံအတိုင်းခန့်ထား၍ စနစ်တကျစီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရေး၊ စံကုထုံးကုနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုအရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးနှင့် ပြည်သူလူထု၏ စိတ်ကျေနပ်မှုရရှိရေး၊ လူနာညွှန်းပို့မှုစနစ် စနစ်တကျဖြစ်စေရေး၊ နိုင်ငံတကာအဆင့်မီ ဆေးရုံများပေါ်ထွက်လာရေး စသည့် ခေါင်းစဉ်များဖြင့် အကြောင်းအရာအလိုက် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ပြုလုပ်ကြမည်ဖြစ်ပြီး ဇွန် ၅ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

●ဒုတိယသမ္မတ ဦးညာဏ်ထွန်းမှ

အစိုးရကိုယ်စားလှယ်ရှစ်ဦးနှင့် U.S.Company မှ အမှုဆောင်အရာရှိချုပ်များနှင့် ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စပန်နီပရက်စ်ကာက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လိုသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ လာရောက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုလည်း မြင်တွေ့နေရပြီးဖြစ်၍ မိမိတို့အနေဖြင့်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေးအတွက် စိတ်ကောင်းစေတနာမှန်ဖြင့် လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကက ပြောကြားရာတွင် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးအတွက် စိတ်ကောင်းစေတနာမှန်ဖြင့် လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးရရှိရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ကလည်း ငြိမ်းချမ်းရေးရရှိရေးဖြစ်စဉ်နှင့် လုပ်ဆောင်ချက်များကို အလေးထား ထောက်ခံဆောင်ရွက်လျက်ရှိကြောင်း။

ဤနေရာတွင် အထူးပြောကြားလိုသည်မှာ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေးတာဝန်မှာ အဓိကဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးရရှိရေးတို့အတွက်ကိုလည်း လွှတ်တော်၏ လုပ်ငန်းဦးစားပေးအဆင့်တွင်ထားရှိဆောင်ရွက်နေပါကြောင်း။

အချိန်အခါနှင့် အခြေအနေပေးလာသည့် ဤကာလတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှု၊ ရိုးသားပွင့်လင်းမှု၊ တည်ကြည်ဖြောင့်မတ်မှုများကို အခြေခံ၍ ငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်မှုများကိုပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော လွှတ်တော်က KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ခေါင်းဆောင်သောအဖွဲ့၏ တွေ့ဆုံဆွေးနွေးမှုကို ကြိုဆိုပါကြောင်းနှင့် အလေးအနက်ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဘက်ကလည်း ပါဝင်သင့်ပါဝင်ရမည့် အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ ဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးတင်ဝင်း၊ ဦးခင်မောင်စိုးနှင့် ဦးညီထွန်းတို့ တက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် စောရော်ဂျာခင်၊ ပဒိုမန်းငြိမ်းမောင်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အဆင့်ရှိ စောဂျော်နီ၊ KNU ဥက္ကဋ္ဌ၏ နိုင်ငံရေးနှင့် စစ်ရေးအကြံပေး စောတူးတူးလေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များ၊ KNU ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများ တက္ကသိုလ်များစစ်ဆေး

နေပြည်တော် ဇွန် ၅

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးတို့သည် ဇွန် ၂ ရက်တွင် နည်းပညာတက္ကသိုလ် (သန်လျင်)နှင့် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကိုကိုဦးတို့သည် နည်းပညာတက္ကသိုလ် (သန်လျင်)သို့ရောက်ရှိကာ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကား ပြောကြားရာတွင် ကျောင်းသားကျောင်းသူများသည် ကျောင်း၏ ချမှတ်ထားသော စည်းကမ်းများအတိုင်း လိုက်နာနေထိုင်သွားကြရန်နှင့် စာကြိုးစားနေထိုင်သွားကြရန် သွန်သင်ဆုံးမပေးကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မည့် သုတေသနလုပ်ငန်းများအား လုပ်ဆောင်သွားကြရန်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်နိုင်ရေး အဆောင်များ စီစဉ်ထားပေးရန် လိုအပ်ကြောင်း၊ Syllabus နှင့် Curriculum များ ရေးဆွဲရန်အတွက် မူဝါဒများ ချမှတ်လုပ်ဆောင်ကြရန်နှင့် ပြန်လည်လေ့လာခြင်း (Review)နှင့် ပြောင်းလဲခြင်း (Changing) လုပ်ငန်းများကို စဉ်ဆက်မပြတ်လေ့လာပြီး လိုအပ်ပါက လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် (တာဝန်) ဒေါက်တာကေသီလွင်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် နောင်ဆောင်ရွက်မည့်အစီအစဉ် တင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆရာ ဆရာမများနှင့် နည်းပညာတက္ကသိုလ်(သန်လျင်)၏ စီမံချက်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ရောက်ရှိကာ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ကော်မတီအစည်းအဝေးများကျင်းပ

နေပြည်တော် ဇွန် ၅

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပအပြီးတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီမှ ဆောင်ရွက်ရမည့် ဥပဒေကြမ်းနှစ်ခုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို စီဆောင်၍ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးနှင့် ကော်မတီဝင်များ၊ ဥပဒေကြမ်းကော်မတီနှင့်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များက မြန်မာနိုင်ငံသားများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်း၊ ၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့က အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို စီဆောင်၍ ကျင်းပရာ ကော်မတီအတွင်းရေးမှူး ဦးအောင်ကြိုင်၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များက ဥပဒေကြမ်းကို ပြန်လည်သုံးသပ်ညှိနှိုင်းကာ လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသွားရန် ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကော်မတီရုံး၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကားပြောကြားပြီး ဆောင်ရွက်ဆဲ ဥပဒေကြမ်းများ၊ စိစစ်ပြီး အစီရင်ခံစာတင်ပြရန်ဥပဒေကြမ်းကို ထပ်မံသုံးသပ်ပြီးမှ လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသွားရန် ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

နေပြည်တော် ဇွန် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Yun Byung-se သည် မြန်မာနိုင်ငံသို့ ဇွန် ၄ ရက်မှ ၆ ရက်အထိ လာရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် H.E. Mr. Yun Byung-se နှင့် အဖွဲ့အား ဇွန် ၅ ရက် နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ရွှေရိပ်ကုမုဒြာဟိုတယ်၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား "ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူညီချက်"ကို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃။)

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အောက်ဖော်ပြပါ အကြမ်းဖက်မှုကို ကျူးလွန်သူ၊ ကျူးလွန်ရန် အားထုတ်သူ၊ အားပေးကူညီသူ၊ လှုံ့ဆော်သူ သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက် သူများအပေါ် စီရင်ပိုင်ခွင့် ရှိစေရမည်-

(က) မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ခ) မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသည့် နိုင်ငံခြားသားကဖြစ်စေ၊ ယင်းတို့ တစ်ဦးဦးအပေါ်တွင်ဖြစ်စေ ပြည်ပတွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဂ) အများပြည်သူ၏ လုံခြုံရေးကို ဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသောအခြေခံအဆောက်အအုံများကို ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော အကြမ်းဖက်သမား တစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော ငွေကြေးထောက်ပံ့မှု၊

(င) ပြည်ပရှိ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံး အဆောင်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံး အပါအဝင် သံတမန်ဆိုင်ရာရုံးများကို လည်းကောင်း ကျူးလွန် သည့်အကြမ်းဖက်မှု၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် အခြားစက်တပ်ယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဆ) ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြေးဆွဲသော သို့မဟုတ် ငှားရမ်းထားသော ရေယာဉ် သို့မဟုတ် လေယာဉ်နှင့် အခြား စက်တပ်ယာဉ်တစ်ခုခု ပေါ်တွင် အမှုထမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံအတွင်း အမြဲတမ်းနေထိုင်ခွင့်ရသော နိုင်ငံခြားသား သို့မဟုတ် ယင်းတို့ပိုင်အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့က ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဇ) နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေသော အကြမ်းဖက်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား သက်ဆိုင်ရာပြည်ပနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို ခွင့်မပြုသည့်အခါ ထိုသူက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှု၊

(ဈ) နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားနိုင်ငံများကို သော်လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှုများ၊

(ည) နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ လေပြင်၊ ပိုင်နက်နယ်မြေနှင့် ကမ်းလွန် ရေတိမ်ပိုင်းတို့တွင် ကျူးလွန်သည့် အကြမ်းဖက်မှုများ၊

(ဋ) နိုင်ငံတော်၏ နေရာတစ်ခုခုမှ ပိုင်နက်ပင်လယ်ပြင်ပကို ဖြတ်သန်း၍ နိုင်ငံတော်အတွင်းရှိ အခြားနေရာတစ်ခုသို့ သွားလာသော သို့မဟုတ် ခရီးစဉ်အတိုင်း ခုတ်မောင်းသွားလာသော ရေယာဉ်များက ဖြစ်စေ၊ ထို ရေယာဉ်များကိုဖြစ်စေ၊ နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပ၌ နိုင်ငံတော်နှင့် နယ်နိမိတ်ချင်း ကပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၏ နယ်နိမိတ်မျဉ်းနှင့်ကပ်လျက် ဖြတ်သန်းသွားလာသော ရေယာဉ်က ဖြစ်စေ၊ ထိုရေယာဉ်များကိုဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှု။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အကြမ်းဖက်မှု** ဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ပြုလုပ်မှုနှင့် ပြုလုပ်ရန် ပျက်ကွက်မှုများကို ဆိုသည်-

(၁) အခန်း(၄)တွင် ပြဋ္ဌာန်းထားသော မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့် ပြစ်မှု၊

(၂) အခန်း(၅)တွင် ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်များ အပါအဝင် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား ကျူးလွန်သည့် ပြုလုပ်မှု၊

(၃) အခန်း(၆)တွင် ပြဋ္ဌာန်းထားသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ကျူးလွန်သည့် ပြုလုပ်မှု၊

(၄) အခန်း(၇)တွင် ပြဋ္ဌာန်းထားသော နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယား အဆောက်အအုံများနှင့် သက်ဆိုင်သည့် ပြစ်မှု၊

(၅) အခန်း(၈)တွင် ပြဋ္ဌာန်းထားသော ပင်လယ်ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင် ကျူးလွန်သည့် ပြစ်မှု၊

(၆) အခန်း(၉)တွင် ပြဋ္ဌာန်းထားသော ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန် သည့် ပြစ်မှု၊

(၇) အခန်း(၁၀)တွင် ပြဋ္ဌာန်းထားသော အမှတ် အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှု၊

(၈) အခန်း(၁၁)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှု၊

(၉) အခန်း(၁၂)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်မှုကိုငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုနှင့်သက်ဆိုင်သည့်ပြစ်မှု၊

(၁၀) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကို ဖြစ်စေ၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင် ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(၁၁) ပြည်ပရှိ နိုင်ငံတော်ပိုင် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံး အပါအဝင် သံတမန်ဆိုင်ရာရုံးများကို လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှု၊

(၁၂) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ လက်နက်နှင့်ခဲယမ်းမီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့် ပြုလုပ်မှုများ၊

(၁၃) အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း တစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှား စေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်း မရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများ၊

(၁၄) အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူ၏ ကျန်းမာရေးကို ဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကို ဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် အကြမ်းဖက်မှုများ၊

(၁၅) အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ သူတစ်ဦးဦးအား ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများ၊

(၁၆) အကြမ်းဖက်အုပ်စု ဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန်၊ တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ၊

(၁၇) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့် ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်း ပြုလုပ်မှုများ၊

(၁၈) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖြစ်စေ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ။

(ဂ) **ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံ** ဆိုသည်မှာ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေး သို့မဟုတ် ထုတ်ယူအသုံးပြုရေးအတွက်ဖြစ်စေ၊ အခြားစီးပွားရေးအတွက်ဖြစ်စေ ရည်ရွယ်၍ ပင်လယ်ကြမ်းပြင်တွင် အခိုင်အမာ တပ်ဆင်ဆောက်လုပ်ထားသော ဖန်တီးထားသည့် ကျွန်း သို့မဟုတ် နေရာအဆောက်အအုံကို ဆိုသည်။

(ဃ) **အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများ** ဆိုသည်မှာ အကြမ်းဖက်မှု ကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များ၊ အကြမ်းဖက်မှုတစ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုနေသည့် သို့မဟုတ် အသုံးပြုလိမ့်မည်ဟု ယူဆရသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက် အုပ်စုတစ်ခုက အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုနေသည့် သို့မဟုတ် အသုံးပြုလိမ့်မည်ဟု ယူဆရသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်စု သို့မဟုတ် အဆိုပါအုပ်စု၏ကိုယ်စား အခြားသူတစ်ဦးဦးက ပိုင်ဆိုင်ထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်အုပ်စုတစ်ခုအား ထောက်ပံ့ရန် သို့မဟုတ် အကြမ်းဖက်မှုတစ်ခုအား ရန်ပုံငွေထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းခဲ့သည့်ငွေကြေးနှင့် ပစ္စည်းများနှင့် အဆိုပါငွေကြေးနှင့်ပစ္စည်းများမှ ဆင့်ပွားဆင်းသက်လာသည့် ငွေကြေးနှင့် အကျိုးအမြတ်များကို ဆိုသည်။

(င) **လေယာဉ်ဝန်ဆောင်မှုပေးချိန်**ဆိုသည်မှာ မြေပြင်မှ လေယာဉ် မထွက်ခွာမီ အမှုထမ်းများ လေယာဉ်ပျံသန်းရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်မှစ၍ လေယာဉ် ဆင်းသက်ပြီး ၂၄ နာရီ ကြာသည် အထိ ဝန်ဆောင်မှုပေးနေသော အချိန်ကာလကိုဆိုသည်။ ယင်းစကား ရပ်တွင် လေယာဉ်ပျံသန်းချိန် တစ်လျှောက်လုံးဝန်ဆောင်မှုပေးနေသည့် အချိန်ကာလလည်း ပါဝင်သည်။

(စ) **အခြေခံအဆောက်အအုံများ** ဆိုသည်မှာ အများပြည်သူအကျိုးငှာ အများ ပြည်သူပိုင်အနေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်အနေဖြင့်ဖြစ်စေ အသုံးပြုသော၊ ရယူထားသော၊ ဖြည့်ဆည်းထောက်ပံ့ပေးသော သို့မဟုတ် ဖြန့်ဖြူးပေးသော ရေ၊ မိလ္လာအညစ်အကြေး၊ စွမ်းအင်၊ လောင်စာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ တံတား၊ လေဆိပ် သို့မဟုတ် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစသည့် အသုံးအဆောင်ပစ္စည်းများကို ဆိုသည်။

(ဆ) **နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ကိုယ်စားလှယ်၊ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော်၏ အရာထမ်း၊ အမှုထမ်းများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အစိုးရဌာန အချင်းချင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအတွက် ယင်းတို့၏ တရားဝင် တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်သော အဆောက်အအုံ သို့မဟုတ် အသုံးပြုသော ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတို့ကို ဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်** ဆိုသည်မှာ နိုင်ငံတော် အတွင်းသို့ ပြည်ပနိုင်ငံတစ်ခုခုမှ မည်သည့်အချိန်အခါ၌မဆို ရောက်ရှိနေ သည့် အောက်ပါပုဂ္ဂိုလ် တစ်ဦးဦးကိုဆိုသည်-

(၁) သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ၏ အကြီး အကဲ၊ နိုင်ငံ၏အကြီးအကဲကဲ့သို့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သော အဖွဲ့၏အဖွဲ့ဝင်၊ အစိုးရအဖွဲ့ အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် သံတမန်များ၊

(၂) ပုဒ်မခွဲငယ်(၁)ပါ ပုဂ္ဂိုလ်နှင့်အတူ လိုက်ပါသော ယင်းတို့၏ မိသားစုဝင်များ၊

(၃) အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ အထူးအကာအကွယ် ရထိုက်ခွင့်ရှိသော သံတမန်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားလှယ်၊ အရာရှိ တစ်ဦးဦး သို့မဟုတ် အစိုးရအချင်းချင်း ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု၏ အရာရှိ သို့မဟုတ် အခြား ကိုယ်စားလှယ်။

(ဈ) **ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်** ဆိုသည်မှာ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်တို့ကို ဆိုသည်။

(ည) **ဇီဝလက်နက်** ဆိုသည်မှာ အောက်ပါပစ္စည်းကိရိယာ တစ်မျိုးမျိုးကိုဆိုသည်-

(၁) ရောဂါမဖြစ်ပွားရန် ကာကွယ်ရေးအတွက်ဖြစ်စေ၊ အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်ဖြစ်စေ၊ အခြားငြိမ်းချမ်းသော ရည်ရွယ် ချက်များအတွက်ဖြစ်စေ မှန်ကန်ကြောင်းထင်ရှားပြသမှုမရှိဘဲ မူလအနေအထား သို့မဟုတ် ထုတ်လုပ်မှုနည်းလမ်းအရမည်သည့် ပုံသဏ္ဌာန်၊ မည်သည့် အရေအတွက်မဆိုရှိသည့် အဏုဇီဝပစ္စည်း၊ အခြားဇီဝပစ္စည်းနှင့် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ၊

(၂) ရန်လိုသော ရည်ရွယ်ချက်များအတွက်ဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခများအတွက်ဖြစ်စေ အဆိုပါအဏုဇီဝပစ္စည်း၊ အခြားဇီဝ ပစ္စည်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ အသုံးပြုရန် ဒီဇိုင်းပုံစံရေးဆွဲပြုလုပ်ထားသော လက်နက်များ၊ ပစ္စည်းကိရိယာများ သို့မဟုတ် သယ်ဆောင်သည့် ပစ္စည်းများ။

(ဋ) **ဓာတုလက်နက်** ဆိုသည်မှာ အောက်ပါ အဆိပ်အတောက်ဓာတုပစ္စည်းများ၊ လက်နက်ပစ္စည်းကိရိယာများ အတူတကွ ရှိသည်ဖြစ်စေ၊ တစ်သီးတခြားစီရှိသည်ဖြစ်စေ ယင်းဓာတုလက်နက်ပစ္စည်းများကိုဆိုသည်-

(၁) စက်မှု၊ စိုက်ပျိုးရေး၊ သုတေသန၊ ဆေးဝါးဆိုင်ရာ သို့မဟုတ် အခြားငြိမ်းချမ်းစွာ အသုံးချရေးအတွက် သော်လည်းကောင်း၊ အဆိပ်အတောက် ဓာတုပစ္စည်းများနှင့် ဓာတုလက်နက်များအား တိုက်ရိုက်ကာကွယ်ရေးအတွက်သော်လည်းကောင်း၊ ဓာတုအဆိပ်အတောက်ပစ္စည်းများဖြင့် အသုံးပြုမည့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

✻ စာမျက်နှာ ၁၀ မှ

စစ်ရေးကိစ္စများ အတွက်သော်လည်းကောင်း၊ ပြည်တွင်းဆူပူအုံကြွမှုများအား နှိမ်နင်းရေးအတွက်သော် လည်းကောင်း အသုံးပြုရန် မရည်ရွယ်သည့် အဆိပ်အတောက် ဓာတုပစ္စည်းများ၊

(၂) ပုဒ်မခွဲငယ်(၁)ပါ အဆိပ်အတောက် ဓာတုပစ္စည်းများဖြင့် လူကို သေစေရန် သို့မဟုတ် ဘေးဥပဒ်ဖြစ်စေရန် အထူးစီမံထုတ်လုပ်ထားသည့် လက်နက်ပစ္စည်းများနှင့် ပစ္စည်းကိရိယာများ၊

(၃) ပုဒ်မခွဲငယ် (၂)ပါ လက်နက်ပစ္စည်းများ၊ ပစ္စည်းကိရိယာများကို တိုက်ရိုက်အသုံးပြုရေးအတွက် အထူးစီမံထုတ်လုပ်ထားသည့် အခြားပစ္စည်းကိရိယာများ။

(၄) **နျူကလီးယားလက်နက်** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ ပြုစုထားသော နျူကလီးယားဒြပ်ပစ္စည်းများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးမှု ပဋိညာဉ်စာချုပ် ၁၉၈၀ ပါ အခန်း(၁)၊အပိုဒ် ၁ (က)နှင့် (ခ)တွင် ဖွင့်ဆိုထားသည့် နျူကလီးယားဒြပ်ပစ္စည်းများ ပါဝင်သော လက်နက်ကိုဆိုသည်။

(၃) **ပစ္စည်းကိရိယာ** ဆိုသည်မှာ မည်သို့သော နျူကလီးယားပေါက်ကွဲမှုဖြစ်စေသည့် ပစ္စည်းကိုမဆို သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကို ပျံ့နှံ့စေသော သို့မဟုတ် ဓာတ်ရောင်ခြည်ထုတ်လွှတ်စေသော ပစ္စည်း၏ ဓာတ်ရောင်ခြည်ဆိုင်ရာ ဂုဏ်သတ္တိများကြောင့် သေဆုံးခြင်း၊ ခန္ဓာကိုယ်အား ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် ပစ္စည်းများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်းတို့ကို ဖြစ်စေနိုင်သော ပစ္စည်းကို ဆိုသည်။

(ပ) **နျူကလီးယားဒြပ်ပစ္စည်း** ဆိုသည်မှာ ပလူတိုနီယံ-၂၃၈ အိုင်ဆိုတုပ်ပါဝင်မှု ၈၀% ထက်ပို၍ ပါဝင်သော ပလူတိုနီယံမှ အပဖြစ်သော ပလူတိုနီယံ၊ ယူရေနီယံ -၂၃၃၊ ပါဝင်ကိန်းမြှင့်တင်ထားသော ယူရေနီယံအိုင်ဆိုတုပ် -၂၃၃ သို့မဟုတ် ၂၃၅၊ သတ္တုရိုင်း သို့မဟုတ် ကြွင်းကျန်သတ္တုရိုင်းမှအပ သဘာဝအလျောက်ဖြစ်ပွားလာသည့် ယူရေနီယံ ပါဝင်သည့် အိုင်ဆိုတုပ်အရောများ၊ ဖော်ပြပါဒြပ်ပစ္စည်း တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ပါဝင်သော မည်သည့် ဒြပ်ပစ္စည်းများကိုမဆို ဆိုသည်။

(ဏ) **ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း**ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းနှင့် အလိုအလျောက် ပြိုကွဲခြင်းဖြစ်နိုင်သော နျူကလီးယားများပါဝင်သည့် ရေဒီယိုသတ္တိကြွအရာဝတ္ထုများ (ယင်းဖြစ်စဉ်တွင် တစ်ခု သို့မဟုတ် တစ်ခုထက်မကပိုသော အိုင်းယွန်းဖြစ် ဓာတ်ရောင်ခြည် အယ်လဖာ၊ ဘီတာ၊ နယူထရွန်အမှုန်နှင့် ဂမ္မာရောင်ခြည်များ ထွက်ရှိပြီး)နှင့် ၎င်းတို့၏ ရေဒီယိုသတ္တိကြွနိုင်သော သို့မဟုတ် ကွဲထွက်ခြင်းဖြင့် နျူကလီးယား စွမ်းအင်ထုတ်လွှတ်နိုင်စွမ်းသော ဂုဏ်သတ္တိများကြောင့် သေစေနိုင်ခြင်း၊ ခန္ဓာကိုယ်အား အပြင်းအထန်နာကျင်စေခြင်း သို့မဟုတ် ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်းဖြစ်စေနိုင်သော ပစ္စည်းများကို ဆိုသည်။

(တ) **နျူကလီးယားအဆောက်အအုံ** ဟုဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(၁) ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် သို့မဟုတ် အာကာသယာဉ် တစ်မျိုးမျိုးပေါ်တွင် အဆိုပါယာဉ်များ ရွေ့လျားနိုင်ရေးအတွက် စွမ်းအင်ပင်ရင်းအဖြစ် အသုံးပြုရန် သို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့် အသုံးချရန် တပ်ဆင်ထားသော နျူကလီးယားဓာတ်ပေါင်းဖိုအပါအဝင် နျူကလီးယားဓာတ်ပေါင်းဖိုများ၊

(၂) ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းတို့အတွက် အသုံးပြုသည့် မည်သည့် စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ အဆောက်အအုံကိုမဆို သို့မဟုတ် ယာဉ်စက်ပစ္စည်းကို မဆို၊

(၃) နျူကလီးယားဒြပ်ပစ္စည်းထုတ်လုပ်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းပြုသည့် အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ပူးတွဲပါရှိသည့် အဆောက်အအုံတစ်ခုကို ဆိုသည်။ ယင်းအဆောက်အအုံကိုပျက်စီးစေပါက သို့မဟုတ် နှောင့်ယှက်မှုဖြစ်စေပါက သိသာများပြားသော ပမာဏရှိသည့် ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ထုတ်လွှတ်စေနိုင်သည့် အဆောက်အအုံ။

(ထ) **အပြည်ပြည်ဆိုင်ရာ နျူကလီးယားဒြပ်ပစ္စည်းသယ်ယူပို့ဆောင်မှု** ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းကို မည်သို့သော နည်းလမ်းဖြင့်မဆို စတင် တင်ပို့ရာနိုင်ငံ၏ နယ်နိမိတ်ကို ကျော်လွန်၍ ပို့ဆောင်ရန်အလို့ငှာ ထိုနိုင်ငံမှ ကုန်တင်ပို့သူ၏ အဆောက်အအုံ တစ်ခုခုမှ ထွက်ခွာမှုဖြင့် စတင်ပြီး အဆုံးသတ်အသုံးချမည့်နိုင်ငံရှိ ကုန်လက်ခံသူ၏ အဆောက်အအုံတစ်ခုခုသို့ ရောက်ရှိမှုဖြင့် အဆုံးသတ်ခြင်းကို ဆိုသည်။

(ဒ) **ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း**ဆိုသည်မှာ အောက်ပါပစ္စည်းကိရိယာတစ်ခုခုကို ဆိုသည်-

(၁) သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာ ပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း ပုံစံရေးဆွဲ တီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် ပေါက်ကွဲစေတတ်သော သို့မဟုတ် မီးလောင်စေတတ်သော လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ၊

(၂) အဆိပ်အာနိသင်ရှိသော ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များ၊ အလားတူပစ္စည်းများ၊ ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများ ထုတ်လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ထိခိုက်မိစေခြင်းဖြင့် သူတစ်ဦးဦးအားသေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာပျက်စီး ဆုံးရှုံးစေရန်သော်လည်းကောင်း ပုံစံရေးဆွဲတီထွင် ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ။

(ဓ) **ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်း** ဆိုသည်မှာ ပျော့ပျောင်းသော သို့မဟုတ် ဆွဲဆန့်လျှင် ရှန်းတတ်သော ပုံသဏ္ဍာန်တစ်မျိုးမျိုးဖြင့် ပေါက်ကွဲစေရန် ပြုလုပ်ထားသော ပလတ်စတစ်ဝတ္ထုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများကို စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဖြစ်သည်ဟု သတ်မှတ်သော အခြားအရာဝတ္ထုပစ္စည်း တစ်ခုခုလည်းပါဝင်သည်။

(ဆက်လက်ဖော်ပြပါမည်)

ယမိုက်+ပဋ္ဌာန်းသင်တန်းဆင်း

ရန်ကုန် ဇွန် ၅

အကြိမ် (၂၀) မြောက် (ပညာဒါနအလှူ) အဖြစ် နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်းသင်တန်းဆင်းပွဲကို ဇွန် ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်၍ နိုင်ငံတော်သြဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ ပဓာနနာယကဆရာတော် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဘဒ္ဒန္တ တိလောကာဘိဝံသ ဆရာတော်မှ သင်တန်းနှင့်ပတ်သက်သော အကြောင်းအရာများနှင့် သြဝါဒကထာများ မြွက်ကြားခဲ့ပြီး အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်ကြီးများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ကာ နိုင်ငံတော်သြဝါဒါစရိယဆရာတော်က အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ တစ်နိုင်ငံလုံးမှ စာချစာသင်၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ် ၄၀၀ ကျော် တက်ရောက်သင်ကြားခဲ့သည်ဟု သိရသည်။ **(မြင့်)**

မြန်မာစာဂုဏ်ထူးရှင်များအတွက် ငွေပဒေသာပင်စိုက်ထူ

ဒိုက်ဦး ဇွန် ၅- ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားကျောင်းသူများထံမှ မြန်မာစာဂုဏ်ထူးရှင်များကို ငွေပဒေသာပင်စိုက်ထူ၍ နှစ်စဉ်ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာစာပေဖွံ့ဖြိုးရေးအတွက် စာရေးဆရာ ဦးဟန်ညွန့်(ဥပဒေ)နှင့်ဇနီး စာရေးဆရာမ ညိုညိုယဉ်(ဒိုက်ဦး) မိသားစုက မတည်အလှူငွေ ကျပ်သုံးသိန်းဖြင့် ဒိုက်ဦးမြို့ ကန်ဦးကျောင်းသားကျောင်းသူ ဟောင်းများကို နှစ်စဉ် ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။ မတည်ငွေကို နှစ်စဉ်တိုးမြှင့်ထည့်ဝင်၍ အခြေခံပညာအဆင့်မှ စတင်၍ ကျောင်းသား ကျောင်းသူများ မြန်မာစာပေကို စိတ်ဝင်စားမှု ပိုမိုရရှိစေရန်၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။ **(ကိုကိုနေ)**

လူပျောက်ကြော်ငြာ

အဖဦးသိန်းထိုက်၏သမီး မသင်းပပသိမ့်သည် ဇွန် ၂ ရက်က ဒဂုံတက္ကသိုလ်သို့ သွားရောက်ပြီးနောက် ပျောက်ဆုံးနေပါ၍ တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါ်ငွေငွေဝင်း
အမှတ်(၅၈၆)၊ မာဃ(၅)လမ်း၊
၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပ။
ဖုန်း-၀၉-၃၆၁၈၅၀၄၁၊ ၀၁-၅၇၁၈၄၉





oifaoGzift oufu ,fy

ပြည်တွင်းရေးရာ

မြန်မာ့အခြေခံကဗျာလွတ်အက အမှတ်တရ

မျက်ဝန်း၌ မျက်ရည်တို့အဝိုင်းသားနှင့် တစ်ဦးကို တစ်ဦး ပွေ့ဖက်နှုတ်ဆက်နေကြသည်။ ချိုသာတဲ့အပြုံး၊ ဝမ်းနည်းနေသော မျက်လုံးများဖြင့် လက်ဖဝါးတွင်အားထည့်ကာ နှုတ်ဆက်ဝှေ့ယမ်းပြနေကြသည်မှာ "မြန်မာအက အခြေခံကဗျာလွတ်အက ဆင့်ပွားနည်းပြသင်တန်း" ၁၀ ရက်တာကို အတူတူတက်ရောက်ဖြတ်သန်းခြင်း၏ နောက်ဆုံးနေ့တွင် ဖြစ်သည်။

အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာ (၁)၊ (၂)၊ (၃) တို့မှ ဆရာ ဆရာမ ပေါင်း ၁၀၃ ဦးတို့ ရင်းနှီးပျော်ရွှင်စွာ သင်ယူနေခဲ့ပုံတို့ကို ကျွန်မဂုဏ်ယူစွာဖြင့် မမေ့နိုင်တော့ပြီ။ ကျွန်မတို့မြို့နယ်မှ မြို့နယ်ကိုယ်စားပြု အခြေခံကဗျာလွတ်အက ဆင့်ပွားနည်းပြသင်တန်းတက်ရောက်ရန် နေပြည်တော်သို့ ရွေးချယ်စေလွှတ်ခံခဲ့ရသည်မှာ ကျွန်မအထူးကံကောင်းခဲ့သည်။

နည်းပြချုပ် ဆရာမကြီးက နည်းပြဆရာ ဆရာမ ၂၅ ဦးတို့ဖြင့် ရင်းနှီးဖော်ရွေစွာ မိတ်ဆက်ပေးခဲ့သည်။ လက်ခုပ်သြဘာသံများဖြင့် စွတ်စိုသင်းပျံ့နေခဲ့သည်။ ဆွေတော် မျိုးတော်တွေမို့ မိသားစုသဖွယ် ရင်းနှီးနွေးထွေးစွာနေကြရန် ပြောသော ဆရာမကြီး၏ အမှာစကားကို သတိရနေသေးသည်။ သင်တန်းသူ ငါးဦးအတွက် နည်းပြတစ်ဦးစီထားစေခဲ့သည်။

နေပြည်တော် ရုံးအမှတ် (၃၅)ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဘက်စုံခန်းမတွင် သင်တန်းသူ ဆရာ ဆရာမများ၊ နည်းပြချုပ်ဆရာမကြီးနှင့် နည်းပြ ဆရာ ဆရာမများမှာ အခြေခံ ကဗျာလွတ်(ပထမဆင့်)အကွက် (၄၀)ကို ကြိုးစားပြီး သင်ကြား၊ သင်ယူနေကြသည်။ ဤသည်မှာ ရိုးရာအနုပညာတစ်ရပ်ကို ဂုဏ်ယူစွာ လက်ဆင့်ကမ်းအမွေခံထိန်းသိမ်းစောင့်ရှောက်ရင်း လောကကို ပညာဖြင့် အလှဆင်သူများပီပီ ချစ်တပည့်များဆီ သိပ္ပမချန် ပြန်လည်ပေးအပ်ရန် ဖြစ်သည်။

"တိုးဗေ. . . တိုးဗေ"ပုံတီးသံမြိုင်မြိုင်ကြားတွင် နည်းပြများက နဖူးက ချွေး ခြေမကျသည်အထိ ရင်ကွဲမတတ်သင်ကြားပေးခဲ့သလို သင်တန်းသား သင်တန်းသူများမှာလည်း တာဝန်တစ်ခုဟု မမှတ်ယူဘဲ ရာသီဥတု အပူဒဏ်ကို အန်တုရင်း သူ့ထက်ငါ အားကြိုးမာန်တက်သင်ယူခဲ့ကြသည်။ နည်းပြဆရာတို့၏ ရင်ထဲမှာ ဖြစ်စေချင်သည့် ဆန္ဒ၊ တတ်စေသည့် ဆန္ဒတို့ကို ဆရာမ အချင်းချင်းမို့ ပို၍နားလည်ခဲ့သည်။ ပို၍လည်း အားနာရသည်။ထို့အတွက်ကြောင့်ပင် သင်တန်းသူ ဆရာ ဆရာမများမှာလည်း သင်တန်းချိန်တွင်သာမက သင်တန်းချိန်ပြင်ပတွင်လည်း "တိုးဗေ. . . တိုးဗေ"နှင့် မမောမပန်းလေ့ကျင့်ခဲ့ကြသည်။

သို့မှသာ ကျွန်မတို့ရဲ့ ရိုးရာအနုပညာရပ်များကို ကြုံလျှင် ကြုံသလို စည်းလွတ်ဝါးလွတ် မလုပ်ဆောင်ဘဲ စည်းစနစ်တကျလေ့လာ၍ စည်းစနစ်တကျ ပေါင်းစပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယဉ်ကျေးမှုမျိုးစုံဝင်ရောက်နေသော လက်ရှိအခြေအနေကို ထိန်းသိမ်းရန်၊ ကျွန်မတို့ရဲ့ မြန်မာ့ယဉ်ကျေးမှု မတိမ်ကော မပပျောက်အောင် ကာကွယ်စောင့်ရှောက်ရန်မှာ ကျွန်မတို့ ဆရာ ဆရာမများ၏ မမေ့သင့်သော အမျိုးသားရေးတာဝန်ဖြစ်သည်။

ကျွန်မတို့ရဲ့ ယဉ်ကျေးမှုကို ကျွန်မတို့ကိုယ်တိုင်က နက်နဲစွာသိရှိမှ နှစ်သက်မြတ်နိုးလာမည်။ နှစ်သက်မြတ်နိုးမှသာ ထိန်းသိမ်းလာနိုင်မည်။ ထိန်းသိမ်းနိုင်မှသာ ကာကွယ်နိုင်ပေလိမ့်မည်။ ထိုမှတစ်ဆင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်။ ယနေ့လူငယ်နောင်ဝယ်လူကြီးမို့ ယနေ့လူငယ်များ၏

ပန်းပျိုးလက်များဖြစ်သော ကျွန်မတို့ ဆရာ ဆရာမများက တိုင်းပြည်အတွက် အရောင်အသွေးစုံကာ ရနံ့မွှေးကြိုင်သော ပန်းပွင့်ကလေးများ၏ အသိထဲတွင် မြန်မာ့ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးစိတ်၊ ထိန်းသိမ်းကာကွယ်လိုစိတ်၊ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်လိုစိတ်တို့ကို ငယ်စဉ်ကပင် စီးဆင်းသွားစေချင်သည်။

ကျွန်မကိုယ်တိုင်ပင် မြန်မာအကကို ပင်ပန်းစွာကရင်းဖြင့် လေးစားတန်ဖိုးထားလာခဲ့ရသည်။ ထိုမှ သားငယ်သမီးငယ်များထံသို့ ပြန်လည်သင်ကြားပို့ချပေးရမည်ကို ကြိုတင်စဉ်းစားရင်း ဝမ်းသာဂုဏ်ယူနေရသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာရှင်များအတွက် ပထမခြေတစ်လှမ်းမှ စတင်ကာ မိုင်ပေါင်းထောင်သောင်းမကသော ခြေလှမ်းများဖြင့် ဆက်လက်လျှောက်လှမ်းနေမည်ဟု သန္နိဋ္ဌာန်ချထားသော ယဉ်ကျေးမှုဝန်ကြီးဌာနသည် မိုင်ပေါင်းထောင်သောင်းမကသော ခြေလှမ်းများအတွက် ပထမခြေလှမ်းကို ခိုင်မာစွာ စတင်ခဲ့ပါပြီ။

ပျော်ရွှင်စွာ သင်ယူလေ့လာရင်း သင်တန်းဆင်းပွဲကျင်းပရန် အချိန်နီးကပ်လာချိန်တွင် သင်တန်းသူ ဆရာ ဆရာမများနှင့် နည်းပြများက ဖျော်ဖြေရေးအတွက် မမောနိုင်မပန်းနိုင် စုပေါင်းလေ့ကျင့်ခဲ့ကြသည်။ အချိန်တိုအတွင်း အစစအရာရာအောင်မြင်ဖြစ်ထွန်းခဲ့သည်မှာ အံ့သြဝမ်းသာစရာကောင်းလှသည်။

သင်တန်းဆင်းပွဲအခမ်းအနားကို ပုဂံခေတ် အကအလှများဖြင့် ကျက်သရေရှိစွာ ဖွင့်လှစ်ပေးခဲ့သည်။ ပန်းရောင်ဝတ်စုံလေးများနှင့် စင်မြင့်၏ တစ်ဖက်တစ်ချက်မှ ကိုယ်လေးများယိမ်းနွဲ့ကာ ပြေးထွက်လာသော သင်တန်းသူ ဆရာမလေးများကလည်း "လက်ပံပွင့်ကောက် အရောက်လာကြမယ်" သီချင်းဖြင့် ချစ်စရာကောင်းနေကြသည်။ ထိုအထဲတွင် ကြည့်ရှုနေသော သူများ အပေါင်းဆီမှ လက်ခုပ်သံများကို သိမ်းယူသွားသည့် သရုပ်ဖော်တေးသီချင်းမှာ "ဗွေးတုတ်" ဖြစ်သည်။

ဆက်လက်၍ သင်တန်းသား သုံးဦးပါဝင်သော "ဦးရွှေရိုးနှင့် ဒေါ်မိုး" ကဟန်လေးများက ပြုံးပျော်ဖွယ်ကောင်းလှသည်။ ကျွန်မကလည်း အားကျမခံ ဖြူလွလွ တစ်ပွင့်ပန်းဖြစ်သည့် စံပယ်ပန်းလေးကိုမှပိုင်ပိုင်ပန်ချင်ပါတယ်ဆိုသည့် "တစ်ပွင့် ပန်မယ်"သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။

နောက်ဆုံးတွင် သင်တန်းနည်းပြ ဆရာမတစ်ဦးက ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ကာ အငြိမ့်ကပြဖျော်ဖြေခဲ့သည်။ မီးရောင်အောက်တွင် ဆရာမ၏ နူးညံ့သိမ်မွေ့နက်နဲလှသော ကဟန်လှုပ်ရှားဟန်လေးများက ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။ ဆရာမ ဆိုရင်း ကရင်းနှင့်ပင် နှုတ်ဆက်လေတော့ ကျွန်မတို့ မျက်ရည်တွေကျခဲ့ရသေးသည်။

ဆရာမတို့ကို လက်ဆယ်ဖြာထိပ်မှာ မိုး၍ ကန်တော့ချိန်တွင် ဆရာမများရော သင်တန်းသား သင်တန်းသူများအားလုံးသည် မျက်လွှာကိုချ၍ မျက်ရည်စတို့ကို မသိမသာအနားသတ်ကြပုံက သိသာလွန်းခဲ့သည်။ ဆရာမကြီး၏ နှုတ်ဆက်စကားလေးက တိုတောင်းသော်လည်း ပြတ်သား၍ လိုရင်းကိုရောက်ခဲ့သည်။ ဆရာမတို့ရဲ့ စေတနာ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ စေတနာကို နားလည်လျှင် မြန်မာ့ယဉ်ကျေးမှုကို ကလေးငယ်တွေဆီ စနစ်တကျ ရောက်ရှိသယ်ဆောင်သွားဖို့ မှာကြားခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် ကားပေါ် ပြေးတက် ပြန်လည်လွမ်းဆွတ်တမ်းတရင်း ဝမ်းသာမိသည်က ပညာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့က မေ ၂၂ ရက်မှ ၃၀ ရက်ထိ ဖွင့်လှစ်ခဲ့သော မြန်မာအက အခြေခံကဗျာလွတ်အက ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၁၄) သည် မိုင်ပေါင်းထောင်သောင်းမကသော ခြေလှမ်းများစွာအတွက် ခိုင်မာသော ပထမခြေလှမ်းဖြစ်ခဲ့ခြင်းကိုပင်။ ။

မိုးမြင့်အောင်

Mandalay Job Fair ၂၀၁၄ ကျင်းပမည်

မန္တလေး ဇွန် ၅

မန္တလေးမြို့၏ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ ပူးပေါင်းစီစဉ်ကျင်းပသော Mandalay Job Fair ၂၀၁၄ ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆ × ၂၇) လမ်းကြား (၇၁) လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အလုပ်အကိုင်ရှာဖွေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလွယ်ကူစေရန် ကုမ္ပဏီ ၄၀ မှ ဝန်ထမ်း ၁၀၀၀ ကျော် ခန့်အပ်သွားမည်ဖြစ်သည်။

မန္တလေးမြို့ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ဦးကြည်သာစိုးနှင့် တွေ့ဆုံမေးမြန်းရာတွင် အခြေခံလစာ ခြောက်သောင်းကျပ်မှ ၁၅ သိန်းထိ အလုပ်များပါရှိသည့်အပြင် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဟောပြောခြင်း၊ အလုပ်သမားကတ်ထုတ်ပေးခြင်းများ ပါဝင်ပြီး မွန်းလွဲ ၂ နာရီမှ ညနေ၅ နာရီအထိ ဆရာလင်းသိုက်ညွန့်၊ နန်းခင်ဇေယျာတို့က အသိပညာပေး ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**



အများသိစေရန်ကြေညာချက်

မြို့မြေနေရာချထားရေးဗဟိုကော်မတီ၊ မြစ်ကြီးနားမြို့၏ ၃၀-၁၀-၂၀၁၀ရက်စွဲပါ စာအမှတ်၊ ၁/၁-၁/မြို့ မြေနေရာချထားရေး၏ မြစ်ကြီးနားမြို့၊ ရွှေပြည်သာတိုးချဲ့ကွက်သစ်မှ မြေကွက်အမှတ်(၂၁၅၅)ဒေါက်တာလှအောင် ဆေးရုံအုပ်ကြီး(ငြိမ်း)၏ မြေပေးအမိန့်မှာ ပျောက်ဆုံးသွားပါ၍ မြေပေးမိန့်အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက နှစ်ပတ်အတွင်း အမှတ်၊ MC ၅၅စီတာပူ၊ မြစ်ကြီးနား၊ ဦးအင်ဂေါက်တူးရိန်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနရုံးအုပ်(ငြိမ်း) ထံသို့ လာရောက်ဆက်သွယ်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအင်ဂေါက်တူးရိန်

[၁/မခဘ(နိုင်)၀၀၁၇၅၃]စီတာပူ၊ မြစ်ကြီးနားမြို့။

ပရီမီယာလိဂ်၏ အတောက်ပဆုံးကြယ်တစ်ပွင့် ဖြစ်လာမည်လား ဒီယေဂိုကော်စတာ

စပိန်တိုက်စစ်မှူးဒီယေဂိုကော်စတာသည် ပရီမီယာလိဂ်ကလပ်ချယ်လ်ဆီး အသင်း၏ ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ကမ်းလှမ်းလာမှုကိုသဘောတူ လက်ခံကာ လန်ဒန်အခြေစိုက်ချယ်လ်ဆီးအသင်းနှင့် ကျန်းမာရေးဆေးစစ်မှုများ အောင်မြင်ခဲ့ခြင်းကြောင့် လာမည့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ပရီမီယာ လိဂ်၏ အတောက်ပဆုံးကြယ်တစ်ပွင့်အဖြစ် မြင်တွေ့လာရမည်လားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

တိုက်စစ်မှူး ကော်စတာသည် ယခုနှစ်ဘောလုံးရာသီတွင် အက်သလက် တီကိုမက်ဒရစ်အသင်းနှင့်အတူ ပွဲပေါင်း ၅၂ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုနှင့်အတူ ၁၉၉၆ ခုနှစ်မှ စတင်ကာ ဝေးကွာခဲ့ရသည့် လာလီဂါချန်ပီယံဆုဖလားကိုလည်း ရယူပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်တွင်လည်း ဗိုလ်လုပွဲအဆင့်သို့ တက် လှမ်းနိုင်ရေးစွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထိုသို့သော စွမ်းဆောင်ရည်ရှိမှုများကို ပမာပြုကာ ဘရာဇီးနွယ်ဖွား စပိန်တိုက်စစ်မှူး ကော်စတာ အား ကမ္ဘာ့ဖလားပြိုင်ပွဲဝင် စပိန်အသင်း၏ ရွေးချယ်မှု ကိုလည်း ခံခဲ့ရသည်။ ကော်စတာသည် ယခုနှစ် လာလီဂါပြိုင်ပွဲ၏ ထိပ် တန်း ဂိုးသွင်းရှင်စာရင်းကို ကြည့်မည်ဆိုပါက ၃၁ ဂိုး သွင်းယူထားနိုင်ခဲ့သည့် စီရို နယ်လ်ဒိုနှင့် ၂၈ ဂိုး သွင်း ယူထား နိုင်ခဲ့သည့် မက်ဆီတို့၏ နောက် သွင်းဂိုး ၂၇ဂိုး ဖြင့် တတိယ နေရာမှ ရပ် တည်နိုင်ခဲ့သူ ဖြစ်သည်။ ထို့ပြင် ချယ်လ်ဆီးအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်တွင် အက်သလက်တီကိုမက်ဒရစ်အတွက် နိုင်ပွဲရရှိအောင်စွမ်းဆောင်ပေးနိုင် ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်း ၏ တစ်ကျော့ပြန်နည်းပြ မော်ရင်ဟို၏ မျက်စိပန်းသင့်မှု ကို ခံခဲ့ရပြီး ချယ်လ်ဆီးအသင်း ၏ တစ်ပတ် ပေါင် ၁၅၀၀၀၀ ဖြင့် ကမ်းလှမ်းလာမှုကို သဘောတူ လက်ခံခဲ့ရသည်။

(ငွေကြယ်)

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဂေါက်သီးရိုက်အားကစားသမားများ စင်ကာပူသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၅

၂၀၁၄ ခုနှစ် ဇွန် ၃ ရက်မှ ၇ ရက် အထိ စင်ကာပူနိုင်ငံ Keppel Golf Club ၌ ကျင်းပမည့် "Singapore Junior Golf Championship 2014"ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန် မြန်မာလူငယ် ဂေါက်သီးရိုက်အားကစားသမား များဖြစ်ကြသော သီဟမျိုးဆက် နှင့် ဖူးပွင့်ရတီခိုင်တို့သည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် လေကြောင်း ခရီးဖြင့် ထွက်ခွာ သွားရာ မြန်မာနိုင်ငံ ဂေါက်သီး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုး မိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အနေဖြင့် မြန်မာဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် အောင် မြင်မှုရရှိစေရေးအပြင် ပြိုင်ပွဲအတွေ့ အကြုံရရှိရေးကို ရည်ရွယ်လျက် ယခု ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ် သည်။

(ကြေးမုံ)

ကမ္ဘာ့ဖလားရှင်ခုနှစ်သံ - ၅

အုပ်စု (E) သုံးသပ်ချက်

ဆွစ်ဇာလန်၊ အီကွေဒေါ၊ ပြင်သစ်၊ ဟွန်ဒူးရပ်စ်

ပြင်သစ်သည် အားအကောင်းဆုံးဟု ဆိုရပေမည်။ ပြင်သစ်အနေဖြင့် အသင်းအတွင်း၌ အခက်အခဲ အချို့ရှိနေသည်မှာ မှန်သော်လည်း ရီဘာရီ၊ ဘင်ဇီမာစသည့် ထိပ်တန်းကစားသမားများ ပါဝင်မှုအရ အုပ်စုတွင်း၌ အားအကောင်းဆုံး အသင်းအဖြစ် ရပ်တည်လျက်ရှိသကဲ့သို့ အုပ်စုဗိုလ် နေရာမှာလည်း အခက်အခဲမရှိပေ။ ထို့အပြင် အဆိုပါ အုပ်စုတွင်း၌ ဟွန်ဒူးရပ်စ်သည် အိမ်ဖြည့်အသင်းသာ သာသာရှိသည်။ ကစားသမားအင်အားပိုင်းကအစ အတွေ့ အကြုံပိုင်းအဆုံး အားနည်းလွန်းသည်။ ထို့ကြောင့် ဟွန်ဒူးရပ်စ်ကိုလည်း ထည့်တွက်ရန် မလိုပေ။

သို့သော် အုပ်စုဒုတိယနေရာအတွက် အပြိုင် ဖြစ်လာနိုင်သော ဆွစ်ဇာလန်နှင့် အီကွေဒေါတို့ နှစ်သင်းကိုမူ တွက်ဆရန် ခက်ခဲနေပေသည်။ ဆိုရ လျှင် အဆိုပါနှစ်သင်းသည် ကစားသမား အင်အား ပိုင်း ကွာဟမှုမရှိ။ အတွေ့အကြုံပိုင်းလည်း ခြားနားမှုမရှိပေ။ သို့သော် အဆိုပါ နှစ်သင်း၏ အဓိကခြားနားမှုမှာ နည်းပြအရည်အသွေးဖြစ်သည်။ ဆိုရလျှင် ဆွစ်ဇာလန်နည်းပြ ဟစ်ဖဲလ်သည် နည်းပြ အတွေ့အကြုံရင့်ကျက် သူတစ်ဦးဖြစ်သည်။ အသင်းကြီးများဖြစ်သော ဘိုင်ယန်၊ ဒေါ့မွန်တို့ကို ကိုင်တွယ်ခဲ့ဖူးပြီး ဆုဖလားပေါင်း ၁၉ ခုကို ရယူနိုင်ခဲ့သူဖြစ်သည်။ ဒေါ့မွန်ကိုပင် ချန်ပီယံလိဂ် ဆုဖလားရယူနိုင်သည်အထိ ဦးဆောင်မှုပေးနိုင်ခဲ့သူဖြစ်သည်။ ဆိုရလျှင် အရေးကြီးသော ပွဲများ၌ နည်းပြ၏ အရည်အသွေးမှာ အရေးပါ သကဲ့သို့ နည်းပြအရည်အသွေးပိုင်း ပိုမိုပြည့်ဝနေသော ဆွစ်ဇာလန်သည် အီကွေဒေါထက် အုပ်စုကိုကျော်ဖြတ်နိုင်ရန် ပိုမိုအခွင့်သာလျက်ရှိသည်။

ထို့ကြောင့် အဆိုပါအုပ်စု E အား သုံးသပ်ကြည့်ပါမူ ပြင်သစ်သည် အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်လာနိုင်သကဲ့သို့ ဆွစ်ဇာလန် သည်လည်း အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ရောက်လာနိုင်သည်။ အီကွေဒေါကိုမူ ယခုအုပ်စု၏ ဖျက်မြင်းတစ်သင်းအဖြစ်သာ ယူဆနိုင်ပေ သည်။

ရှိုင်းမင်းမင်း

ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၅

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် မြန်မာနိုင်ငံ ကာယဗလ ကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၄ ခုနှစ် အိုလံပစ်နေ့ အထိမ်း အမှတ် ကာယဗလမောင်ပြိုင်ပွဲနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု (Model Physique) ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ (MICC) ခန်းမ၌ ဇွန် ၂၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကာယဗလမောင်ပြိုင်ပွဲတွင် အငယ်တန်းပြိုင်ပွဲ၊ အလွတ်တန်းပြိုင်ပွဲနှင့် အသက် (၅၀)နှင့်အထက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အမျိုးသမီးကာယကြံ့ခိုင်မှု (Model Physique) ပြိုင်ပွဲတွင် အရပ် ၅ပေ ၃ လက်မ အောက်ပြိုင်ပွဲနှင့် ၅ ပေ ၃ လက်မနှင့်အထက်ဟူ၍ ခွဲခြားကျင်းပ မည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအား စိစစ်ခြင်းလုပ်ငန်းများကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် လက်ရွေးစင်ကာယဗလ လေ့ကျင့်ရေးစခန်း (မင်္ဂလာ တောင်ညွန့်မြို့နယ်)၌ ပြုလုပ်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် မြန်မာနိုင်ငံကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်သန်း(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) ဖုန်း-၂၅၁၁၇ နှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည်-ဖုန်း ၀၉-၅၀၄၆၉၂၃ ကာယဗလ လေ့ကျင့်ရေးစခန်း (မင်္ဂလာတောင်ညွန့်မြို့နယ်) တို့သို့ ဆက်သွယ် မေးမြန်း နိုင်ပြီး မည်သူမဆို အခမဲ့ အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
တက္ကသိုလ်အဆောင်ကြီးကြပ်ရေးကော်မတီ
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကျောင်းဆောင်များတွင် နေထိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ကျွေးမွေးရေး တာဝန်ယူနိုင်မည့်လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလမှ စတင်၍ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား အဆောင်နေထိုင်ခွင့် ပြုရန် စီစဉ်လျက်ရှိပါသည်။ ကျောင်းဆောင်များတွင် နေထိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀ိ/-ထက် မပိုသောနှုန်းဖြင့် စားသောက်ကျွေးမွေးရေးကို တာဝန်ယူနိုင်မည့်လုပ်ငန်းရှင်များအား အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပါမောက္ခချုပ်ရုံးခန်းတွင် တစ်စုံ လျှင် ကျပ်(၁၀၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၁၂-၆-၂၀၁၄ရက်၊ နံနက် ၁၀း၀၀နာရီဖြစ်ပြီး အိတ်ဖွင့် တင်ဒါကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ စုံစမ်း ခြင်းကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ်ရုံး၊ ဖုန်းနံပါတ် ၀၁-၆၁၃၈၅၅၊ ၀၉-၄၅၀၀၂၅၈၅၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
အဆောင်များကြီးကြပ်ရေးကော်မတီ

လူမှုဖူလုံရေးဆေးခန်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုန်(၃)၊ ဗန်းမော်အတွင်းဝန်လမ်း၊ တိုက် ၁၀၊ အခန်း-၀၀၄/၀၀၅၊ လူမှုဖူလုံရေးဆေးခန်းအား လှိုင်သာယာမြို့နယ်၊ နဝဒေး ဥယျာဉ်အိမ်ရာ၊ နဝဒေး-၈၈ လမ်း၊ တိုက်အမှတ် ဘီ-၅၊ အခန်းအမှတ်-၂၃ သို့ ၆-၆-၂၀၁၄ ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာ အပ်ပါသည်။



(၁၉၆၄-၈၈)လူရည်ချွန်များကို ဖိတ်ကြားခြင်း

လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့မှ ၂၀၁၄ခုနှစ်၊ ဇွန်လ(၈)ရက်၊ တနင်္ဂနွေနေ့တွင် လှိုင်သာယာမြို့နယ်ရှိ နွမ်းပါးနှင့် လမ်းပေါ်ကလေးများအား အသိပေးဆွေးနွေး ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပူးပေါင်းပါဝင် ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက်။ ။ ၂၀၁၄ခုနှစ်၊ ဇွန်လ(၈)ရက်
အချိန်။ ။ နံနက် ၉ နာရီ
နေရာ။ ။သောင်ကြီးပရိယတ္တိစာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

နေ့လယ်စာကျွေးပါမည်။ ရုံးခန်းမှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။

အသေးစိတ်သိရှိလိုပါက လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့ ရုံးခန်း၊ အမှတ်၃၃/၃၇၊ ၄-လွှာ(၂)လမ်း၊ (၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ တယ်လီဖုန်းအမှတ်(၀၉-၃၃၂၀၆၁၁)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြေညာချက်ထုတ်ပြန်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဇွန် ၃ ရက်တွင် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်တွင်-

ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့် အညီ ဖြစ်စေရန်လည်းကောင်း၊ မြို့တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ယာဉ်ကြောပိတ်ဆို့မှုလျှော့နည်းကာ အများပြည်သူသွားလာရေးအဆင်ပြေရန်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရန်ကုန်မြို့တော်အတွင်းရှိ အဓိကလမ်းမကြီး ၃၇ လမ်းအား ပထမအကြိမ် ယာဉ်မရပ်နားရလမ်းများအဖြစ် ၈-၁၁-၂၀၁၃ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် အဓိကလမ်းမကြီး ၂၀ အား ၁၂-၁၂-၂၀၁၃ ရက်တွင်လည်းကောင်း၊ တတိယအကြိမ် အဓိကလမ်းမကြီး ၁၀ လမ်းအား ၂၇-၁-၂၀၁၄ ရက်တွင်လည်းကောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး စုစုပေါင်း လမ်းမကြီး ၆၇ လမ်းအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့အရေးယူဆောင်ရွက်ရာ၌ အချို့လမ်းများတွင် ယာဉ်များရပ်နားထားခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ၂၀-၅-၂၀၁၄ ရက်တွင် နောက်ထပ်လမ်း ၁၀ လမ်းအား စတုတ္ထအကြိမ် ယာဉ်မရပ်နားရလမ်းများအဖြစ် ထပ်မံထုတ်ပြန်ခဲ့ရာ စုစုပေါင်း ၇၇ လမ်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ လမ်းငါးလမ်းအား လတ်တလောအခြေအနေတွင် ယာဉ်လမ်းကြောင်းများ၌ ခရီးသည်အတင်အချ ပြုရန်မှတစ်ပါး မည်သည့်ယာဉ်မျှ ရပ်နားခြင်းမပြုရန် ယာဉ်မရပ်ရလမ်းများအဖြစ် ထပ်မံတိုးချဲ့သတ်မှတ်လိုက်ကြောင်း၊ ယင်းလမ်းများမှာ-

မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဆုံမှ အနောက်မြင်းပြိုင်ကွင်းလမ်းအတိုင်း ဦးချစ်မောင်လမ်းဆုံအထိ။

လေးထောင့်ကန်လမ်းနှင့် အရှေ့မြင်းပြိုင်ကွင်း လမ်းဆုံမှ အရှေ့မြင်းပြိုင်ကွင်းလမ်းအတိုင်း မြောက်မြင်းပြိုင်ကွင်းလမ်းဆုံ (အဝိုင်းလေး)အထိ ၎င်းမှ မိုးကောင်းလမ်းအတိုင်း ကံဘဲ့လမ်းဆုံအထိ။

ရန်ကင်းလမ်းနှင့် ရန်ရှင်းလမ်းဆုံမှ ရန်ရှင်းလမ်းအတိုင်း စက်မှု(၁)လမ်းဆုံအထိ။

ကြားတောရလမ်းနှင့် ဗဟန်းလမ်းဆုံမှ ကြားတောရလမ်းအတိုင်း ရေတာရှည်လမ်းဟောင်းအထိ။

အာဇာနည်လမ်းနှင့် ဦးထောင်ဘိုလမ်းဆုံမှ အာဇာနည်လမ်းအတိုင်း အနောက်ရွှေဂုံတိုင်လမ်းဆုံအထိတို့ဖြစ်ကြောင်း ပါရှိသည်။

(သတင်းစဉ်)

ပုတီးကုန်အထက ထိခိုက်ဒဏ်ရာရ လေးဦးသာကျန်ရှိ

ရန်ကုန် ဇွန် ၅

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်း ဆောင်အပေါ်ထပ်တွင် ဇွန် ၂ ရက်က ဝရန်တာအောက်ရက်မ ကျိုးကျမှုကြောင့် ထိခိုက်ဒဏ်ရာရကျောင်းသား ကျောင်းသူ လူနာများအနက် ယနေ့တွင် ပုတီးကုန်းတိုက်နယ် ဆေးရုံတွင် နှစ်ဦး၊ ပြည်မြို့ ပြည်သူ့ဆေးရုံတွင် တစ်ဦး၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် တစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ လူနာလေးဦးသာ တက်ရောက်ဆေးကုသခံယူမှု ကျန်ရှိတော့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်တင်ယာဉ်ကြီးများ စည်းကမ်းမဲ့စွာဖြတ်သန်းမောင်းနှင်

မြို့ရှောင်လမ်း မရှိသည့် သီပေါမြို့၌ ကုန်တင်ယာဉ်ကြီးများ စည်းကမ်းမဲ့စွာ ဖြတ်သန်းမောင်းနှင်နေသည်မှာ အန္တရာယ်ရှိသည့် မြင်ကွင်းတစ်ခုဖြစ်ကြောင်း ဇွန် ၄ ရက်က ဤသို့တွေ့မြင်ခဲ့ရသည်။ **စိုင်း(သီပေါ)**

ဆိုင်ကယ်တူးဘောက်အတွင်း ထည့်ထားသော ငွေ ၂၉သိန်းပျောက်ဆုံး

ပြည် ဇွန် ၅

ပြည်မြို့ ဆံတော်ရပ်ကွက် ဗိုလ်ချုပ်လမ်း ပြည်ဘူတာရှေ့ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်မှ ဇွန် ၃ ရက်က ထုတ်ယူခဲ့သည့် ငွေ ၂၉ သိန်းအား ဆိုင်ကယ်တူးဘောက်အတွင်း ထည့်ထားစဉ် ပျောက်ဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် မွန်းလွဲ ၂နာရီတွင် ပြည်မြို့ အမှတ် (၆)တပ်မတော်ဆေးရုံ ခုတင် (၁၀၀)မှ ဗိုလ်ပြည့်စုံဦးသည် ဟွန်ဒါ(အနီ) အနက်ရောင်ဆိုင်ကယ် (လိုင်စင်လျှောက်ထားဆဲ)ကို မောင်းနှင်၍ ပြည်မြို့မှ ငွေကျပ် ၂၉ သိန်းကို ထုတ်ယူခဲ့ပြီး ဆိုင်ကယ်တူးဘောက်အတွင်း ထည့်ယူခဲ့ကြောင်း၊ အင်းဝဘဏ်သို့ သွားရောက်၍ လစာငွေကျပ် သုံးသိန်း ရှစ်သောင်းကို ချက်လက်မှတ်ဖြင့် ထပ်မံထုတ်ယူကာ ဆိုင်ကယ်တူးဘောက်အတွင်း၌ပင် ထည့်ထားခဲ့ကြောင်း၊ ၎င်းနောက် မီးသတ်ဆေးဘူးဝယ်ရန်စုံစမ်းပြီး ဆေးရုံသို့ပြန်လာခဲ့ရာ ညနေ ၄ နာရီတွင် ဆိုင်ကယ်တူးဘောက်အား ဖွင့်ကြည့်ရာ အင်းဝဘဏ်မှထုတ်ယူခဲ့သည့် ငွေကျပ် သုံးသိန်းရှစ်သောင်းမှာ ကျန်ရှိနေသည်ကို တွေ့ရပြီး ငွေကျပ် ၂၉ သိန်းမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

သို့ပါ၍ ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်တန်းသဖြင့် ပြည်မြို့မရဲစခန်းက (ပ) ၃၈၈/ ၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၇၉ ဖြင့် အမှုဖွင့်ထားပြီး ခိုးယူသွားသူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြင့်နိုင်-ပြည်)**

နေအိမ်တဲ မီးရှို့သူအား အရေးယူ

သန်လျင် ဇွန် ၅

သန်လျင်မြို့နယ်၌ ဇွန် ၃ရက်ညနေပိုင်းက နေအိမ်တဲအား မီးရှို့သူကို အရေးယူခဲ့ကြောင်း သိရသည်။

သန်လျင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာ(တောင်ကွင်း)တွင် နေအိမ်တဲတစ်လုံးမီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဇွန် ၃ ရက်ညနေ ၄ နာရီခွဲက သွားရောက်စစ်ဆေးရာ အဆိုပါ လယ်ကွင်းအတွင်းနေထိုင်သူ မျိုးမင်း (၂၃)နှစ်သည် ၎င်း၏ ဇနီးဖြစ်သူနှင့် စကားများ ရန်ဖြစ်ကြရာမှ နေအိမ်တဲကို မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ နေအိမ်တဲအားမီးရှို့ခဲ့သူ မျိုးမင်းအား သန်လျင်မြို့မရဲစခန်းက (ပ)၃၈၄/ ၂၀၁၄၊ ပြစ်မှုပုဒ်မ-၄၃၆ ဖြင့် အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။ **(၀၄၀)**





သီဟ (၈၅) သူငယ်ချင်းများသို့

တို့တစ်တွေရဲ့ ကျောင်းဆင်း(၂၁)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကျဆုံးသေဆုံးသွားသော သူငယ်ချင်းများအားရည်စူး၍ ဆွမ်းကျွေးတရားနာနှင့် မိတ်ဆုံညစာစားပွဲများကို အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်သည့်အတွက် မိသားစုများနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

	နေပြည်တော်		ရန်ကုန်
	ဆွမ်းကျွေးအစီအစဉ်		ဆွမ်းကျွေးအစီအစဉ်
နေ့ရက်	(က) ၇-၆-၂၀၁၄	နေ့ရက်	(က) ၇-၆-၂၀၁၄
အချိန်	(ခ) ၁၀း၃၀ နာရီ	အချိန်	(ခ) ၁၀း၀၀နာရီ
နေရာ	(ဂ) သပြေအေးမိုးကုတ်ရိပ်သာကျောင်း	နေရာ	(ဂ) ဆုထူးပန်ရွှေကျင်ပရိယတ္တိစာသင်တိုက်
	မိတ်ဆုံညစာစားပွဲ		မိတ်ဆုံညစာစားပွဲ
နေ့ရက်	(က) ၇-၆-၂၀၁၄	နေ့ရက်	(က) ၇-၆-၂၀၁၄
အချိန်	(ခ) ၁၈း၃၀ နာရီ	အချိန်	(ခ) ၁၈း၀၀ နာရီ
နေရာ	(ဂ) မန္တလေးယူနန်စားသောက်ဆိုင်	နေရာ	(ဂ) M-3 Food Center

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

(က) ကျော်ကျော်ဦး - ၀၉-၅၁၃၃၁၉၆	(င) အောင်သူ - ၀၉-၄၇၂၀၈၅၀၂
(ခ) နေဝင်း - ၀၉-၈၆၀၁၀၁၂	(စ) စန်းငွေ - ၀၉-၈၃၀၄၄၉၆
(ဂ) မျိုးဇော်ဇော် - ၀၉-၄၃၁၃၁၀၅၄	(ဆ) လှမိုးဇော် - ၀၉-၅၀၂၅၄၃၈
(ဃ) မျိုးသန့်အောင် - ၀၉-၄၃၀၇၇၁၃၉	(ဇ) သက်လွင် - ၀၉-၂၀၄၅၂၄၉

ကျဆုံးသေဆုံးသူငယ်ချင်းများ၏ မိသားစုများတက်ရောက်ပေးပါရန်။



(၃၂)နှစ်မြောက်မင်္ဂလာဆုတောင်း

၆-၆-၂၀၁၄ရက်တွင် ကျရောက်သော ပပချစ်နှင့် မာမီတို့၏ (၃၂)နှစ်မြောက် လက်ထပ်မင်္ဂလာရက်မြတ်မှသည် ရတုပေါင်းများစွာပိုင်ဆိုင်ပြီး ချစ်သားသမီးမြေးများနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာအကျိုးသယ်ပိုး နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ

ဦးသန့်ဇင်ဦး	- ဒေါ်အိမ့်မြတ်မွန်
Dr သန့်ဟိန်းသော်	- ဒေါ်သင်းနွယ်အေး
Dr ခန့်ဝင်းဇင်	- **Dr** ခိုင်စံပယ်သန်း

ချစ်မြေးများ

သားသားကြီး၊ သားသားလေး၊ ပေါက်ပေါက်၊ ပန်ပန်

မော်လူးတိုက်နယ်ဆေးရုံတွင် အခမဲ့ကျန်းမာရေးဝန်ဆောင်မှုပေး

မော်လူး၊ ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးဒေသ တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် အသက် ၆၀ ပြည့်ပြီးသူများ မည်သူမဆို ကိုယ်ခန္ဓာတွင် ဖြစ်ပေါ်နေသော ရောဂါဝေဒနာများ စမ်းသပ်ကုသမှုခံယူလိုပါက အပတ်စဉ် ကြာသပတေးနေ့တိုင်း မော်လူးတိုက်နယ်ဆေးရုံသို့ လာရောက်ကုသမှုခံယူနိုင်ကြောင်း သိရသည်။

အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ စိတ်လက်ကြည်သာစွာနှင့် ဝေဒနာ ကင်းစင်ပပျောက်ရေး စိတ်ဖိစီးမှုများ လျော့ကျရေးတို့ကို ရည်ရွယ်၍ မော်လူးတိုက်နယ် ဆေးရုံကြီးကြပ်မှုကော်မတီ၊ တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာလာမာမီးနှင့် ဆေးရုံဝန်ထမ်းများ အားလုံးက စေတနာရှေ့ထား၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆေးဝါးကုသမှု ခံယူသူအားလုံးကို ကုသိုလ်ရှင်များက အပတ်စဉ် ကြာသပတေးနေ့တိုင်း အာဟာရဒါနများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မော်လူးတိုက်နယ်ဆေးရုံတွင် သက်ကြီးဝေဒနာရှင်များအား အခမဲ့ဆေးကုသမှုပေးနေသည်ကို တွေ့ရစဉ်။

ညီမြင့်ထက်(မော်လူး)

ဝက်လက်၌ GSM တာဝါတိုင်သုံးခုတည်ဆောက်

ဝက်လက်၊ ဇွန် ၅

ဝက်လက်မြို့နယ်တွင် ကျေးလက်နေပြည်သူများ ဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငွေကျပ်နှစ်သိန်းတန်နှင့် ကျပ် ၁၅၀၀ တန် တန်ဖိုးနည်း မိုဘိုင်းဖုန်းများ ရောင်းချပေးခဲ့ရာ ယနေ့အထိ နှစ်သိန်းတန်CDMAအလုံး ၁၀၀၀၊GSM ၂၂၄၅ လုံး၊WCDMAအလုံး ၃၅၀ အားပြည်သူများလက်ဝယ်သို့ ရောက်ရှိပြီးဖြစ်သည်။ သို့သော် ပြည်သူများသုံးစွဲလျက်ရှိရာတွင် လိုင်းကျပ်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိရာ ယခုအခါ မြို့နယ်အတွင်း လှတောဟန်လင်းနှင့် ရှိန်းမကားကျေးရွာတို့တွင် GSM တာဝါတိုင်များကို မြန်မာ့ဆက်သွယ်ရေးမှ တည်ဆောက်ပေးနေပြီဖြစ်ကြောင်းနှင့် ပြီးစီးပါက ဖုန်းပြောဆိုရာတွင် ကောင်းမွန်မည်ဖြစ်ကြောင်း သိရှိရသည်။

နန်းမြင့်

ပန်းရံလုပ်သား ဓာတ်လိုက်သေဆုံး

ဆိပ်ကြီးခနောင်တို၊ ဇွန် ၅

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း မေ ၃၁ ရက် မွန်းလွဲ ၁ နာရီခန့်က မြို့မရဲစခန်းဝင်းအတွင်းရှိ လျှပ်စစ်မီးပလပ်ပေါက်တွင် ဆောက်လုပ်ရေးအဖွဲ့မှ ပန်းရန်လုပ်ကိုင်သူ ပဲခူးတိုင်းဒေသကြီး၊ကြို့ပင်ကောက်မြို့နယ်နေ ကျော်သက် ၂၂ နှစ်သည် လုပ်ငန်းခွင်အသုံးပြုရန်အတွက်ဝါယာကြိုး ပလပ်ခေါင်းအား ရေစိုလက်ဖြင့်တပ်ဆင်ရာမှ ဓာတ်လိုက်လဲကျသွားသဖြင့် ဆိပ်ကြီးခနောင်တိုမြို့ နယ်ဆေးရုံသို့ ပို့အပ်စဉ် လမ်း၌သေဆုံးသွားခဲ့ရာ ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၄/၂၀၁၄ ဖြင့် ရေးဖွင့်ကာ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(MAL)

မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စည်းကမ်းဖောက်ဖျက်သော စားသောက်ဆိုင်အား စစ်ဆေးရာ ခံဝန်ကတိအတိုင်း လိုက်နာဆောင်ရွက်မှုရှိ

ရန်ကုန်၊ ဇွန် ၅

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စားသောက်ဆိုင်အမည်ခံ၍ ဟိုတယ်နှင့် တည်းခိုခန်း ဖွင့်လှစ်မှုကြောင့် တရားစွဲဆိုခံထားရသော စားသောက်ဆိုင်အား ညွှန်ကြားချက်နှင့် ၎င်းတို့ခံဝန်ကတိပေးထားသည့်အတိုင်း လိုက်နာမှုရှိ-မရှိကို မေ ၂၉ ရက်တွင် ထပ်မံစစ်ဆေးရာ လိုက်နာမှုရှိသဖြင့် ရဲစခန်းတွင် အမှုဖွင့်ထားမှုအား ဆိုင်းငံ့ထားကြောင်း မြောက်ဦးမြို့နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ သိရသည်။

အဆိုပါစားသောက်ဆိုင်သည် မြောက်ဦးမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရုံးသို့ ယဉ်ကျေးမှုနယ်မြေအတွင်းစားသောက်ဆိုင်အဖြစ်သာ ဖွင့်လှစ်မည်ဟု တင်ပြထားခဲ့သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း သွားရောက်စစ်ဆေးခဲ့ရာ စားသောက်ဆိုင်အပြင် ပြည်ပနိုင်ငံခြားဧည့်သည်များပါ တည်းခိုသည့်ဟိုတယ်အဖြစ် လုပ်ကိုင်နေသည်ကို တွေ့ရှိရသဖြင့် မြောက်ဦးမြို့နယ်ရဲစခန်းတွင် အမှုဖွင့်တရားစွဲဆိုခံထားရခြင်းဖြစ်သည်။

"အခု သွားရောက်စစ်ဆေးတဲ့အခါမှာတော့ သူတို့က တည်းခိုခန်းကို ပိတ်လိုက်ပါပြီ။ မြို့နယ်ကလည်း ကျွန်တော်တို့ တရားစွဲဆိုထားလို့ တည်းခိုခန်းလိုင်စင် ထုတ်မပေးပါဘူး။ သူတို့ကတိပေးထားသလို စည်းကမ်းချက်တွေကို လိုက်နာဆောင်ရွက်တာလည်း တွေ့ရပါတယ်။ ရဲစခန်းမှာ အမှုဖွင့်ထားတာကို ပြန်မရုပ်သေးပေမယ့် ဆက်တက်မသွားအောင်တော့ တားထားပါတယ်။ အထက်က ညွှန်ကြားထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု မြောက်ဦးမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ခေတ္တတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇံက ပြောသည်။

မြောက်ဦးမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် အဆိုပါစားသောက်ဆိုင်၏ ဖြစ်စဉ်အား ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် နေပြည်တော်ရှိဝန်ကြီးဌာနသို့ တင်ပြထားခဲ့ပြီး ခွင့်ပြုချက်ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကာ အဆိုပါစားသောက်ဆိုင်ပိုင်ရှင်အားလည်း စားသောက်ဆိုင်မှလွဲပြီး အခြားဟိုတယ်နှင့် တည်းခိုခန်းများ တရားမဝင် ဖွင့်လှစ်ခြင်းမပြုရန် ခံဝန်ကတိဖြင့် လက်မှတ်ထိုး သတိပေးထားကြောင်းလည်း သိရသည်။

"ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှာ အဆောက်အအုံ ဆောက်တာပဲဖြစ်ဖြစ်၊ ထပ်မံတိုးချဲ့တာပဲဖြစ်ဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာနကို ကြိုတင်အကြောင်းကြားပြီး ခွင့်ပြုမှ ဆောင်ရွက်လို့ရမှာပါ။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ် ဇုန် ၄၆ ခုမှာလည်း ပညာပေးဟောပြောပွဲတွေ၊ ခြောက်ပေရှစ်ပေအရွယ် သတိပေးတားမြစ်ချက်ဗီနိုင်းတွေ စိုက်ထူပေးထားပါတယ်"ဟု နေပြည်တော်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မည်သူမဆို ရှေးဟောင်းအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထားသော ဒေသအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံ အသစ်ဆောက်ခြင်းနှင့် ထပ်မံတိုးချဲ့ခြင်းများ ပြုလုပ်ခဲ့ပါက ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ထောင်ဒဏ်တစ်နှစ်မှ ခုနစ်နှစ်အထိ၊ ငွေဒဏ်နှင့် ခွင့်ပြုချက်မရဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံအား ပြန်လည်ဖျက်သိမ်းခြင်းနှင့် အမိန့်ချသည့်နေ့မှစ၍ ဥပဒေအရ နေ့အလိုက် ဒဏ်ငွေများ ချမှတ်နိုင်ကြောင်းလည်း သိရသည်။

လက်ရှိတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် စည်းကမ်းလိုက်နာမှုမရှိသော ပုဂံယဉ်ကျေးမှုဇုန်နယ်မြေရှိဟိုတယ် ၂၈ လုံးမှ ပိုင်ရှင်နှင့် လုပ်ငန်းရှင်များအား ပထမအဆင့်အနေဖြင့် အသိပညာပေး စည်းရုံးထားခဲ့ကြောင်း သိရသည်။

စိုးအောင်ဖေ

ကားရောင်းမည်
Suzuki R(-) (၂)စီး
09-421089251

ပြည်မြို့စာရေးဆရာအသင်း၏ နဝဒေးရုပ်တု ကျောက်စာတိုင် ဖြစ်မြောက်ရေး ဆွေးနွေး

ပြည်၊ ဇွန် ၅

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ စာရေးဆရာအသင်း၏ နဝဒေးရုပ်တု ကျောက်စာတိုင် ဖြစ်မြောက်ရေးနှင့် အသင်း၏ရှေ့လုပ်ငန်းစဉ် ဆွေးနွေးညှိနှိုင်းခြင်းကို ပြည်မြို့ ဆရာဦးစိန်ခိုဆေးတိုက်၌ ဇွန် ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင် (ယဉ်ဝေလွင်-ပြည်) နှင့် အမှုဆောင်များ၊ အသင်းနာယကကြီးများအဖြစ် ဦးမြရွှေ (သတင်းထောက်မြရွှေ-ပြည်)၊ ဒေါ်မြင့်မြင့် (မြင့်မြင့်-ပြည်)တို့နှင့်အတူ မြို့နယ်တွင်းရှိ စာရေးဆရာများ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ပဲခူးတိုင်းဒေသကြီး ဒု-ဥက္ကဋ္ဌ ဦးအောင်မြင့် (အောင်-ဓာတုဗေဒ)က ဆောင်ရွက်ကာ ပြည်မြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးအောင်ဆန်းမင်းက မှတ်တမ်းတင်သည်။

ပထမဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်က တောင်ငူခေတ် ရတုစာဆိုရှင်ပြည်သား နဝဒေးကြီး၏ ရုပ်တုကျောက်စာတိုင်အား မိမိတို့ ပြည်မြို့သူ၊ ပြည်မြို့သား စာရေးဆရာအားလုံး၏ကိုယ်စား မိမိမှ စာဆိုရှင် နဝဒေးကြီးအား ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ပြည်မြို့၏ဂုဏ်ဆောင် သမိုင်းမှတ်တိုင်တွင် ကျန်ရစ်အောင် မိမိမှပင် ငွေကြေးအကုန်အကျခံကာ ထုလုပ်စိုက်ထူသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဖွဲ့စည်း၍ ကော်မတီဝင်များမှ ဝိုင်းဝန်းဆောင်ရွက်ရန်လိုပါကြောင်း ပြောသည်။ ထို့ပြင် ၎င်းက မြို့၏အချက်အချာ လမ်းဆုံအဝိုင်းတစ်ခုတွင် စိုက်ထူမည်ဖြစ်၍ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့သို့ ခွင့်ပြုမိန့် တင်ပြတောင်းခံရန် လိုအပ်ပါကြောင်း ပြည်မြို့တွင် နဝဒေးတံတား၊ နဝဒေးသကြားစက်၊ နဝဒေးလမ်းစသည်ဖြင့် ဂုဏ်ပြုခြင်းများရှိသော်လည်း နဝဒေးကြီးရုပ်တုမှာ မစိုက်ထူရသေးကြောင်း 'စစ်ကိုင်းထောင်သင်း၊ စလင်းလက်ယာ၊ ပြည်မှာနဝဒေး'ဟူသော စာချိုးနှင့်အညီ မင်းပေးဘွဲ့သုံးတန်ရရှိထားသော ပြည်သား နဝဒေးကြီးအား ရုပ်တုထုလုပ်စိုက်ထူကာ ထပ်ဆင့်ဂုဏ်ပြုခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌက မြို့နယ်စာရေးဆရာအသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးတင်ပြရာ ပထမအကြိမ် ညီလာခံ ဗဟိုဦးစီး အစည်းအဝေးသို့ တက်ရောက်ရန် ကိုယ်စားလှယ်အား ဦးဇော်လွင်ဦး(ရည်ဇော်မောင်-ပြည်) ဒု-ဥက္ကဋ္ဌအား အတည်ပြုသတ်မှတ်ပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ပြည်ပခရီးစဉ်လိုက်ပါလိုသူများ ဆန္ဒပြုလွှာတောင်းခံခြင်းတွင် ဒေါ်သိန်းသိန်းဌေး(တီတီအိပ်ချ်-ပြည်) တွဲဖက်အတွင်းရေးမှူးမှ ပြည်ပခရီးစဉ်အတွက် အဆိုပြုကြောင်း သိရသည်။

အောင်(ဓာတုဗေဒ)

နေပြည်တော်၌ ဝန်ထမ်းမိသားစု၏ ကျောင်းပညာသင်စရိတ်နှင့် စာရေးကိရိယာများ ပေးအပ်

နေပြည်တော်၊ ဇွန် ၅

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၈)နယ်မြေရဲကင်းစခန်းမှ ဝန်ထမ်းမိသားစုဝင်များအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ဇွန် ၃ ရက် နံနက် ၈ နာရီက ရဲကင်းမှူးရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၈)နယ်မြေရဲကင်းစခန်းမှ ရဲကင်းမှူး ဒုရဲအုပ် ခိုင်ဇော်လင်းက ယနေ့နိုင်ငံတော်က အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်းပညာသင်ကြားခြင်းကို အခမဲ့ပညာစနစ်ဖြင့် သတ်မှတ်၍ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံရာတွင် ဗလာစာအုပ်၊ခဲတံ၊ဘောလ်ပင်စသည့်ကျောင်း သုံးစာရေးကိရိယာများကိုအခမဲ့ပေးအပ်၍ ပညာသင်ကြားခွင့်ရရှိသောကြောင့် ဝမ်းသာမဆုံးဖြစ်မိပါကြောင်း၊ တစ်ဖက်မှလည်း မိမိတို့ဌာနတွင် တာဝန်ထမ်းဆောင်နေရသည့် ဝန်ထမ်းသားသမီးများ ကို ဌာနအနေနဲ့ တတ်နိုင်သရွေ့ ယခုကဲ့သို့ ပညာသင်ထောက်ပံ့စရိတ်နှင့်စာရေးကရိယာများကို ပေးအပ်ရသည့်အတွက် ကျောင်းသားများအနေဖြင့် ပညာသင်ကြားရေးတွင် ပိုမိုအဆင်ပြေနိုင်မှာဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၈)နယ်မြေရဲကင်းစခန်းတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော အမှုထမ်းများ၏ သားသမီးများဖြစ်သည့် မူလတန်းကျောင်းသား၊ ကျောင်းသူ သုံးဦး၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ လေးဦး၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူ သုံးဦး စုစုပေါင်း ၁၀ ဦးအား အမှတ်(၈)နယ်မြေရဲကင်းစခန်း၊ ရဲကင်းမှူး ဒုရဲအုပ် ခိုင်ဇော်လင်းက ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

လွိုင်လင်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

လွိုင်လင်၊ ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်ငယ်များအား မေ ၂၇ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့သို့အထွက် စစ်ဆေးရေးဂိတ်တွင် လွိုင်လင်ခရိုင် ပစန၊ ကညန၊ မီးသတ်တပ်ဖွဲ့နှင့် ယာဉ်ထိန်းအဖွဲ့တို့သည် ပြည်သူအများအန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်စေရေး၊ ယာဉ်မတော်တဆမှု အန္တရာယ်ကင်းရှင်းစေရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်ကြံ့ခိုင်မှုနှင့် မီးသတ်ဆေးဗူး တပ်ဆင်အသုံးပြုမှု အခြေအနေများအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းမင်းသန်း(ပြန်/ဆက်)

အင်းစိန်မြို့နယ် အ.ထ.က(၄) ကျောင်းအပ်နှံရက် တိုးမြှင့်ဆောင်ရွက်

နေပြည်တော်၊ ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန် အ. ထ. က(၄)၌ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်ထိ သတ်မှတ်ပေးထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရန် အခက်ခဲရှိသူများကို ဇွန် ၅ ရက်ထိ ကျောင်းအပ်ရက် တိုးမြှင့်လက်ခံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အင်းစိန် အ. ထ. က(၄)ကျောင်းသည် မြို့နယ်အလိုက် ကျောင်းသားခွဲတမ်းများကို လက်ခံခြင်း၊ ရပ်ကွက်အတွင်း ပြောင်းရွှေ့လာသော ဝန်ထမ်းသားသမီးများကို လက်ခံခြင်း၊ ယခင်ကျောင်းသားဟောင်းများကို လက်ခံပြီး ကျောင်းသားများ၏ (CPR) ကိုကြည့်ကာ သင့်လျော်သော အတန်းအလိုက် ခွဲတမ်းချပေးခြင်း၊ ဖတ်စာအုပ်၊ ဗလာစာအုပ်များကို ခွဲတမ်းချမဲနှိုက်ပေးခြင်း စသည့်စည်းကမ်းမှုများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်မတို့ ဆရာ၊ ဆရာမတွေ အမှန်တကယ်ဝါသနာအရ စေတနာထား အနစ်နာခံ ဆောင်ရွက်ပေးနေတာပါ။ ဒီလိုဆောင်ရွက်ပေးမှုတွေလည်း ငွေကြေးကင်းရှင်းကြောင်း ကျောင်းသားမိဘများကို သိစေချင်ပါတယ်။ ကျောင်းအပ်ဖို့ အခက်အခဲရှိတဲ့ ကျောင်းသား ၁၀ ဦးကိုလည်း ကျွန်မတာဝန်ယူထောက်ပံ့ကူညီပြီး ပညာသင်ကြားစေပါတယ်။ အဓိက ဆရာမပြောချင် မှာချင်တာက ကျောင်းသားများ လိမ္မာပါ၊ စာကြိုးစားကြပါ" ဟု ယင်းကျောင်းမှ ဆရာမတစ်ဦးကပြောသည်။

မွေး/ရေကျေးလက်လူငယ်သင်တန်းဆင်းများမှ တိရစ္ဆာန်များ၏ ကျန်းမာရေး သုံးသပ်ညှိနှိုင်းဆွေးနွေး

ရေစကြို၊ ဇွန် ၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေး/ရေကျေးလက်လူငယ် (ကြက်ခြေပြာ) သင်တန်းဆင်း၏ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂ ရက် နံနက်က မြို့နယ်ရုံးတွင် ကျင်းပခဲ့သည်။

မွေး/ရေကျေးလက်လူငယ် (ကြက်ခြေပြာ) သင်တန်းဆင်းများက ၎င်းတို့နယ်မြေဒေသ ဝန်းကျင်တစ်ဝိုက်ရှိ တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါ ကျရောက်မှုများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် အခြားရောဂါများနှင့် အခြေအနေ ထိန်းချုပ်ကုသမှု သက်ဆိုင်ရာသို့ သတင်းပေးပို့ ဆက်သွယ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဦးစီးမှူး ဒေါက်တာမြင့်စိုးနှင့် ဦးစီးမှူး ဦးစိန်ဝင်း(ငြိမ်း)တို့က တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးအကြံပြုပြောကြားပြီး တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူပြုစုရေး၊ ကူးစက်ရောဂါကျရောက်ပျံ့နှံ့မှု ထိန်းချုပ်ရေးနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)



ကမာနတ်–ပဲခူး–ရန်ကုန် အမှတ်(၅)လိုင်းမီနီဘတ်(စ်)များ ပြေးဆွဲခွင့်ရရှိခြင်းကြောင့် ယာဉ်ပိုင်ရှင်များတွက်ခြေကိုက်

ပဲခူး၊ ဇွန် ၅

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ယာဉ်ပိုင်ရှင်များမှ CNG (ဟိုင်းလတ်) ခရီးသည်တင်ယာဉ်များကို အပ်နှံပြီး မီနီဘတ်(စ်)များ တင်သွင်းခွင့်ရရှိ၍ အမှတ်(၅)လိုင်း မီနီဘတ်(စ်)များအဖြစ် ပြေးဆွဲခွင့်ရ ရှိခြင်းကြောင့် ယာဉ်ပိုင်ရှင်များ တွက်ခြေကိုက်လျက်ရှိသည်။

တခြား ယာဉ်လိုင်းများဖြစ်သည့် ရွှေပြည့်စုံ၊ အမှတ်(၆)၊ မိုးမခယာဉ်လိုင်းများမှာ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုမရှိဘဲ မီနီဘတ်(စ်) များအဖြစ် ပြေးဆွဲခွင့်ရရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ယာဉ်အိုယာဉ်ဟောင်း အပ်နှံလိုက်သည့်အတွက်ကြောင့် ၎င်းတို့မှာ သဘာဝဓာတ်ငွေ့သုံး CNG ကို စောလျှင်စွာ ရရှိခဲ့ကြောင်း သဘာဝ ပတ်ဝန်းကျင်ကိုထိန်းသိမ်းပြီး တန်ဖိုးနည်း CNG ကြောင့် ၎င်းတို့ တွက်ခြေကိုက်ကြောင်း အမှတ်(၅)လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါ လိုင်းများမှ ယာဉ်ပေါ်တွင် ၂၆ ယောက်စီး မီနီဘတ်(စ်) အိမ်တိုဖြစ်ပါက ကျပ် ၅၀၀၀၀ ကျော်ခန့် ရရှိကြောင်း၊ ၂၉ ယောက်စီး အိမ်ရှည်ဖြစ်ပါက ကျပ် ၆၅၀၀၀ ခန့် ရရှိကြောင်း သိရသည်။

၎င်းယာဉ်လိုင်းများမှ ယာဉ်ပိုင်ရှင်များ၏ ပြောကြားချက်အရ ရင်းနှီးငွေကျပ်သိန်း ၃၀၀ ပတ်ဝန်းကျင်ရှိပြီး အတိုက်အခိုက် မရှိခဲ့ပါက နှစ်နှစ်အတွင်း အရင်းကျေပြီး ယာဉ်များထပ်မံဝယ်ယူကာ ဆက်လက်လုပ်ကိုင်နိုင်ကြောင်းနှင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များလည်း ဝင်ငွေဖြောင့်ဖြူးလျက်ရှိကြောင်း သိရသည်။

အမှတ် ၅ လိုင်း မီနီဘတ်(စ)များ ပြေးဆွဲနေသည်မှာ တစ်နှစ်ပြည့်ခဲ့ပြီး ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုအရသာ ဝင်ခွင့်ရသောယာဉ်လိုင်းဖြစ်သည်ဟု သိရသည်။

ပဲခူးမြို့နယ် ကမာနတ်ကျေးရွာမှ စတင်ထွက်ခွာသည့်အတွက် ကျေးလက်နေ တောသူတောင်သား ခရီးသွားများအတွက် အဆင်ပြေလျက်ရှိရာ ယာဉ်လိုင်းထဲတွင် အစီးရေ ၂၀ ကျော်ရှိသည့်အနက် ၁၀ စီးကျော်ခန့်မှာ CNG ရရှိခဲ့ပြီး ဖြစ်သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်း(မထသ)၊ ယာဉ်လိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ ပြေးဆွဲခွင့်ရရှိရေး CNG စောလျှင်စွာ ရရှိရေးတို့တွင် လိုက်ပါကူညီဆောင်ရွက်ပေးကြကြောင်းသိရသည်။

မောင်မောင်အေး(ဥသာမြေ)

မန္တလေးတိုင်းဒေသကြီးမြန်မာ့စီးပွားရေးဘဏ် (မနော်ဟရီကိုယ်စားလှယ်ရုံးခွဲ) ဖွင့်လှစ်

ချမ်းမြသာစည်၊ ဇွန် ၅

ပြည်သူများ ငွေလွှဲ-ငွေထုတ် မြန်ဆန်စေရန် မြန်မာနိုင်ငံတစ်ဝန်းတွင် အမြန်ငွေလွှဲစနစ်ရရှိသော ဘဏ်ခွဲပေါင်း ၂၆၉ ဘဏ်ဖွင့်လှစ်ရာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်၊ ၅၆ လမ်းနှင့် မနော်ဟရီလမ်းထောင့်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် မနော်ဟရီကိုယ်စားလှယ်ရုံးကို ဇွန် ၂ ရက် နံနက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင်ပြည်သူကို ဗဟိုပြုသောဝန်ဆောင်မှုလုပ်ငန်းစနစ်နှင့်အညီ ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ၂၀၁၃ ခုနှစ် ဧပြီ ၂ ရက်မှစ၍ လုပ်ငန်းအဆင့်များ ဖြေလျှော့ဆောင်ရွက်ပေးနေရာ ပြည်သူများ ဖက်စ်ဖြင့်ငွေလွှဲပို့ရာတွင်လွယ်ကူလျင်မြန်စေရေးအတွက် ဘဏ်ငွေလွှဲလုပ်ငန်းပါ အဆင့်အချို့ကို ဖြေလျှော့ပြင်ဆင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခင်က လွှဲငွေထုတ်ယူရာတွင် မှတ်တမ်းအဆင့်ဆင့်ရေးသွင်းခြင်း၊ စစ်ဆေးခြင်း၊ အရာရှိကအတည်ပြုလက်မှတ်ရေးထိုးခြင်း စသည့်အဆင့်များကို ဦးစွာဆောင်ရွက်ပြီးစီးမှ ငွေထုတ်ယူရသော်လည်း ယခုဖြေလျှော့မှုအစီအစဉ်အရ လွှဲငွေကို ဦးစွာထုတ်ပေးပြီးမှ ဘဏ်လုပ်ငန်းအဆင့်ဆင့်ကို ဘဏ်ပိတ်ချိန်တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်မှ အမြန်ငွေလွှဲစနစ်ဖြင့် ငွေလွှဲပို့ရာတွင် နေ့ချင်းရောက်(အမြန်) ဖက်စ်ငွေလွှဲစနစ်ကို အသုံးပြုကာ ဘဏ်ခွဲ ၂၆၉ ဘဏ်ပေးပို့နိုင်ပြီး၊ ငွေလွှဲလက်မှတ် Bank Draft ဖြင့်ပေးပို့နိုင်သော ဘဏ်ခွဲ ၄၂ ခု၊ ဘဏ်ခွဲစုစုပေါင်း ၃၁၁ ဘဏ်သို့ ငွေလွှဲ၊ ငွေထုတ်နိုင်သည်။

ငွေလွှဲခကို အနည်းဆုံးငွေကျပ် ၁၀၀ လျှင် ၁၅ ပြားနှုန်းဖြင့် ပုံသေကောက်ခံလျက်ရှိပြီး ငွေကျပ်သိန်း ၁၀၀၀ နှင့်အထက်ကို ငွေလွှဲခကျပ် ၁၀၀ လျှင် ၁၂ ဒသမ ၅ ပြားနှုန်းကောက်ခံသည်။ဖက်စ်ဖြင့်ငွေလွှဲခြင်းအတွက်ငွေလွှဲခနှုန်းထားအပြင်ဖက်စ်အသုံးပြုခပုံ သေ ၅၀၀ ကျပ်ကောက်ခံကြောင်း သိရသည်။

(၀၀၂)

မြင်းခြံမြို့နယ်တွင်ကာလတိုဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်

မြင်းခြံ၊ ဇွန် ၅

မြင်းခြံမြို့နယ်၏ ကာလတို ပထမငါးနှစ်စီမံကိန်းဖြစ်သော ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်မှ အဖွင့်အမှာစကားပြောကြားပြီး မြင်းခြံမြို့နယ်စီမံကိန်းဦးစီးရုံး ဦးစီးအရာရှိက ဒေသန္တရ စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်မှ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို တာဝန်ပေးအပ်ခဲ့သည်။ ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်ပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကျိုက်လတ်မြို့နယ်တွင်ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ဖျာပုံ၊ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့ပေါ်ရပ်ကွက်များရှိရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့နယ်သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၂ရက်က ရေမြောင်းများတူးဖော်ခြင်း၊ နုန်းတင်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ရေထွက်ပေါက်များဖြစ်သော ၅ လမ်း၊ ၆ လမ်း၊ ၈ လမ်း၊ ၉ လမ်း၊ ၁၀လမ်းတို့မှ မြောင်းမကြီးများအားအဓိကထားတူးဖော်ခဲ့ကြပြီး ၎င်းနောက်မှမြောင်းသွယ်လေးများအား ရှင်းလင်းတူးဖော်ခဲ့ကြသည်။

"မိုးဦးကာလဆိုတော့ ခြင်ပေါက်ဖွားဖို့ အရမ်းလွယ်တယ်။ ခြင်ပေါက်ဖွားမှုနည်းအောင်ဆိုရင် ရေစီးရေလာကောင်းမှဖြစ်မယ်။ ဒါကြောင့် ပိတ်ဆို့နေတဲ့မြောင်းတွေကို ရှင်းတယ်။ နုန်းတင်တာတွေ၊ ချုံရှင်းတာတွေကို လုပ်နေတာပါ။ မြောင်းပိတ်ဆို့မှုမရှိတော့ရင် ရေစီးရေလာကောင်းပြီး လမ်းပေါ်ရေတင်တာတွေလည်း မရှိတော့ဘူး"ဟု မြို့နယ်စည်ပင် ဒု-ဦးစီးမှူးက ပြောသည်။

အသောက

EC-Council
C|EH
Ethical Hacker / Security Admin
Security Training or Nothing Else!
20% off for this Section

ဆောင်းပါး

အံ့မခန်းဖွယ်ရာမြန်မာ့ရွှေဆိုင်းပညာ

à aomfvmat;

ဘာသာယဉ်ကျေးမှုအနုပညာသည် လူမျိုးတိုင်းတွင် အစဉ်အဆက်တည်ရှိခဲ့ပြီး မြန်မာတို့အတွက် ဗုဒ္ဓဘာသာ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာမှာလည်း အစဉ်အလာကြီးမားခဲ့ပေသည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာဖြစ်သော မြန်မာ့ရွှေဆိုင်းပညာမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက စတင်ခဲ့သည့် သမိုင်းအထောက်အထားများ ရှိလေသည်။

မြန်မာ့ရွှေဆိုင်းပညာမှာ မြန်မာတို့အတွက် ဂုဏ်ယူဖွယ်လက်မှုပညာရပ်ဖြစ်ပြီး ရှေးပုဂံခေတ်မှစ၍ ယနေ့ထက်တိုင် ဖွံ့ဖြိုးအောင် ကျယ်ပြန့်စွာ လုပ်ကိုင်၍ ရောင်းဝယ်လှူဒါန်းမှုပြုနေသည်ကို တွေ့ရသည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံကို ရွှေနိုင်ငံအဖြစ် တင်စားရခြင်းမှာ မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်နှင့် မြန်မာနိုင်ငံအနှံ့အပြား ဘုရားစေတီပုထိုး ဂူကျောင်းစသည့် သာသနိကအဆောက်အအုံများတွင် ရွှေရောင်လွှမ်းနေမှုသည် အဓိကအကြောင်းဖြစ်သည်။ မြန်မာ့ရွှေဆိုင်းကို ဆက်ကပ်ပူဇော်လှူဒါန်းခြင်းဖြင့် သာသနာရောင်ဝါမည်ညိုး မြန်မာတို့ ဂုဏ်တန်ခိုး ထွန်းတောက်ရပေသည်။

မြန်မာ့ရွှေဆိုင်းဆိုသည်မှာ ဇမ္ဗူရာဇ်ရွှေကို ပါးလွှာသော ရွှေပြားအဖြစ် အဆင့်ဆင့်ပြုလုပ်ပြီး နောက်ဆုံးအဆင့်တွင် ကောက်ရိုးဖြင့် ပြုလုပ်ထားသော ရွှေလောင်စက္ကူပေါ်၌ အရွယ်အစားအမျိုးမျိုးပြုလုပ်ကြသည်။ ပုံသဏ္ဌာန်အားဖြင့် ရွှေဆိုင်းကို နှစ်လက်မတစ်မက်ရွှေဆိုင်း၊ နှစ်လက်မရွှေဆိုင်း၊ တစ်လက်မခွဲရွှေဆိုင်း စသည်ဖြင့် အရွယ်အစား မျိုးစုံခွဲခြားပြီး တစ်ပြားဆိုင်း၊ ငါးပြားဆိုင်းမှ တစ်ရာဆိုင်းထိ အဆင့်ဆင့် ရွှေဆိုင်းမျိုးစုံကို ခွဲခြားပြုလုပ်လေ့ရှိသည်။

မြန်မာ့ရွှေဆိုင်းပညာမှာ မြန်မာ့အနုပညာ ပန်းဆယ်မျိုးဖြစ်သော ပန်းချီ၊ ပန်းတမော့၊ ပန်းတော့၊ ပန်းတဉ်း၊ ပန်းတိမ်၊ ပန်းပု၊ ပန်းပဲ၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းရန်တို့မှ ပန်းတိမ်ပညာအမျိုးအစားတွင် ပါဝင်သည်။ ရွှေဆိုင်းကို အသုံးပြုပြီး ရွှေချပညာကို ပုဂံခေတ်က 'ရွှေရည်ရေး' ဟု ခေါ်တွင်ခဲ့သည်။

ပုဂံခေတ် သက္ကရာဇ် ၅၈၅ ခုနှစ် ထိုးမင်းနန္တသူ လေးမျက်နှာ ဘုရားကျောက်စာကြောင်းရေ ၁၃၁၄ ၌ 'ပုထိုးထက်ကား ရွှေကျင်ခေတ်၏ ရွှေရည်သွန်းသော ရွှေဘုရားတစ်ခု၊ ငွေ ၅၀ သန်းသော ငွေဘုရားတစ်ခု၊ ကျောက်ဖြူပြု ရွှေရည်ရေးသော ဘုရားတစ်ခု' ဟု ရေးထိုးမှတ်တမ်းပြုထားခြင်းဖြင့် ပုဂံခေတ် အနုပညာလက်ရာ အလှူဒါနများတွင် မြန်မာ့ရွှေဆိုင်းကို အသုံးပြုကြောင်း ထင်ရှားစေသည်။

> **ရွှေဆိုင်းကို နှစ်လက်မတစ်မက်ရွှေဆိုင်း၊ နှစ်လက်မရွှေဆိုင်း၊ တစ်လက်မခွဲရွှေဆိုင်း . . .**

အင်းဝခေတ်တွင် ရွှေမျက်ပါးအတတ်ပညာ ပြန့်ပွားလာပြီး ဘုရင်နရပတိ၏ ရွှေနန်းတော်ဆောက်လုပ်ခဲ့မှုမှ ရွှေနန်းကျော့ရှင်ဟု ထင်ရှားခဲ့သည်။ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ် ဇာတ်ပေါင်းပျို့တွင် 'အောက်နှင့် အထက် အရှက်ရှက်လျှင် ဆစ်မျစ်ကြီးထုတ် ပါဠ္ဌခလုတ်ကို ကုတ်ကုတ်ကော်ကော် ဖက်သော်ခဲ့အောင် ထုတ်ဆောင်ပုံစံ၊ မျက်ပါးကျဲသို့' ဟု ရေးဖွဲ့ထားခြင်းကြောင့် 'ရွှေဆိုင်း' ကို 'မျက်ပါး' ဟုခေါ်၍ 'ရွှေချခြင်း' ကို 'မျက်ပါးကျဲ' ဟူ၍ သုံးနှုန်းကြောင်း သိရသည်။

တောင်ငူခေတ်၊ ညောင်ရမ်းခေတ်များတွင် ရွှေမျက်ပါးလွှာ ရွှေဆိုင်းပညာများ ပိုမိုထွန်းကားလာသည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်၌ ရွှေဆိုင်းပညာနှင့် ရွှေပြားခတ်လုပ်ငန်းများကို အားပေးချီးမြှောက်ခဲ့သည်။ မန္တလေးခေတ်တွင် ရွှေဆိုင်းပညာမှာ ကျယ်ပြန့်လာသည်ဟု ဆိုနိုင်သည်။

ယနေ့ မျက်မှောက်ခေတ် မန္တလေးမြို့ ၇၈ လမ်း၊ ၃၅×၃၈ လမ်းကြား၊ မျက်ပါးရပ်တွင် ရွှေမျက်ပါးဟုခေါ်သည့် မြန်မာ့ရွှေဆိုင်းပညာကို မြန်မာမှုအနုပညာအဖြစ် ပညာအမွေပေးဝေနေသူများနှင့် ပညာအမွေဆက်ခံယူနေကြသူများကို တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာပြည်တစ်လွှား ဘုရားစေတီပုထိုးများတွင် မြန်မာ့ရွှေဆိုင်းများကို ရောင်းဝယ်လှူဒါန်းမှုပြုနေကြသည့်အပြင် လူ့အသုံးဆောင်ပစ္စည်းများ ကျန်းမာရေးဆိုင်ရာ ဆေးဝါးများ၊ လူတို့၏ အသားအရေထိန်းသိမ်း စောင့်ရှောက်မှုများ၊ လောကီလောကုတ္တရာ ဗေဒင်ပညာများ၌ပါ တွင်ကျယ်စွာ အသုံးပြုလာကြပေသည်။ ဤသို့အားဖြင့် ပုဂံခေတ်မှယနေ့တိုင် ထည်ဝါစွာတည်ရှိလာသည့်မြန်မာ့ယဉ်ကျေးမှုအနုပညာများစွာမှ မြန်မာ့ရွှေဆိုင်းပညာမှာ အံ့မခန်းဖွယ်ရာ မြန်မာမှုအနုပညာ အဖြစ် ထင်ရှားနေသည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

နေပြည်တော်အခြေပြုခရီးသည်တင်အမြန်ယာဉ်များအားစစ်ဆေး

နေပြည်တော်၊ ဇွန် ၅

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တွင် နေပြည်တော်မှ စတင်အခြေပြု၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အသုံးပြုပြေးဆွဲနေသော ခရီးသည်တင်ယာဉ်မှန်လုံအမြန်ယာဉ်များ ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်တစ်စီးတွင် ကောင်းမွန်စွာ အချိန်မရွေးအသုံးပြုနိုင်သည့် အင်္ဂါရပ်များ စံချိန်စံညွှန်းကိုက်ညီမှု ရှိ-မရှိ စစ်ဆေးခြင်းကို နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိ အဝေးပြေးကားဝင်းတွင် ဇွန် ၃ ရက် နံနက် ၅ နာရီက ယာဉ်များမထွက်ခွာမီ စစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်ထွန်း၊ ပို့/ဆက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းသူစိုး၊ မ-ထ-သ(အဝေးပြေး)မှ လ/ထဌာနမှူး ဦးစိုးကြီး၊ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်သန့်ဇင်ဦး၊ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်၏အစိတ်အပိုင်းများ ကောင်းမွန်စွာ အလုပ်လုပ်သုံးစွဲနိုင်မှု ရှိ-မရှိ၊ ကားတာယာများ စံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်မှု ရှိ-မရှိ၊ အရည်အသွေးကောင်းမွန်သော မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်း ရှိ-မရှိ၊ အရေးပေါ်ထွက်ပေါက် အသုံးပြုနိုင်ခြင်း ရှိ-မရှိ၊ နောက်ကြည့်မှန်တပ်ဆင်ရာတွင် နောက်မြင်ကွင်းကို လွယ်ကူရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်မှု ရှိ-မရှိ စသော စည်းကမ်းချက်များကို စစ်ဆေးခဲ့သည်။

အလားတူ နေပြည်တော် Toll Gate တွင် ခရီးသည် တင်မှန်လုံယာဉ်များ ကြံ့ခိုင်မှုရှိ-မရှိ စစ်ဆေးခြင်း အား မေ ၁၇ ရက်မှစတင်၍ ပူးပေါင်းအဖွဲ့က UP & DOWN စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကိုကိုရူပ

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် လူတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံး

နေပြည်တော်၊ ဇွန် ၃

၂၀၁၄ ခုနှစ် ဇွန်၂ ရက် ည ၇ နာရီခွဲက ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ တောင်ချောင်းကျေးရွာတွင် လူတစ်ဦးမိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း သတင်းအရ သဲကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းကျေးရွာနေ ဦးအေး (၆၄) နှစ်သည် နေအိမ်ခြံဝင်းအတွင်းရှိ ဝက်ခြံဘေးတွင်ထိုင်နေစဉ် မိုးကြိုးထိမှန်၍ မီးလောင်ဒဏ်ရာများ ရရှိသေဆုံးခဲ့ကြောင်း သိရှိရပြီး သဲကုန်းမြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ် ၃/၂၀၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ကုန်းပေါ်တက်စဉ် ယာဉ်နောက်သို့ပြန်လိမ့်ရာ အမျိုးသမီးတစ်ဦးခုန်ချ၍ကားဘီးဖြင့်ကြိတ်မိ

ရန်ကုန်၊ ဇွန် ၅

မင်္ဂလာဒုံမြို့နယ်အတွင်း ဇွန် ၁ ရက် နံနက် ၈ နာရီ ၂၀ မိနစ်က ထောက်ကြန့်မြို့၊ တိုက်ဂါးဘီယာစက်ရုံလမ်းအတိုင်း အရှေ့မှအနောက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ဒိုင်နာယာဉ်လိုင်း အမှတ်-၁၉၈ ခရီးသည်တင်ယာဉ်သည် ဂျိုးဖြူရေပိုက်လိုင်း ကုန်းတက်အရောက် နောက်သို့ပြန်လိမ့်ကျခဲ့၍ယာဉ်ပေါ်ပါခရီးသည်မခင်ခင်ကျော် (၂၉) နှစ်၊မြောက်ဥက္ကလာပမြို့နယ်နေသူမှာ ယာဉ်ပေါ်မှခုန်ချခဲ့သဖြင့် ယာဉ်၏ဘီးဖြင့်ကြိတ်မိခဲ့၍ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင်ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သောကြောင့် ယာဉ်အား ပေါ့လျော့စွာမောင်းနှင်သူ ယာဉ်မောင်း (စုံစမ်းဆဲ) အား ထောက်ကြန့်နယ်မြေ ရဲစခန်းက ယာဉ် (ပ)၃၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က/၂၀၂ ဖြင့် အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(MLA)**

အရှိန်မထိန်းနိုင်သောယာဉ် လမ်းဘေးသို့ထိုးကျ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရ

နေပြည်တော်၊ ဇွန် ၅

၂၀၁၄ ခုနှစ်၊ ဇွန်၂ ရက် ညနေ ၃ နာရီခွဲက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ သရက်ကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၄/၅-၆) ကြား နတ်စင်ကွေ့တွင် ဘောနက်ကြီးကျေးရွာမှ ဘုရားကြီးမြို့ဘက်သို့ ပဲခူးမြို့နယ်၊ ထန်းတောကြီးကျေးရွာနေ မောင်ဦး (၃၃) နှစ် မောင်းနှင်လာသည့် နစ်ဆန်းခြောက်ဘီးကုန်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ထန်းတောကြီးကျေးရွာနေ အောင်ဖြိုး (၃၀) နှစ်ပါ လေးဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုရပ်ကွက်၊ ရန်ကင်းလမ်းနေ အောင်ဝင်း (၃၅) နှစ်ပါ ငါးဦး၌ ဒဏ်ရာများအသီးသီးရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ မောင်ဦးအား ဘုရားကြီးနယ်မြေ ရဲစခန်းက ယာဉ် (ပ)၁၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈/၃၀၄-က/၂၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။



ကျောင်းကြိုပို့ယာဉ်များ အန္တရာယ် ကင်းရှင်းရန်ပထမဆုံးအကြိမ်ဟောပြော

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်နေဝင်းလမ်း မြို့မဈေးကားမှတ်တိုင်အနီးရှိ ရေထွက်ပေါက်သည် လမ်းသွားလမ်းလာပြည်သူများနှင့် စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များ အန္တရာယ်ရှိသည့်အတွက် အဆိုပါရေထွက်ပေါက်အား အန္တရာယ်ကင်းရှင်းရေးကို သက်ဆိုင်ရာမှ ဆောင်ရွက်ပေးစေလိုကြောင်း လမ်းသွားလမ်းလာ ပြည်သူများနှင့် ဒေသခံများက လိုလားလျက်ရှိသည်။ သတင်းနှင့် ဓာတ်ပုံ - သက်ခိုင်(သန်လျင်)

ရန်ကုန်၊ ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး Down Town မြို့တွင်းရှိ အခြေခံပညာကျောင်းများ၌ ကြိုပို့ပြုလုပ်ပေးနေသော ကျောင်းကားများအား ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် ပထမဆုံးအကြိမ်အဖြစ် ဟောပြောမှုကို ဇွန် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း မထသ (ဗဟို) ၌ ဇွန် ၄ ရက်က ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲတွင် ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ပြောသည်။

"ကျွန်တော်တို့နိုင်ငံမှာက ကျောင်းကားအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေတာမရှိသေးဘူး။ များသောအားဖြင့် အသုံးပြုနေကြတာက စက်မှုဇုန်ထုတ်ကားတွေပဲ။ အဲဒါတွေကို ပထမဆုံးအကြိမ်ပို့ချမှာ။ မနှစ်ကစာရင်းအရ ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ ကျောင်းကားအရေအတွက်က ၇၈၀ ရှိတယ်။ ဒီနှစ်တော့နည်းနည်းတိုးလာနိုင်တာပေါ့။ တချို့နိုင်ငံတွေမှာတော့ ကျောင်းကားဆိုပြီး အဝါရောင်၊ အစိမ်းရောင်တွေ သီးသန့်သတ်မှတ်ထားကြတယ်။ အဲဒါတွေကလည်း အရေးကြီးကားတွေကို ဦးစားပေးသလိုမျိုး ကိုယ့်ကလေးတွေတက်နေတဲ့ကားဆိုပြီး ဦးစားပေးတဲ့သဘောမျိုးပါ။ မြန်မာနိုင်ငံမှာတော့ သီးသန့်သတ်မှတ်ထားတဲ့ကားမရှိသေးဘူး"ဟု ၎င်းက ပြောသည်။

အဆိုပါဆွေးနွေးမှုကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ပညာပေးဆပ်ကော်မတီအနေဖြင့် ဆရာ၊ ဆရာမများအား ဆွေးနွေးခဲ့ပြီး ၎င်းအဖွဲ့တွင် မထသ (ဗဟို)ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(ကညန)၊ အခြေခံပညာ(၃)မှ ဆရာများ ပါဝင်ကြောင်း ၎င်းကပြောသည်။

ယခုလိုဟောပြောဆွေးနွေးမှုများ ပြုလုပ်ရာတွင် ကျောင်းကားများနှင့် ကျောင်းများ မည်သို့စီမံအုပ်ချုပ်မှုနှင့် တာဝန်ရှိမှု တာဝန်ယူမှုအပိုင်းများကို မီးမောင်းထိုးပြခြင်း၊ လက်ရှိအချိန်တွင် ကျောင်းကားအများစုမှာ စက်မှုဇုန်ထုတ်ကားများဖြစ်သည့်အတွက် အန္တရာယ်မဖြစ်ခင်ကြိုတင်ပြင်ဆင်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောင်းကားအများစုမှာ ကျောင်းဝင်းပြင်ပများတွင်သာ ရပ်နားရသည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လမ်းပေါ်ထွက်စီးရသည့်အတွက် ယာဉ်တိုက်မှုအန္တရာယ် ပိုမိုဖြစ်ပွားနိုင်ပြီး ကားရပ်နားရန်ရှိသော ကျောင်းဝင်းများတွင် ကြိုပို့ယာဉ်များ ဝင်ရောက်ရပ်နားရန်လိုအပ်ကြောင်း မထသ(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ထပ်မံရှင်းပြသည်။ **တင်မောင်ဦး**

တောင်သာမြို့ လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း(၁/၂၀၁၄)ဖွင့်လှစ်

တောင်သာ၊ ဇွန် ၅

နိုင်ငံတော်မှ ဒီမိုကရေစီစနစ်နှင့်အညီ လယ်ယာမြေကိစ္စရပ်များနှင့် ပတ်သက်၍ ဒေသခံပြည်သူများ အမှန်တကယ် နစ်နာမှုမရှိစေရန်အတွက် လယ်ယာမြေအသုံးချမှုနှင့် ပတ်သက်၍ စနစ်တကျ ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တောင်သာမြို့နယ် ရပ်ကွက်/ကျေးရွာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၄)ကို ဇွန် ၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အတွင်းရေးမှူး ဦးကြည်ဝင်းက ဥပဒေ၊ နည်းဥပဒေများကိုရှင်းလင်းခဲ့ပြီးသင်တန်းကာလမှာ ဇွန် ၂ ရက်မှ ဇွန် ၃ ရက်အထိ ဖြစ်သည်။ **ကျော်မျိုးနိုင်(တောင်သာ)**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှိုက်ကန်အတွင်းမှ ၉ မမ ကျည်များနှင့် ၉ မမကျည်ကတ်တွေ့ရှိ

ရန်ကုန်၊ ဇွန် ၅

အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ မင်းရဲကျော်စွာလမ်းတွင် ဇွန် ၃ ရက် နံနက် ၆ နာရီခွဲက အုတ်အမှိုက်ကန် (အလ-၀၀၁) အမှိုက်သိမ်းရန် တာဝန်ထမ်းဆောင်နေသော လပြည့်(၁၉) နှစ် လိုင်း(၃)၊ အခန်း(၁၀) သန့်ရှင်းရေးဝန်ထမ်းလိုင်း၊ အလုံဘောလုံးကွင်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေသူမှ အမှိုက်များသိမ်းဆည်းနေစဉ် ကြွပ်ကြွပ်အိတ်အဖြူရောင် အသေးဖြင့်ထည့်လျက် ၉ မမကျည် ကိုးတောင့်(ကောင်း)၊ ၉ မမကျည်ကတ် တစ်ခု (မကောင်း) ကို တွေ့ရှိ၍ သန့်ရှင်းရေး တာဝန်ခံဖြစ်သူ ဦးဟန်မျိုးလှိုင်ထံ သတင်းပို့အပ်နှံခဲ့သည်။

ဦးဟန်မျိုးလှိုင်မှတစ်ဆင့် ခရိုင်စည်ပင်အုပ်ချုပ်ရေးမှူးထံ ဆက်လက်တင်ပြခဲ့ပြီး၊ ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် အလုံရဲစခန်းသို့ လာရောက်အပ်နှံ သတင်းပို့ခဲ့သဖြင့် ဒုရဲအုပ်ဌေးအောင်မှ ၉ မမကျည် ကိုးတောင့်(ကောင်း)၊ ၉ မမကျည်ကတ် တစ်ခု(မကောင်း)တို့အား ရှာဖွေပုံစံဖြင့် ဦးဟန်မျိုးလှိုင်ထံမှ သိမ်းဆည်းထားရှိခဲ့သည်။

အဆိုပါ ကျည်များအားအလုံမြို့နယ် မြို့မရဲစခန်းက လက်နက်/ခဲယမ်းစတိုတွင် သိမ်းဆည်းထား၍ အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဌေးအောင်မှ ၉ မမကျည် ကိုးတောင့်(ကောင်း)၊ ၉ မမကျည်ကတ် တစ်ခု(မကောင်း) တို့အား အမှတ် (၉၀၆)စစ်လက်နက်အင်ဂျင်နီယာတပ် အင်းတကော်သို့ သွားရောက်အပ်နှံရန် စီစဉ်ထားရှိကြောင်း သိရသည်။ **ကိုတင်မောင်ဦး(အလုံ)**

အင်းလေးကန်တွင်း ကုသိုလ်ဖြစ်ငါးလွှတ်ပါက အကူအညီပေးမည်

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးကန်အတွင်းသို့ ကုသိုလ်ဖြစ် ငါးလွှတ်လိုပါက ရှမ်းပြည်နယ်ငါးလုပ်ငန်း အဖွဲ့ချုပ်မှ ဝန်ဆောင်အကူအညီပေးရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။ ထိုဒေသသို့ လည်ပတ်လေ့လာရောက်ရှိသူများမှာ ကုသိုလ်ဖြစ်ငါးလွှတ်ချင်သော်လည်း ရှာမရဖြစ်သလို ငါးမျိုးစိုက်ထည့်ခြင်းကို လုပ်ဆောင်ပေးမည့် ကမ္ဘာလှည့်များအနေဖြင့် မည်သည့်အဖွဲ့ဖြင့် ဆက်သွယ်လုပ် ဆောင်ရမှန်းမသိဘဲဖြစ်သည့် အခြေအနေကို ရှမ်းပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဝန်ဆောင်မှုအကူအညီ ပေးရန်စီစဉ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အရွယ်အစားကြီးကာ ကျန်းမာသန်စွမ်းသည့် သားပေါက်ငါးမျိုးစုံကို ညောင်ရွှေဆိပ်ကမ်းတွင် အစဉ်မြဲရရှိစေရန် စီစဉ်ပေးမည်ဖြစ်ပြီး ငါးလွှတ်လိုသူ များက ဖုန်း ၀၉-၄၂၈၃၅၄ ၃၄၉၊ ၀၈၁-၂၀၉၇၄ စသော ဖုန်းများသို့ ဆက်သွယ်ကြိုတင်စီစဉ်မှာထားနိုင်ကြောင်း သိရသည်။အင်းလေးကန်အတွင်း ငါးသားပေါက်ကောင်ရေ ၁၀ သိန်းကိုလည်း မျိုးစိုက်ထည့်ခြင်းနှင့် ဒေသခံများမှ လှောင်အိမ်စနစ်ဖြင့် မွေးနိုင်ရန် ထောက်ပံ့စီစဉ်ခြင်းကို ကမ္ဘာ့ရတနာဘဏ်လီမိတက် (ယခင် မွေးမြူရေး နှင့် ရေလုပ်ငန်းဘဏ်လီမိတက်) ဥက္ကဋ္ဌလည်းဖြစ်သူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးမောင်မောင်သိမ်း က စီစဉ်နေကြောင်း ဆက်လက်သိရှိရသည်။ **(၆၈၀)**

အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ပြည်တွင်းသတင်းဌာနမှ သတင်းထောက်များနှင့်တွေ့ဆုံ

နေပြည်တော်၊ ဇွန် ၅

၂၀၁၄ ခုနှစ်၊ မေ ၃၀ ရက် မွန်းလွဲ ၂ နာရီမှ ၃ နာရီခွဲအထိ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး အစည်းအဝေးခန်းမ၌ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ် ဦးဆောင်သော အဖွဲ့သည် MRTV-4၊ MITV၊ Sky Net Police Channel၊ 5 Network စသည့် သတင်းဌာနများအပါအဝင် ပြည်တွင်းသတင်းနှင့် ဂျာနယ်သတင်းထောက် ၂၅ ဦးတို့နှင့် တွေ့ဆုံ၍ မီဒီယာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာတွင် သတင်းမီဒီယာရှင်းလင်းရေးအဖွဲ့က မေ ၂၃ ရက်မှ ၂၉ ရက်အထိ တစ်ပတ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု အခြေအနေ၊ စည်းကမ်းပျက်ယာဉ်ဖမ်းဆီးမှုအခြေအနေ၊ ကရိန်းယာဉ် ဖမ်းဆီးမှုအခြေအနေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာသည့် ဟိုင်းလတ်ယာဉ်များ ဖမ်းဆီးရမိမှုအခြေအနေနှင့် မီးပွိုင့်တာဝန်ကျ တပ်ဖွဲ့ဝင်များမှ စည်းကမ်းချိုးဖောက် ယာဉ်များ မှတ်သားဖမ်းဆီးရမိမှု အခြေအနေများအား ချပြရှင်းလင်းခဲ့ပြီး တက်ရောက်လာကြသည့် သတင်းထောက်များ၏ သိရှိလိုသောမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

အမှတ်(၂)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးဒုတိယရဲမှူးကြီး လင်းထွဋ်မှ ပြည်တွင်းသတင်းထောက်များအား ရှင်းလင်းပြောကြားနေစဉ်။

ပညာရေးအထောက်အကူပြုပစ္စည်းများပေးအပ်

ရေကြည်၊ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ စစ်တပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ဇွန် ၃ ရက် နံနက် ၁၀ နာရီက ငါးသိုင်းချောင်းမြို့နယ်ခွဲမှ စေတနာရှင်အလှူရှင်များက စုပေါင်း၍ ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲ ကျင်းပခဲ့သည်။

ကွင်းကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် စစ်တပင် အမကကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံကျား၊ မ ၅၅ စုံ၊ ဗလာစာအုပ် ၂၂ ဒါဇင်၊ ခဲတံ ၆၀ ဒါဇင်၊ မိုးကာ ၆၀ ကိုက်၊ စတီးအလံတိုင် ၁၉ ပေနှင့် ခြောက်လက်မ တစ်တိုင်၊ တာပေါ်လင် ၅၈ ကိုက်တို့ကို ငါးသိုင်းချောင်းမြို့နယ်ခွဲမှ ရေယာဉ်ပိုင်ရှင်များအသင်း၊ စေတနာရှင် အလှူရှင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက စစ်တပင်ကျေးရွာအရောက် ပညာရေးအထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် အမက စစ်တပင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးရီချို က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။ **မင်းဇော်ဦး(ရေကြည်)**

အမျိုးသမီးရေးရာအဖွဲ့မှ စက်ချုပ်သင်တန်းဖွင့်

နေပြည်တော်၊ ဇွန် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့မှ ဖွင့်လှစ်သော စက်ချုပ်သင်တန်းကို ဆေးရုံအမှတ်(၁၁) တွင် ဇွန် ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ စက်ချုပ်သင်တန်းဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒုတိယဝန်ကြီးနှစ်ဦး၏ ဇနီးများ၊ အဖွဲ့ဥက္ကဋ္ဌ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း)၏ ဇနီးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ ယင်းစက်ချုပ်သင်တန်းသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်သင်ယူကြကြောင်း သိရသည်။ **သူဇာလှိုင်(စက်မှု)**

ညောင်ဦးမြို့နယ်၌ ယခုနှစ် ကျောင်းအပ်ရာသီတွင် အခမဲ့ပညာသင်စနစ်ဖြင့် ကျောင်းအပ်သူများပြား

ကျောင်းသားမိဘများ နိုင်ငံတော်၏ အခမဲ့ပညာသင်စနစ်ဖြင့် ကျောင်းအပ်နေကြစဉ်။

ညောင်ဦး၊ ဇွန် ၅

ကျောင်းသား မိဘများသည် နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားရေးစနစ်ဖြင့် ယခုနှစ် ကျောင်းဖွင့်ရာသီ၌ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက် တောရွာများတွင် ဇွန် ၂ ရက် နံနက် ၉ နာရီ၌ ကျောင်းသား၊ ကျောင်းသူ ငါးနှစ်ပြည့် ကလေးငယ်များကို ယဉ်ဆန်းကျေးရွာ အစိုးရမူလတန်းလွန်ကျောင်းတွင် ကျောင်းအပ်နှံကြကြောင်း သိရသည်။

"ကျွန်မတို့ ယခုကျောင်းအပ်တာက ငါးနှစ်ပြည့်တဲ့ကလေးတွေ အပ်တာပါ။ ယခုနိုင်ငံတော်အကြီးအကဲများက အခမဲ့ပညာရေးစနစ်ကို သင်ကြားစေသည့်အတွက် ကျွန်မတို့ ကျေးလက်တောရွာမှ မရှိဆင်းရဲနွမ်းပါးတဲ့ သူတွေအတွက် အတော်ကျေးဇူးတင်ဖို့ကောင်းပါတယ်။ ကျွန်မအနေနဲ့လည်း နိုင်ငံတော်မှ ယခုလို အခမဲ့ပညာရေးစနစ် သင်ကြားစေတဲ့အတွက် နိုင်ငံတော်အကြီးအကဲများကို ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အရင်က ကျောင်းဖွင့်ချိန်ရောက်ပြီဆိုရင် ကလေးတွေ ကျောင်းထားဖို့အတွက် စိတ်ဆင်းရဲရတယ်။ ကျောင်းဝတ်စုံချုပ်ပေးရတာတစ်မျိုး၊ ကျောင်းဝင်ကြေးပေးရတာက တစ်မျိုး၊ ဘာကြေးညာကြေးနဲ့ ကုန်ကျစရိတ်များပြားလွန်းတဲ့အတွက် စိတ်ဆင်းရဲရတယ်။ အခုဆို ကျောင်းဖွင့်ပြီဟေ့ဆိုရင်ပဲ ကလေးကျောင်းပို့ရုံပဲဆိုတော့ စိတ်အေးရတယ်" ဟု ယဉ်ဆန်းရွာမှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

"အခုလို အခမဲ့ကျောင်းအပ်ရတဲ့အတွက် ကလေးအကြီးတွေ အတွက် စိတ်အေးရပါပြီ။ ကျွန်မတို့ တောအရပ်တွေမှာလည်း သုံးနှစ်ထက်ကြီးတဲ့ကလေးတွေအတွက် ပညာသင်ရန် မူကြိုကျောင်းဖွင့်မယ်လို့ ရေဒီယိုသတင်းတွေက ကြားသိရပါတယ်။ ဒါလေးတွေကိုလည်း ကျွန်မတို့ တောရွာက ကလေးတွေအတွက် ပိုကောင်းတာပေါ့။ တချို့နေရာတွေမှာ ရွာက မူကြိုကျောင်းတွေဆောက်ပြီး ရွာမှ ကူညီပံ့ပိုးပေးရတယ်လို့ ကြားသိရတယ်။ အဲဒီတော့ ကျွန်မတို့ရပ်ရွာတွေမှာလည်း ရွာမှ အကူအညီပေးနိုင်ပါတယ်။ မူကြိုကျောင်း ကလေးတွေအတွက် အမြန်ဆုံးဖွင့်ပေးစေလိုပါတယ်။ ဒါမှ ကျွန်မတို့ ကျောင်းနေကလေးတွေ အခြေခံကောင်းကောင်းနဲ့ ဆယ်တန်းအောင်ချက်ကောင်းမှာဖြစ်ပါတယ်"ဟု ရွာသာအေးကျေးရွာမှ ကလေးမိခင်တစ်ဦးက ပြောသည်။

ကျော်ရွှေ (ညောင်ဦး)

09-73155403
01-681856

အမည်ပြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့ ကွင်းအမှတ်(၂၀၂၅)၊ အကွက်အမှတ်(အက်ဖ်-၃၇)ဟုခေါ်တွင်သော မြို့မရပ်ကွက်၊ အိမ်အမှတ်(မမ-၂၆၄)၊ ရုံးလမ်း၊ ချောင်းဦးမြို့ဟုခေါ်တွင်သော အကျယ်အဝန်း(၀. ၃၅)ဧကရှိ မြေကွက်၏အရှေ့ဘက်တွင် ဦးခင်မောင်သန်း နေအိမ်ဝင်း၊ အနောက်ဘက်တွင် ဦးစံတင် အိမ်ဝင်းနှင့် ဘုရားသုံးဆူမြေ၊ တောင်ဘက်တွင် ဦးသန်းဆွေ အိမ်ဝင်း၊ မြောက်ဘက်တွင် ရုံးလမ်းဟုခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ တစ်ထပ်တိုက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်မှာ မုံရွာခရိုင်တရားရုံး၏တရားမကြီးမှုအမှတ်-၁၁၂/၂၀၀၇ ၏ ၁၄-၁၁-၂၀၀၈ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအရ ဒေါ်အေးသီနှင့် ဒေါ်ခင်စိုးအေးတို့ နှစ်ဦးအတူတကွ ပိုင်ဆိုင်သောအိမ်နှင့်မြေဖြစ်ပါသည်။

ထိုအိမ်နှင့်မြေအား တရားရုံးအမိန့်နှင့် ဒီကရီအရ ပိုင်ဆိုင်သူတစ်ဦးဖြစ်သည့် ဒေါ်အေးသီ၏ ခွင့်ပြုမိန့်တစ်စုံတစ်ရာမှမရရှိဘဲ မြေနှင့်အိမ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ လှူဒါန်းခြင်း စသည်ကိစ္စရပ်များအားလုံးတို့အား မပြုလုပ်ရန်တားမြစ်အပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးသီ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်အောင်ထွန်း(စဉ်-၅၁၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၇၃)၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မြို့မပိုင်းရပ်ကွက်နေ ကိုမြတ်သူ (ဘ)ဦးလှကြိုင်[၁၂/ကခက(နိုင်)၀၅၉၇၂၄]ကိုင်ဆောင်သူနှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အနောက်အောင်မေတ္တာ(၄)လမ်း၊ အမှတ်(၈၇)နေ မခင်ချိုလတ် (ဘ)ဦးမောင်မြ[၁၂/မရက(နိုင်)၁၃၅၃၄၇]ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ ပေါင်းသင်းရန်ဆန္ဒမရှိတော့ဘဲ ၂၅-၅-၂၀၁၄ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးလူကြီးများရှေ့မှောက်၌ တရားဝင်နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နောက်နောင်တွင် ကိုမြတ်သူနှင့် မခင်ချိုလတ်တို့သည် မည်သို့မျှသက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မခင်ချိုလတ်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်သူလှိုင် LL.B,D.B.L
အထက်တန်းရှေ့နေ(စဉ်-၂၆၃၁၉)
အမှတ်(၁၆၈)၊ အောင်ဇေယျာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

လုပ်ငန်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို မိမိတစ်ဦးတည်းမှုပိုင်ဖြစ်ကြောင်း ကြေညာခြင်း



စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၅၂၇၈/၂၀၁၄

အမှတ်-၄၂(ဘီ)၊ ၁၁ လမ်း၊ အလယ်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ ဒေါ်ရီရီချို[၁၄/မအပ(နိုင်)၁၂၁၁၁၂]၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်တွင် ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အမည်၊ အမှတ်အသားမှာ "Yee Fashion Designer Group(YFDG)" ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ အင်တာနက်၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ Letter Head တံဆိပ်တုံးအစရှိသည်တို့တွင်လည်း အဆိုပါလုပ်ငန်း အမှတ်တံဆိပ်အမှတ်အသားဖြင့် စက်ချုပ်နှင့်ဒီဇိုင်းပညာသင်တန်းကျောင်းကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရုံးခန်းများဖွင့်လှစ်၍ လုပ်ကိုင်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းတွင်အသုံးပြုသော စတေကာ၊ အသားတံဆိပ်၊ ဒီဇိုင်းအမျိုးမျိုးအစရှိသည့် ၎င်းလုပ်ငန်း၊ အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမှုပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါလုပ်ငန်းအမည်၊ တံဆိပ်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား ထင်ယောင်ထင်မှားတုပပြုလုပ်၍ အသုံးမပြုရန်တားမြစ်လိုက်ပါသည်။ သတိပေးတားမြစ်ချက်ကို ချိုးဖောက်ပြီး မိမိ၏လုပ်ငန်းအကျိုးစီးပွား တစ်စုံတစ်ရာထိခိုက်နစ်နာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားစွဲဆိုခြင်း ပြုလုပ်မည့်အပြင် တုပပြုလုပ်ထားသည့် တံဆိပ်အမှတ်အသားကို ပယ်ဖျက်ပေးသည့်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီချို၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသန့်[B.A(Law),.LLB]	**ဦးမူဆာ(BSC,H.G.P,D.B.L)**
တရားလွှတ်တော်ရှေ့နေ(၁၈၇၀)	**အထက်တန်းရှေ့နေ(၇၈၃၆)**
ဦးကျော်မြင့်(H.G.P.,LLB)	**ဒေါ်နှင်းမြခိုင် (LL.B,LL.M)**
တရားလွှတ်တော်ရှေ့နေ(၃၂၂၆)	**အထက်တန်းရှေ့နေ(၃၄၇၂၂)**

အမှတ်(၁၀၁)ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၇၀၄၂၈၀၊ ၀၉-၅၀၈၆၇၀၄

တရားမဝင်အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များ ရောင်းဝယ်ဖောက်ကားမှုအပေါ် သတိပြုရန်

ယခုအခါ တရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်အမြောက်အမြား ပြည်ပမှ ပြည်တွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိပါသည်။ ယင်းပစ္စည်းများသည် ကြီးကြပ်ကန့်သတ်မှုဖြင့် ပြည်တွင်း၌ တရားဝင်ထုတ်လုပ်၍ အခွန်ပေးဆောင်နေသောလုပ်ငန်းများကို နစ်နာစေကြောင်း တွေ့ရပါသည်။ ၎င်းတရားမဝင် အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များကို ရောင်းဝယ်ဖောက်ကားနေခြင်းသည် ဥပဒေကို ဖောက်ဖျက်နေခြင်းပင်ဖြစ်ရာ ထိုသို့ဆောင်ရွက်မှုအားလုံးကို ရပ်တန့်ကြပါရန် သတိပေးနှိုးဆော်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကနောင်မင်းသားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ မြေကွက်အမှတ်(၅၃၄)၊ အကျယ်အဝန်းပေ(၄၀×၆၀) အကျယ်ရှိ ဒေါ်လွင်လွင်ကျော် အမည်ဖြင့် တည်ရှိသော မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးဌေး[၅/မကန(နိုင်)၀၃၄၁၁၈] ထံမှ ကျွန်မ ဒေါ်ရီရီမော်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်မထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရီရီမော်[၁၄/မအပ(နိုင်)၀၁၅၉၉၅]
ဖုန်း-၀၉-၃၀၃၈၂၇၀၃

မြေကွက်ရောင်းမည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်းမပေါ်(၆၁/A)
အကျယ်ပေ (၁၀၀×၁၃၀) ထောင့်ကွက်
ဖုန်း-၄၅၀၀၂၂၂၉၈၊ ၂၅၀၆၁၉၇၂၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြေကွက်ကြီးအမှတ်(၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်ရာကွက်ငယ်အမှတ်(၂၄၈)၊ ပေ(၄၀×၆၀)မြေကွက်အကျယ်အဝန်းရှိ ဦးကြည်စန်း(HGU-၀၀၈၃၀၀)အမည်ပေါက်မြေကွက်နှင့် မြေကွက်အပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအရပ်စာချုပ်အဆင့်ဆင့်ဖြင့် ရောင်းဝယ်၍လက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိပြီး မြေချပါမစ်မူရင်း၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းအဆက်ဆက်၊ ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းများ နှင့်တကွ တရားဝင်ထပ်ဆင့်လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးထွန်း[၁၂/မဂဒ(နိုင်)၀၇၃၈၁၀]ထံမှ ဒေါ်နှင်းအေးငြိမ်း[၁၂/ဗဟန(နိုင်)၀၀၃၇၅၀]နှင့် ဒေါ်အိအိဖြူ[၉/မမန(နိုင်)၀၈၀၇၇၇]တို့ကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ မည်သူမဆိုဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

၁။ ဒေါ်နှင်းအေးငြိမ်း [၁၂/ဗဟန(နိုင်)၀၀၃၇၅၀]
ဖုန်း-၀၉-၂၅၀၄၉၂၈၁၇
၂။ ဒေါ်အိအိဖြူ [၉/မမန(နိုင်)၀၈၀၇၇၇]
အမှတ်-၁၅၊ (၇)လွှာ၊ နတ်စင်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်-၃၉၆/B၊ ဧရိယာဧက-၀. ၀၅၅၊ စတုရန်းပေ(၄၀×၆၀)ရှိ ဂရန် မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်-၃၉၆/B-၊ သုမန-၃လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်စန္ဒီမြလှ[၁၂/ဒဂန(နိုင်)၀၂၇၆၇၈]ထံမှ ဝယ်ယူရန် သဘောတူညီ၍ အရောင်းအဝယ်ပြုလုပ်ကာ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်ရာ စာချုပ်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(၄၃၂၂)
အမှတ်-၃၁၂/၃၁၈၊ ဂရိတ်ဝေါကွန်ဒို၊ (အခန်းအမှတ်-၁၀၁)၊ ၄-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၉၁၅၉၊ ၀၉-၇၃၀၄၅၆၈၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅
တိုက်ကြီးမြို့နယ် တရားမရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

ဦးပန်းသာ	နှင့်	ဦးအေးနိုင်ပါ-(၉)ဦး
(တရားလို)		**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ချင်းကုန်းအုပ်စု၊ ကျားချောင်းကျေးရွာနေ ဦးစံထွန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုဦးပန်းသာ မှအမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ် ဇွန်လ ၁၈ရက် (၁၃၇၆ခုနှစ်၊ နယုန်လပြည့်ကျော် ၆ရက်)မွန်းမတည့်မီ ၁၀နာရီတွင်အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့အပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက် တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီ ပြုလိုသည့်စာရွက်စာတမ်း အစရှိသည့်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်အတွင်း ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုအဆိုင်မီ(၄)ရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် မေလ ၂၈ရက် တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်မျိုးထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး
တိုက်ကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅
တိုက်ကြီးမြို့နယ် တရားမရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈

ဦးခင်မောင်မြင့်	နှင့်	ဒေါ်လှဲ့လှဲ့ချောဝင်းပါ-(၃)ဦး
(တရားလို)		**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးအောင်သိန်းဝင်းနှင့် ဒေါ်ခင်အိအိထွန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလို ဦးခင်မောင်မြင့်မှ မိမိသာလျှင် တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်သူဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ် ဇွန်လ ၁၈ရက် (၁၃၇၆ခုနှစ်၊ နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင်အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့အပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက် တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီ ပြုလိုသည့်စာရွက်စာတမ်း အစရှိသည့်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်အတွင်း ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုအဆိုင်မီ(၄)ရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် မေလ ၂၈ရက် တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်မျိုးထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး
တိုက်ကြီးမြို့နယ်တရားရုံး

ထိပ်တန်းဆောက်လုပ်ရေးကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း ကြေညာခြင်း

ထိပ်တန်းဆောက်လုပ်ရေးကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(Super Builder Corporation Public Company Limited)ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်အမှတ်-၆၅၆/၂၀၁၄-၂၀၁၅(၁၂-၅-၂၀၁၄)ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ထိပ်တန်းဆောက်လုပ်ရေးကော်ပိုးရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အထွေထွေဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ ဟိုတယ်လုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။

အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း(ကျပ် ၁၀၀၀၀)သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဥပဒေနှင့်အညီ ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကုမ္ပဏီရုံးခန်းကို ပထမထပ်၊ တိုစတာပလာဇာ၊ လေးဒေါင့်ကန်လမ်းမ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပါသည်။

ဒါရိုက်တာအဖွဲ့
ထိပ်တန်းဆောက်လုပ်ရေးကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

(အများပြည်သူသို့ အသိပေးကြေညာခြင်း) [illegible]

ရန်ကုန်မြို့၊ ... မြို့နယ်၊ ... အမှတ် – 577 (A,B,C) နှင့် [illegible]

မြေကွက်အမှတ် – 2E/1, 2E/2, 2E/3, 2E/4 ... (1,023) ... [illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ လူနေရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၃၉၅)၊ အလျားပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၁၆-၅-၂၀၀၀ရက်စွဲပါ မြေချပါမစ် အမှတ်စဉ်-၂၅၆၂ဖြင့် (အဖ)ဦးမှုန်၏သားဖြစ်သူ ဗိုလ်မှူးကျော်စိုးဝင်(TZY-၀၈၈၂၀၃)[၈/ပခက(နိုင်)၂၂၂၂၈၉] အမည်ပေါက်ဖြင့် ချထားပေးခဲ့သော မြေပါမစ်မြေကွက်ကို လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အဆိုပါ ပါမစ်မြေကွက်ကိုအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ခုနှစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသိမ်း B.A(Law);LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၄)
အမှတ်(၄၅၂)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၂)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၈၆၉၅၇

မင်္ဂလာမေအသင်းသူများသို့

မင်္ဂလာမေအမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်မှု သမဝါယမအသင်း၏ အစုတစ်စုတန်ဖိုးသည် ငွေကျပ် (ကျပ်တစ်သိန်းတိတိ)ဖြစ်သဖြင့် (ကျပ်တစ်သောင်းတိတိ)ထည့်ဝင်ထားသော အသင်းသူများသည် အစုတစ်စု၏ သတ်မှတ်တန်ဖိုးပြည့်ရန် ထပ်မံထည့်ဝင်ခြင်းကို တစ်လအတွင်း ဆက်သွယ်နိုင်ပါကြောင်းနှင့် အစုတစ်စုပြည့်ရန် ထည့်ဝင်ခြင်းမရှိသော အသင်းသူများသည် မိမိတို့ထည့်ဝင်ထားသောငွေကျပ် (၁၀၀၀၀ိ/-) (ကျပ်တစ်သောင်းတိတိ)နှင့်လက်ဆောင်ပစ္စည်းများကို ၉-၆-၂၀၁၄ရက်မှ ၉-၇-၂၀၁၄ရက်အတွင်း မှတ်ပုံတင်မိတ္တူနှင့် လာရောက်ထုတ်ယူကြပါရန်နှင့် သတ်မှတ်ကာလအတွင်း ထုတ်ယူခြင်းမရှိပါက ၎င်းအစုငွေများအားအသင်း၏ အထွေထွေရန်ပုံငွေစာရင်းသို့ ပေးသွင်းခြင်းနှင့် အသင်း၏လုပ်ထုံးလုပ်နည်းအတိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်- အမှတ်(၃၀)၊ ပထမထပ်၊ လမ်း(၁၄၀)၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၂၀၅၈၂၃၊ ၂၀၅၈၂၄

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၃၂၇)ဟုခေါ်တွင်သော (၃½)ထပ်အဆောက်အအုံ၏ ပထမထပ်ခြေရင်းခန်း(၁၂½'×၅၀')အကျယ်ရှိ တရားဝင်ပိုင်ဆိုင်သူ ဦးအောင်မြင့်[၁၂/တကတ(နိုင်)၁၃၃၄၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနောင်နောင်(အထက်တန်းရှေ့နေ)
(စဉ်-၃၀၁၃၂)
အမှတ်-၁၄၄(က)၊ ပတ္တမြားလမ်း၊
သွတ်ဝိုင်းကြီးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၁၅၈၂၇၃

ရန်ကုန်မြို့ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
နှိုးဆော်လွှာ

ရန်ကုန်မြို့ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၊ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၏ အဆိုအမိန့်များနှင့်အညီ ဆရာကြီး၏ လက်ရင်းသားတပည့်များဖြစ်သော ဓမ္မကထိကဆရာ ဦးခင်မောင်ရီ၊ ဆရာ ဦးမောင်အုန်း၊ ဆရာဦးသိန်းဆွေ (ရန်ကုန်)တို့က တရားဟောပြောပြသတရားစခန်းဖွင့်လှစ်ရန် "မူလသစ္စာဒီပက ဓမ္မရိပ်သာ"အဆောက်အအုံကို ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၁၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ ကုန်းဘောင်အိမ်ရာ၌ ဆောက်လုပ်ပြီးစီးရန် အနည်းငယ်မျှသာလိုအပ်ပါသောကြောင့် အပြီးသတ်ဆောက်လုပ်ရန် ယောဂီများ၊ အလှူရှင်များမှ သဒ္ဓါတရားအလျောက်ထည့်ဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၊ ရန်ကုန်မြို့

ဆက်သွယ်လှူဒါန်းရန်

ဦးမြသောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ	**၀၁-၂၉၂၀၅၀၊ ၀၉-၃၀၂၂၈၇၈၅**
ဦးညွန့်လှိုင်၊ ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ	**၀၁-၅၄၆၈၃၈၊ ၀၉-၃၀၁၆၆၈၀၅**
ဦးသန်းလွင်၊ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ	**၀၁-၅၂၅၁၀၉၊ ၀၉-၃၁၉၄၆၇၄၈**

GREAT English Language Centre
1st fl. 126, 40th street, Kyauktada,
Daw Khin Thida M.A.(English) YU
(Cert. RELC, S'pore, UK, USEs,Uni teacher,
Ex. ISY ESL teacher) (095105306)
4-SKILL(intermediate)
8-10am Sat, Sun (7 June)
IELTS
(Sound.) 3-5pm Mon, Tue, Wed (2 June)
(Stand.) 1-3 pm Mon, Tue, Wed (9 June)
(Adv.) 1-3 pm (regular) (Sat, Sun)
(speaking& writing) 8-10 am, 10-12pm Tue,Wed
Young learners
10-12pm, 3-5 pm (regular) (Sat, Sun)
(SAT,TOEFL,GED,EP, individual classes available)

Saloon Car များငှားရမ်းလိုခြင်း

ကျွန်တော်များကုမ္ပဏီမှ ရုံးလုပ်ငန်းသုံးစွဲရန် Saloon Car (1300 cc to 1500 cc) (၃၀)စီးအား လချုပ်စနစ်ဖြင့် ငှားရမ်းလိုပါသဖြင့် ပိုင်ရှင်များ ကိုယ်တိုင် (သို့)ကုမ္ပဏီဖြစ်စေ အောက်ဖော်ပြပါဖုန်းနံပါတ်နှင့် လိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၄၀၉၆၃၆၊ ၀၉-၄၂၀၇၀၂၀၄၃၊ ၀၉-၄၂၀၃၁၅၉၉၊ ၀၉-၄၂၀၂၃၄၁၆၈၊ ၀၉-၄၃၀၃၃၁၆၅

ဆက်သွယ်ရန်လိပ်စာ- အမှတ်(၃၃)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

O.T.S (71)
သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ ၂၀-၆-၂၀၁၄ရက်တွင် ကျရောက်မည့် O.T.S(71) ၏ ကျောင်းဆင်းပွဲ (၂၈)နှစ်မြောက် အထိမ်းအမှတ် စုပေါင်းအလှူဒါနပြုပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါနေ့ရက်၊ နာရီချိန်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

	နေ့ရက်/အချိန်	နေရာ
စုပေါင်းအလှူဒါနပြုပွဲ	၂၀-၆-၂၀၁၄ရက် (သောကြာနေ့) ၈း၃၀ နာရီ	ဇီဝိတဒါနသံဃာ့ဆေးရုံ ဗဟန်း၊ ရန်ကုန်မြို့။
	၁၁း၀၀နာရီ	အမှတ်(၂)၊ တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
မိတ်ဆုံညစာစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ	၁၈း၀၀နာရီ	M3 Food Center ဗဟန်းအားကစားကွင်း

၂။ အလှူငွေများ ထည့်ဝင်နိုင်ရန် အောက်ဖော်ပြပါ သူငယ်ချင်းများထံသို့ ဆက်သွယ်ရန်နှင့် အထက်ပါအလှူဒါနပြုပွဲနှင့် မိတ်ဆုံညစာစားပွဲသို့ မိသားစုနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ)

ရန်ကုန်		နေပြည်တော်	
ကျော်နိုင်မြင့်	၀၉၅၀၁၈၇၁၉	မြင့်ဝေ	၀၉၄၉၂၄၉၃၀၆
ထွန်းဖေ	၀၉၈၇၀၁၆၉၄	မြင့်သူ	၀၉၄၉၂၀၁၂၇၃
တင်ထွန်း	၀၉၄၂၀၃၁၈၄၄၇	နေမျိုးသန်း	၀၉၈၆၁၀၂၀၇

73009869
73028433
73013432
ENGLISH

အများသိစေရန်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၅၀/F)၊ ကမ္ဘာအေးစေတီလမ်း၊ နဝဒေးလမ်းသွယ်၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၃/ဈ၁)၊ ဧရိယာ(၀. ၀၇၃)ဧကရှိ B လ/န ၃၉မြေပိုင်မြေသည် ဦးကျော်ဝင်း[၁၂/ဒဂန(နိုင်)၀၁၂၃၉၈] အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဦးထွန်းမြင့်[၁၂/လသန(ဧည့်)၀၀၀၈၉၀]ထံမှ အထက်ဖော်ပြပါ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဝေ (စဉ်-၇၁၂၄)
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ရေကြည်တစ်ပေါက်ပရဟိတနှင့် လူမှုရေးအသင်းဝင်များနှင့် အများသိစေရန် သတိပေးကြေညာခြင်း

ရေကြည်တစ်ပေါက် ပရဟိတနှင့် လူမှုရေးအသင်းကို အသင်းဝင်တစ်ဦးလျှင် တစ်လတစ်ထောင်နှုန်းဖြင့် ထည့်ဝင်ပြီး ကျန်းမာရေး၊ ဘာသာရေး၊ ပညာရေးနှင့် နာရေးကိစ္စများကို အလျဉ်းသင့်သလို ကူညီဆောင်ရွက်ပေးပြီး အသင်း၏တည်နေရာမှာ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးဘေးရှိ ဆရာတော်ကြီးကျောင်းတိုက်တွင် ယာယီဖွင့်လှစ်တည်ထောင်ထားပါသည်။ ထိုအသင်းကြီး၏အမည်ဖြင့် အသင်းခွဲများ၊ အသင်း၏ လက်အောက်ခံအသင်းအဖွဲ့ငယ်များကို မည်သည့်နေရာတွင်မှ မထားရှိပါ။ ထိုအသင်းကြီး၏ အမည်ခံပြီး ငွေကြေးများကောက်ခံပြီး အသင်းကြီးသို့ လာရောက်အပ်နှံမှုမရှိသော ငွေကြေးဆိုင်ရာကိစ္စရပ်များကို အသင်းကြီးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်သလို ရေကြည်တစ်ပေါက်အသင်း၏ အမည်ကို အလွဲသုံးစားပြုလုပ်ပြီး ငွေကြေးများ ကောက်ခံခြင်း၊ အသင်း၏အမည်ဖြင့် အသင်းခွဲများစီမံခြင်း၊ ဖွင့်လှစ်ခြင်း၊ အသင်း၏ လက်အောက်ခံအမည်တပ်ပြီး အသင်းအဖွဲ့ငယ်တည်ထောင်ခြင်းတို့အား မပြုလုပ်ကြပါရန်နှင့် ထိုကဲ့သို့သောကိစ္စရပ်များကို ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြော်ငြာအပ်ပါသည်။

ရေကြည်တစ်ပေါက် ပရဟိတနှင့် လူမှုရေးအဖွဲ့၏အီးစီအဖွဲ့၏တင်ပြလွှဲအပ်ချက်အရ-
ဒေါ်ရင်ရင်စန်း
(LL.B) အထက်တန်းရှေ့နေ (စဉ်-၂၂၅၈၂)
ဥပဒေအကြံပေး

၂၉-၅-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာပါ ဦးအောင်အောင်လွင်မိုး၏ ရှေ့နေကြေညာချက်အပေါ်ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မင်းအောင်[၁၂/မဂတ(နိုင်)၀၂၈၁၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ ဤကြေညာချက်အား အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၆၅/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ အကျယ်အဝန်း ပေ(၂၀×၆၀)မြေတိုင်းအမှတ် (၆)ရပ်ကွက်၊ အင်းဝ(၃)လမ်းရှိ မြေကွက်နှင့် ဆောက်လုပ်ထားသည့်အိမ်မှာ ဒေါ်ယဉ်မင်းအောင် အမည်ပေါက် အိမ်ခြံမြေဖြစ်ပါသည်။ လူကြီးမင်းတို့သတင်းစာကြေညာပါ ဒေါ်ယဉ်မင်းအောင်အား မိခင်ဖြစ်သူ ဒေါ်ခင်ခင်ယုမှ ပေးကမ်းခဲ့သည့် ပေးကမ်းစာချုပ်အမှတ်(၅၂၀/၂၀၁၁)မှာ မူလကတည်းက ပျက်ပြယ်ကြောင်း ကြေညာချက်မှာ ဥပဒေဘောင်အတွင်းမှ ကြေညာခြင်းမဟုတ်ပါ။ ဦးအောင်အောင်လွင်မိုးနှင့် ရှေ့နေတို့မှ အပေးစာချုပ်အမှတ်(၅၂၀/၂၀၁၁)ဖော်ပြထားခြင်းမှာလည်း မှားယွင်းစွာဖော်ပြထားခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)ရပ်ကွက်၊ အင်းဝ(၃)လမ်း၊ အကျယ်အဝန်း ပေ(၂၀×၆၀)၊ ဧရိယာစတုရန်းပေ (၁၂၀၀)၊ အမှတ်(၂၆၅/ခ)ရှိ အိမ်ခြံမြေဂရန်အမည်ပေါက်မှာ ဒေါ်ခင်သန်းအမည်ပေါက်သာ ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ၃-၁၀-၂၀၁၁ ရက်စွဲတွင် မြန်မာ့အလင်းသတင်းစာ၌ပင် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်ခင်သန်းအမည်မှ ဒေါ်ယဉ်မင်းအောင် အမည်ပြောင်းလဲရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ကန့်ကွက်လိုကခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာခဲ့သော်လည်း ဦးအောင်အောင်လွင်မိုးမှ ပြန်လည်ကန့်ကွက် ကြေညာခဲ့ခြင်းမရှိပါ။ ဒေါ်ခင်သန်းအမည်ပေါက် နှစ်(၆၀)ဂရန်ကို ဒေါ်ယဉ်မင်းအောင်အမည်ပြောင်းလဲထားခြင်းဖြစ်၍ ဒေါ်ယဉ်မင်းအောင်မှာ ဂရန်အမည်ပေါက် ပိုင်ဆိုင်သောကြောင့် မည်သူ့ကိုမဆို အထက်ဖော်ပြပါ အိမ်ခြံမြေအား တရားဝင်ရောင်းချပိုင်ခွင့်ရှိပါသည်။

ဦးအောင်အောင်လွင်မိုး၏ ကြေညာချက်များသည် အဖြစ်မှန်အတိုင်း အတိအကျကြေညာခြင်းမဟုတ်ဘဲ မမှန်မကန်ကြေညာခြင်းဖြစ်သည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ လူကြီးမင်းတို့၏ကြေညာချက်ကို လုံးဝလက်မခံသည့်အပြင် လူကြီးမင်းတို့မှ ထပ်မံကြေညာပါကလည်း ကျွန်ုပ်မိတ်ဆွေမှာ ပြန်လည်ကြေညာပေးတော့မည်မဟုတ်ပါကြောင်းနှင့် မဟုတ်မမှန် ဆက်လက်၍ ထပ်မံကြော်ငြာပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လူကြီးမင်းတို့မှ တရားမမှုစွဲဆိုဆောင်ရွက်သွားမည်ဟု ကြေညာချက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှလည်း ဥပဒေဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်အောင်လွင်မိုးနှင့် အများသိစေရန် ထပ်မံထပ်ဆင့်၍ ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ယဉ်မင်းအောင်	**ဒေါ်ဥမ္မာအောင် / ဒေါ်သန္တာဦး**
[၁၂/မဂတ(နိုင်)၀၂၈၁၈၈]	**(စဉ်-၈၂၅၁) / (စဉ်-၃၁၈၆၂)**

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(၈၄/က)၊ ဒေါ်စန္ဒီအေး(စဉ်-၄၀၉၄၈)
တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ အထက်တန်းရှေ့နေ
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၇၅၆၁၅၊ ၀၁-၈၅၀၀၂၉၅၊ ၀၉-၉၁၀၁၈၄၀၉၊ ၀၉-၂၅၆၂၉၆၉၅၉၊ ၀၉-၃၁၃၁၄၉၄၆

ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၁)နေ ဒေါ်အေးစန္ဒာဝင်း[၁၂/သလန(နိုင်)၀၈၃၁၀၇]ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးစန္ဒာဝင်း[၁၂/သလန(နိုင်)၀၈၃၁၀၇](ဘ)ဦးနေဝင်းနှင့် ဦးသူရကိုကို[၁၂/သလန(နိုင်)၁၀၉၈၁၉](ဘ)ဦးကျော်ငွေးတို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၂၉-၅-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးစန္ဒာဝင်းနှင့် ဦးသူရကိုကိုသည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းလှိုင် B.Sc,R.L(စဉ်-၇၁၇၃)
တရားလွှတ်တော်ရှေ့နေ
Law Firm
ရုံးခန်းတာဝန်ခံဆက်သွယ်ရန်လိပ်စာ
ဦးဟာဆန် LL.B,Dip in PP
Legal Advicer & Consultant
ဥပဒေအတိုင်ပင်ခံအကြံပေး
အမှတ်(၁၄)၊ ပန်းတိမ်တန်းလမ်း၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့
ဖုန်း-၀၉-၇၃၂၁၁၅၉၁၊ ၀၉-၄၅၀၀၃၆၂၄၀

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၁၀၆/A)(၃)လွှာနှင့်(၆)လွှာတိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်း(၂)ခန်းအား (၁)ဦးကျော်လင်းဇော်၊ (၂)ဒေါ်တင်နွယ်အေး၊ (၃)ဦးသုတဇော်တို့၏မိခင် ဒေါ်ခင်ငြိမ်း [၁၂/ဗဟန(နိုင်)၀၂၃၁၅၁]မှ ပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမရှိပါ။ ထို့ပြင် အမှတ်(၁၀၆/A)(၃)လွှာတွင် အသက်အရွယ်ကြီးရင့်သူ မိခင်နှင့်တကွ သားသမီးအားလုံး တရားဝင်လက်ရှိထားနေထိုင်ကြပြီး အမှတ်(၁၀၆/A)၊ ၆လွှာတိုက်ခန်းအား မိခင်မှ အငှားချထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းများနှင့်ပတ်သက်၍ မိသားစုဝင်အားလုံး၏ တရားဝင်ခွင့်ပြုချက်မရဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း စသောတစ်နည်းနည်း လွှဲပြောင်းခြင်း မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်လင်းဇော်၊ ဒေါ်တင်နွယ်အေး၊ ဦးသုတဇော်
အမှတ်(၁၀၆/A)၊ (၃)လွှာ၊ နန္ဒဝန်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်

99 အချိုမုန့်

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို
အရသာထူးကဲစေမည့် 99 အချိုမှုန့်

ငွေသားဖြင့် ကံစမ်းမဲချီးမြှင့်ပေးပါမည်

ပထမဆု	-	၁၀၀၀၀၀၀၀	(သိန်းတစ်ရာ)
ဒုတိယဆု	-	၅၀၀၀၀၀	(ငါးသိန်း)
တတိယဆု	-	၃၀၀၀၀၀	(သုံးသိန်း)
အထူးဆု	- (ဆုမဲပေါင်းများစွာ) တစ်ဆုလျှင်	၁၀၀၀၀၀	(တစ်သိန်း)

❖ ငွေသားကံစမ်းမဲများကို သတင်းစာတွင် ကြေငြာပေးပါမည်။

အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် - စဉ/ ၁၃၀၂၂ / ထလ

ကိုယ်စားလှယ်ယူလိုသူများနှင့် ရောင်းချလိုသူများ
လာရောက်ဆက်သွယ် ဆွေးနွေးနိုင်ပါသည်။

ပင်ရင်းဌာန / ဖြန့်ချိရေးဌာန - အမှတ် (၉၃ / ၉၉)၊ ၂၂-လမ်း၊
အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ် - 01-382333, 01-384632, 09 730 48157,
09-250065716, 250065717, 250065719

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

(က)	ဥတ္တရခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး ပေ(၆၀×၄၀×၁၂) သံကူကွန်ကရစ် (ရေ၊ မီး၊ မိလ္လာအပါအဝင်)	(၁)လုံး
(ခ)	ဒက္ခိဏခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး ပေ(၆၀×၄၀×၁၂) သံကူကွန်ကရစ် (ရေ၊ မီး၊ မိလ္လာအပါအဝင်)	(၁)လုံး
(ဂ)	ဇမ္ဗူသီရိမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး ပေ(၄၀×၃၀×၁၂) သံကူကွန်ကရစ် (ရေ၊ မီး၊ မိလ္လာအပါအဝင်)	(၁)လုံး
(ဃ)	ပုဗ္ဗသီရိမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး ပေ(၄၀×၃၀×၁၂) သံကူကွန်ကရစ် (ရေ၊ မီး၊ မိလ္လာအပါအဝင်)	(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၆-၆-၂၀၁၄ ရက်မှစ၍ နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၊ ရေဆင်း၌ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ၂၀-၆-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါကနေပြည်တော်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၊ ရေဆင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ဖုန်းနံပါတ် ၀၉၄၂၀၇၁၇၃၇၀၊ ၀၉-၄၂၀၇၀၇၈၈၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မဇင်-ငပလီ-မြပြင်-လုံးသာလမ်း၊ ရန်ကုန်-စစ်တွေလမ်း၊(စစ်တွေအပိုင်း)နှင့်သံတွဲ-ငပလီလမ်း စသည့်လမ်းများ အဆင့်မြှင့်တင် တည်ဆောက်ခြင်းတို့အတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းတစ်လမ်းစီအတွက် လိုအပ်သော လမ်းခင်းပစ္စည်းကျောက်အရွယ်မျိုးစုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့၊ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ၅-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ (က) တင်ဒါလျှောက်လွှာပိတ်ရက်	-	၁၁-၆-၂၀၁၄ရက်၊ ၁၆း၃၀နာရီ
(ခ) တင်ဒါဖွင့်မည့်ရက်	-	၁၃-၆-၂၀၁၄ရက်၊ ၁၀း၀၀နာရီ
(ဂ) တင်ဒါဖွင့်မည့်နေရာ	-	အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၈၁၀၀၁၄၆၊
၀၉-၂၅၀၉၀၂၀၀၄

နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာ
(၆-၆-၆၄ မှ ၆-၆-၂၀၁၄)

ဖေဖေ **ဦးတင်မောင်အေး**(B.A,B.L) Advocate [ညွှန်ကြားရေးမှူး(ငြိမ်း)ရှေ့နေချုပ်ရုံး]နှင့် မေမေ**ဒေါ်ခင်သန်းမြင့်**(B.A,BEd အထက(၂)ရန်ကင်း၊ ငြိမ်း)တို့၏ ၆-၆-၂၀၁၄ ရက်တွင် ကျရောက်သောနှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်စွာဖြင့် အမျိုးဘာသာ၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုး စောင့်ရှောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး	-	မသက်နွယ်အေး(S'pore) ကိုအောင်ထွန်းလင်း Section Manager,Kappel Ship Yard, S'pore
သားလတ်	-	ကိုရဲနိုင်အေး (Second Mate(F.G) မမူမူအောင်(မန်နေဂျာ၊ ကမ္ဘောဇဘဏ်)
သမီးငယ်	-	မခိုင်နွယ်အေး (Accountant GMA AirLine)
မြေးများ	-	အေးအေးမွန်(အေးမွန်) Junior College 2, Raffles Girls' Schoool, S'pore သက်ဟေသီထွန်း(စုမွန်) Secondary 3, Raffles Girls' School, S'pore

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V SPRING WIND V.22 သင်္ဘောသည် ၈-၆-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်- -၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(၁/၂၀၁၄)ကြိမ်မြောက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းအဟောင်းများအား သာကေတကမ်းလွန်အခြေစိုက်စခန်းနှင့် မန်း/ထောက်ရှာပင်ရေနံမြေတို့တွင် ပစ္စည်းအစုအပုံ(LOT) အလိုက်ခွဲခြား သတ်မှတ်ထားရှိပြီး မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

(က) သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း

ပစ္စည်းအစုအပုံ(LOT)	ပစ္စည်းအမျိုးအမည်
(၁)	ကွန်ပျူတာနှင့်ဆက်စပ်လျှပ်စစ်ပစ္စည်းများ(၄၅)မျိုး
(၂)	အဲယားကွန်းနှင့်အိမ်သုံးလျှပ်စစ်ပစ္စည်းများ(၂၉)မျိုး
(၃)	ဘက်ထရီအိုးအဟောင်း(၁၀၆၂)လုံး၊ စက်ဘီးအပျက် (၁၂)စီးနှင့် ယာဉ်အပိုပစ္စည်း (၂၀)တန်ခန့်
(၄)	တာယာဆိုဒ်စုံအဟောင်း(၄၆၄၅)လုံး (ဈ. ၂၅ အထက် တာယာ ၂၅၆၈လုံးနှင့် ဈ. ၂၅အောက်တာယာ ၂၀၇၇လုံး)

မှတ်ချက်။ ပစ္စည်းအစုအပုံ(၄)အတွက် တာယာဆိုဒ်စုံ အပုံ(၄)ခုခွဲ၍ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(ခ)မန်း/ထောက်ရှာပင်ရေနံမြေ

ပစ္စည်းအစုအပုံ(LOT)	ပစ္စည်းအမျိုးအမည်
(၁)	ဘက်ထရီအိုးအဟောင်း(၈၄၆)လုံး
(၂)	တာယာဆိုဒ်စုံအဟောင်း(၂၄၅၁)လုံး (ဈ. ၂၅ အထက် တာယာ၁၈၃၇လုံးနှင့် ဈ. ၂၅အောက်တာယာ ၆၁၄လုံး)

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်ဈေးနှုန်း တင်သွင်းလွှာ ပုံစံရောင်းချမည့်နေ့နှင့် ပစ္စည်းများ ကြည့်ရှုခွင့်ပြုမည့်နေ့	-	၆-၆-၂၀၁၄ရက်မှ ၂၅-၆-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)
၃။ အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာ နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်	-	၂၆-၆-၂၀၁၄ရက် ၁၂း၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်	-	၂၆-၆-၂၀၁၄ရက် ၁၃း၀၀နာရီ
၅။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်ဈေးနှုန်း တင်သွင်းလွှာပုံစံရောင်းချမည့်နေရာ	-	(၁) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
	-	(၂) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အမှတ်(၄၇)၊ ကမ္ဘာအေးစေတီလမ်း၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊ ရန်ကုန်မြို့
	-	(၃) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း၊ ရန်ကုန်မြို့
	-	(၄) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်း/ထောက်ရှာပင်ရေနံမြေ၊ မင်းဘူးမြို့

(တင်ဒါပုံစံတစ်စောင်လျှင် ကျပ်-၅၀၀၀နှုန်းဖြင့်ရောင်းချပါမည်)

၆။ တင်ဒါတင်သွင်းရမည့်နေရာ	-	မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
၇။ ပစ္စည်းဟောင်းများကြည့်ရှုရမည့်နေရာ	-	မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန်အခြေစိုက်စခန်း၊ ရန်ကုန်မြို့နှင့် မန်း/ထောက်ရှာပင်ရေနံမြေ၊ မင်းဘူးမြို့

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၀၆၇-၄၁၁၃၄၄(နေပြည်တော်)
၀၆၇-၄၁၁၀၉၇(နေပြည်တော်)
၀၁-၅၄၂၇၃၂(ရန်ကုန်မြို့)
၀၁-၅၅၆၂၀၇(ရန်ကုန်မြို့)
၀၆၅-၃၀၀၉၁(မန်း/ထောက်ရှာပင်)
၀၆၅-၂၁၀၀၉(မန်း/ထောက်ရှာပင်)

ဈေးပြိုင်စနစ်ဖြင့်လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)၊ အိမ်အမှတ်(၁၀၃/၂)တွင် နေထိုင်လျက်ရှိသော မမိုးမိုးမြင့်[၁၂/ပဇတ(နိုင်)၀၀၁၁၄၄] သိစေရန်

ကျွန်ုပ်၏ဖခင်ဖြစ်သူ ဦးလှမြင့်(အငြိမ်းစားဗိုလ်မှူး)သည် ရန်ကုန်စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ B.Sc (Engg:) ရရှိထားသူတစ်ဦးဖြစ်ပြီး စစ်မြေပြင်အင်ဂျင်နီယာတပ်(GE)တွင် ဗိုလ်၊ ဗိုလ်ကြီး၊ ဗိုလ်မှူးရာထူး အဆင့်ဆင့်ဖြင့် တပ်ဆွယ်မှူး၊ တပ်ခွဲမှူး စသည်ဖြင့်ပြင်ဦးလွင်၊ မော်လမြိုင်၊ ရွှေညောင်စသည့်မြို့များတွင် တပ်မှူးတာဝန်များကိုလည်းကောင်း၊ ထို့နောက် အမှတ်(၁)၊ စက်မှုဝန်ကြီးဌာန၊ ပြုပြင်ထိန်းသိမ်းရေးစက်ရုံနှင့် ရွာမသံမဏိစက်ရုံတွင်တို့တွင် စက်ရုံမှူးအဖြစ်လည်းကောင်း၊ ဝန်ထမ်းလုပ်သက်စုစုပေါင်း (၃၈)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးလှမြင့်၏ဖခင် ဦးဘတင်သည် မင်းတိုင်ပင်အမတ်(Member of Partiament)ဖြစ်ပြီး မိခင်ဒေါ်လှရီသည် မြို့မကျောင်းမှ ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

ဖခင်ဖြစ်သူဦးလှမြင့်သည် မိခင်ဖြစ်သူ ဒေါ်ခင်ခင်စိုးနှင့်လက်ထပ်ပြီးနောက် မိခင်ဘက်မှဆွေမျိုးများကို ကျွေးမွေးစောင့်ရှောက်ခဲ့ရပါသည်။ ယခုအခါ မိဘနှစ်ပါးတို့ကွယ်လွန်သွားချိန်တွင် ဒေါ်ခင်ခင်စိုး၏မိခင် ဒေါ်သောင်းရွှေအမည်ခံ၍ဦးလှမြင့်နှင့် ဒေါ်ခင်ခင်စိုးတို့ပိုင်ဆိုင်သော(ငွေဖြင့်ဝယ်ယူထားသော)ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ လမ်း(၅၀)၊ အလယ်လမ်း၊ အိမ်အမှတ်(၁၀၃၊ ၁၀၅)၊ မြေကွက်အမှတ်(၁၀၃၊ ၁၀၅)ပေါ်ရှိ တိုက်ခန်းများနှင့် မိဘနှစ်ပါးလက်ထပ်ပွား လက်ဝတ်လက်စားများကို သားသမီး(၂)ဦးဖြစ်သော ဦးကျော်စိုးသိန်းနှင့် မမိုးမိုးမြင့်တို့မှ အမွေခွဲဝေရယူရန် ပေါ်ပေါက်ခဲ့ပါသည်။

သို့ရာတွင် ဒေါ်သောင်းရွှေအမည်ခံ၍ ဝယ်ယူခဲ့သောဖော်ပြပါမြေကွက်နှင့် မူလအိမ်ဟောင်းကိုဝယ်ယူ၍ မှတ်ပုံတင်စာချုပ် ဒေါ်သောင်းရွှေမှ ဒေါ်ခင်ခင်စိုးအားမေတ္တာဖြင့် ပြန်လည်ပေးအပ်၍ ကျန်မောင်နှမများက သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့်စာချုပ်နှင့် လက်ဝတ်လက်စားများသည် မမိုးမိုးမြင့်၏လက်ဝယ်တွင် ရှိနေမှုကို အခွင့်ကောင်းယူ၍ မမိုးမိုးမြင့်သည် တစ်ဦးတည်းရယူပိုင်ဆိုင်လိုသည့်လောဘဖြင့် မောင်နှမအရင်းတော်စပ်မှုကို လျစ်လျူရှုကာ မိဘနှစ်ပါးကိုပင် ပဋ္ဌနန္တရိယကံထိုက်မည်ကိုပင် မကြောက်ဘဲ ကန်ထရိုက်အဆောက်အအုံမှ ခေါင်းရင်းဘက်ခြမ်း မြေညီထပ်မှ တတိယထပ်အထိ တိုက်ခန်း(၄)ခန်းနှင့်မြေကွက်များသည် ဒေါ်သောင်းရွှေပိုင်ဆိုင်ကြောင်း၊ မိဘနှစ်ပါးမှာ မည်သည့်ပိုင်ဆိုင်မှုမျှမရှိကြောင်း၊ မိဘနှစ်ပါးကွယ်လွန်ချိန်၌ လက်ဝတ်လက်စားအနည်းငယ်မျှသာကျန်ခဲ့ကြောင်း၊ ရှေ့နေမှ တစ်ဆင့်တရားဝင်ပြန်ကြားလာပါသည်။ ကျွန်ုပ်၏ဖခင်ဦးလှမြင့်သည် အရာရှိမိဘနှစ်ပါးမှ မွေးဖွားလာခဲ့ပြီး ဦးလှမြင့်ကိုယ်တိုင်ပင်အရာရှိကြီးဘဝဖြင့် အလုပ်လုပ်ကိုင်ခဲ့သော်လည်း သမီးဖြစ်သူ မမိုးမိုးမြင့်သည် လောဘစိတ်ဖြင့် မိဘနှစ်ပါးအား ယောက္ခမအိမ်တွင် ခိုကပ်နေရသူဘဝဖြစ်အောင် ဖော်ပြ၍ မိဘနှစ်ပါးကိုစော်ကားသောသဘော သက်ရောက်သည့်စာ ပြန်ကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ မိဘနှစ်ပါးအားစော်ကားခဲ့သူ မမိုးမိုးမြင့်အားလည်းကောင်း၊ မြေကွက်နှင့်တိုက်ခန်းများကို မိဘနှစ်ပါးပိုင်ဆိုင်ခဲ့သည်ကိုသိလျက်နှင့် ကျွေးမွေးစောင့်ရှောက်ခဲ့သည့်မျက်နှာကိုမထောက်ဘဲ မောင်နှမ(၂)ဦးကြား ပြေပြေလည်လည် ညှိနှိုင်းခွဲဝေရမည့်ကိစ္စကို မှန်ကန်စွာ ရပ်တည်ဖြေရှင်းခြင်းမရှိသည့်အပြင် ပါဝင်ပတ်သက်ပိုင်ဆိုင်လို၍ အားပေးအားမြှောက်ပြုနေသော အဒေါ်နှင့်ဦးလေးတော်စပ်ခဲ့သူ ဒေါ်လှလှဝင်း၊ ဦးကျော်ညွှန့်၊ ညီမ မမိုးမိုးမြင့်တို့၏ မမှန်မကန်သောလုပ်ရပ်များကို ရပ်တန်းမှရပ်ရန်နှင့် သက်ဆိုင်ရာတို့သို့အသိပေးတိုင်ကြားပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာပါသည်။

ကျော်စိုးသိန်း[၁၂/ပဇတ(နိုင်)၀၁၂၈၁၂]
၁၀၃/၃၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၉-၂၅၀၁၀၇၄၆၅

M3 HOTEL
မိုးရာသီအထူး Promotion 25% OFF
From (1-5-2014) To (31-8-2014)

လင်းနို့ချေး၊ ဖယောင်းပျက်နှင့်သံထည်ပစ္စည်းအဟောင်းများ ရောင်းချရန်ကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် လင်းနို့ချေးပိဿာ(၂၀၀၀)ခန့်၊ ဖယောင်းပျက်ပိဿာ (၅၈၀၀)ခန့်နှင့် အသုံးပြုပြီး သံထည်ပစ္စည်းအဟောင်းများ (သွပ်တိုသွပ်စ၊ သံတိုသံစများ၊ အမိုးသွပ်ပြားဟောင်းများ၊ ရေတိုင်ကီအဟောင်းများ)အား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ ဗဟိုသိုလှောင်ဌာန၌ ဝယ်ယူပြီး ၁၈-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၀၀နာရီနောက်ဆုံးထား၍ အဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး၊ ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ဝန်ထမ်းအလိုရှိသည်

၁။ Marketing Manager — အမျိုးသား (၁) ဦး

၂။ General Manager — အမျိုးသား (၁) ဦး

ပျောက်ဆုံး

ကျွန်မ ဒေါ်မူမူမြင့်[၁၂/လမတ(နိုင်)၀၀၂၁၃၆]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၆၈၂၀၂၂

ပျောက်ဆုံး

ကျွန်တော် ဦးဇော်ဝင်းအောင်၏ C.D.C No.14994, S.I.D စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၇၀၂၀၄

ရွှေပညာကို ဆရာစားမချန်ဘဲ ရွှေဆိုင်ဖွင့်နိုင်အောင်၊ ရွှေသန့်စင်လုပ်ငန်းတည်ထောင်နိုင်အောင်၊ ရွှေချစ်သူများ ရွှေဝယ်ယူဝတ်ဆင်ရာမှာ အလိမ်အညာမခံရဘဲ ရွှေရည်ပြည့်မှန်တဲ့ ရွှေကောင်းရွှေမှန်များကို ခွဲခြားသိရှိနားလည်အောင် စီးပွားရေးလူမှုရေးများ အမြင်ကျယ်အောင် အခမဲ့ရွှေပညာသင်တန်းများ ဖွင့်လှစ်ပေးတဲ့ အောင်သမာဓိရွှေဆိုင်နဲ့ရွှေသန့်စင်လုပ်ငန်းရဲ့ ထုတ်ကုန်၊ စီမံခန့်ခွဲမှုကို နိုင်ငံတကာအဆင့်အရည်အသွေးကောင်း အသိအမှတ်ပြု ISO 9001:2008 လက်မှတ်ချီးမြှင့်ခံရတဲ့အတွက် မန္တလေး၊ရန်ကုန်မြို့များတွင် ဖွင့်လှစ်ခဲ့တဲ့ အောင်သမာဓိ ရွှေပညာအခမဲ့သင်တန်းသားများက အောင်သမာဓိမိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကြရပါတယ်။

အောင်သမာဓိရွှေပညာ အခမဲ့သင်တန်းသားသင်တန်းသူများ

(အမှတ်စဉ်(၁) မှ (၁၅) မန္တလေးရန်ကုန်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရပ်ကွက်အမှတ်(၄၅)၊ ကြေးတိုင်လမ်း၊ မြေကွက်အမှတ်(၂၀)၊ အလျားပေ ၆၀×အနံ ပေ၄၀= ၂၄၀၀ စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် ဒေါ်သီသီရှိန် (S/OKA 083561)ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးမင်းဆွေ[၇/ဝမန(နိုင်)၀၈၆၃၂၁]က ၎င်းလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြီး မြေငှားဂရန်မိတ္တူမှန်ဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤရောင်းဝယ်မှုကို ကန့်ကွက်လိုသူက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းဝယ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်ဇော်အောင်(LL.B,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၁၀၀၉၀)
ဖုန်း ၀၉-၇၃၁၉၇၂၇၄

ဦးဇော်မင်းအောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၁၇၅၁၀)
ဖုန်း-၀၉-၁၁၆၉၁၈၁

ဦးဘိုမင်းဖြူ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၅၇)
ဖုန်း-၀၉-၅၂၁၄၀၂၄

အမှတ် (၈၃/၁၀၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ ဦးကြည်ရွှင် [၉/မနတ(နိုင်)၀၅၁၇၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်ရွှင်နှင့် လက်ထောက်ကထိက ဒေါက်တာ ဒေါ်စန်းယုဝင်း (B.A,M.A,Ph.D)(ပြင်ဦးလွင်မြို့၊ တပ်မတော် နည်းပညာတက္ကသိုလ်၊ ဘာသာဗေဒဌာန)တို့သည် ၂၈-၅-၂၀၁၄ရက်တွင် မန္တလေးခရိုင်တရားရုံး၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ဦးကြည်ရွှင်နှင့် ဒေါက်တာ ဒေါ်စန်းယုဝင်းတို့သည် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကြည်ရွှင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ဝင်းအောင်(LL.B)

အထက်တန်းရှေ့နေ

အမှတ်တ-၁/၁၁၆၊ တိုး၃၂(၁)၊ မှန်တန်းရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။

စိန်ရွှေရတနာဆိုင်

စိန်ကောင်းချင်လိုပါ

• Same Cutting Standard Brilliant Cut (Cutting) Cutting
• Same Colour (D,E,F Colour)
• Same Purity (IF, VVS, Quality) VS Quality Spot

MCC Training Institute

edexcel Approved Centre

B.Tech

BTEC

▸ HND Diploma in Civil Engineering
▸ HND Diploma in Mechanical Engineering
▸ HND Diploma in Electrical and Electronic Engineering

HND Diploma Middlesex University (UK)

Central Equiry & Registration: Yangon Campus - 245762, 246634, 395512, 249152, 2304156

Yangon Campus, Mandalay Campus, Yatanarpon Campus, Naypyitaw Campus

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြေကွက်ဝယ်လိုသည်

09 31268183
09 31589922

City&Guilds(UK)

- Civil (Construction)
- Mechatronic
- Mechanical&Electrical
- Electrical Power
- Mechanical
- Electronic
- Electrical Installation
- Air-con & Refri;
- Plumbing
- IT System Support (IT)
- Software Developer (IT)

20 % Discount

Wifi Free

TECH Training Centre

APS

ပျော်ရွှင်စရာရုပ်ပုံအဘိဓာန်

အများသုံးအင်္ဂလိပ်စကားပြော

CityMart, Ocean, TimBook Center